ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ 21, Sunday August 2016 (၈၆၆၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရှီအန်းမြို့သို့ ရောက်ရှိ ချင်ရှီယွမ်းရှင်ဘုရင် စစ်သည်တော်မြင်းရုပ်တုကို ကြည့်ရှုလေ့လာပြီး ကောင်စစ်ဝန်ရုံးဖွင့်လှစ်နိုင်ရေး ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်ရှီယွမ်းရှင်ဘုရင် စစ်သည်တော်မြင်းရုပ်တုများမှ စစ်ရထားရုပ်တုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရှီအန်း ဩဂုတ် ၂၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရှန်ရှီးပြည်နယ် ရှီအန်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရှီအန်းလေဆိပ်မှ ချင်ရှီယွမ်း ရှင်ဘုရင်စစ်သည်တော်မြင်းရုပ်တု (Qin Terra Cotta Warriors and Horses)သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ချင်ရှီယွမ်းရှင်ဘုရင် စစ်သည်တော်မြင်းရုပ်တုများကို တရုတ်ပြည်၏ ပထမဆုံးဘုရင် ချင်ရှီယွမ်း အသက်(၁၃)နှစ် ဘီစီ ၂၄၆ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး ၁၁ နှစ်ကြာပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါရုပ်တုများကို ၁၉၇၄ ခုနှစ်တွင် ရှီအန်းမြို့ လင်ထုံမြို့နယ်မှ လယ်သမားများက ရှာဖွေတွေ့ရှိခဲ့ပြီး ရုပ်တုများတွင် စစ်သည်တော်များ၊ မြင်းရုပ်များနှင့် စစ်ရထားများ ပါဝင်သည်။

၂၀၀၇ ခုနှစ်အထိ တူးဖော်တွေ့ရှိခဲ့သည့် အဓိကမြေအောက်ကျင်းကြီးသုံးခုတွင် စစ်သည်ရုပ်တုပေါင်း ၈၀၀၀ ခန့်၊ စစ်ရထားရုပ် ၁၃၀ ခန့်၊ မြင်းရုပ် ၅၂၀ ခန့်နှင့် မြင်းစစ်သည်ရုပ် ၁၅၀ ခန့်ကို တွေ့ရှိခဲ့သည်။ ယူနက်စကိုမှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ၁၉၈၇ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဆိုဖီတယ်ဟိုတယ်( Sofitel Legand People's Grand)သို့ ရောက်ရှိကြသည်။

မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Hu Heping တို့သည် ဆိုဖီတယ်ဟိုတယ်၌ တွေ့ဆုံပြီး **ရှန်ရှီးပြည်နယ် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ရှန်ရှီးပြည်နယ် ရှီအန်းမြို့နှင့် မြန်မာနိုင်ငံရှိ မြို့တစ်မြို့တို့အား Sister City ညီအစ်မမြို့တော်ထူထောင်၍ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး၊ ရှန်ရှီးပြည်နယ်တွင် တက္ကသိုလ် ၁၀၀ နှင့်** စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱



ကြေးမုံ

# မိတ်ဝတ်မပျက် မိမိနိုင်ငံအကျိုးစီးပွားကို မျှတအောင်ဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိ တရားဝင်ခရီးသွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းနှင့် တရုတ်နိုင်ငံအစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုများတွင် နှစ်နိုင်ငံအစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုကို အနာဂတ်ကာလတွင် ဆက်လက်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး တိုးတက်စေရေးတို့အပေါ် အလေးအနက်ထား အမြင်ချင်းဖလှယ်ခဲ့ကြပြီး အရေးပါသောတူညီသည့်ဆန္ဒများကို ချမှတ်နိုင်ခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အရပ်သားအစိုးရ နိုင်ငံ့တာဝန်ယူပြီးနောက်ပိုင်း အာဆီယံနိုင်ငံများသို့သွားရောက်ခဲ့ပြီးနောက် ပြည်ပအင်အားကြီးနိုင်ငံတစ်နိုင်ငံသို့ ပထမဆုံးသွားရောက်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။ ခရီးစဉ်တွင် ပြည်သူများ၏မျှော်လင့်ချက်များကို အကောင်းဆုံးဖော်ဆောင်ခဲ့ပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် အပေါင်းလက္ခဏာဆောင်သော ဆောင်ရွက်ချက်များကိုလုပ်ဆောင်နိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း မိုင်ပေါင်းထောင်ချီ ဆက်စပ်နေပြီး မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်၊ အဓိကရင်းနှီးမြှုပ်နှံသူနှင့် အကူအညီအထောက်အပံ့များကို အဓိကပေးနေသော နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်သည်။ ပထဝီအနေအထားအရ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်လည်း နှစ်နိုင်ငံအကျိုးစီးပွားအတွက် အထောက်အကူရှိသောနိုင်ငံဖြစ်သည်။ မျက်မှောက်ကာလတွင် တရုတ်နိုင်ငံနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိပြည်သူများကြားတွင် ယုံကြည်မှုနှင့်မျှော်လင့်ချက်များ မြင့်မားနေသောအချိန်ဖြစ်သည်။ ထိုအချိန်ကာလတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်နိုင်ငံ၏ခေါင်းဆောင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးစီးပွားကို ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အမြော်အမြင်ရှိရှိဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားအတွက် ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အစွမ်းကုန်အကူအညီပေးရေး၊ လူနေမှုအဆင့်အတန်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ပံ့ပိုးကူညီပေးရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်၊ ဘဏ္ဍာရေး အစရှိသည့်ကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ညီတူညီမျှဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို နှစ်နိုင်ငံလက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း ထုတ်ဖော်ခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အခွင့်အရေးဖြစ်သလို သတိပြုရမည့်အချက်များလည်း ရှိမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံဖြစ်၍ မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့သည် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများဖြစ်၍ အလေးအနက်ထားဆောင်ရွက်ရမည် ဖြစ်သည်။ နိုင်ငံအများအနေဖြင့် နိုင်ငံတစ်နိုင်ငံနှင့်ဆက်ဆံရာတွင် ထိုနိုင်ငံကို အထူးပြုလေ့လာစောင့်ကြည့် ဆက်ဆံပြီးမှ အဆုံးအဖြတ်ပြုကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ထိုသို့သောတည်ဆောက်မှုမျိုးမရှိသေးပေ။ စီးပွားရေးနှင့်ကုန်သွယ်မှုတွင် တရုတ်နိုင်ငံနှင့်သာ အများဆုံးအမှီပြုနေရသေးသည်။ တရုတ်နိုင်ငံမှ ကုန်ချောများကို မှီခိုနေရပြီး မြန်မာနိုင်ငံ၏ပို့ကုန်များအားကုန်ချောထုတ်လုပ်တင်ပို့နိုင်ခြင်း မရှိသေးချေ။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲတိုးတက်ရေးဆောင်ရွက်ရာတွင် အနီးကပ်ဆုံးအတုယူ အလေးထားဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင်နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် လိမ္မာပါးနပ်စွာပေါင်းသင်းဆက်ဆံခြင်းဖြင့် နှစ်ဖက်အကျိုးစီးပွားမပျက်အောင်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ဟု ယုံကြည်ပါသည်။ ။

## ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲ ကျင်းပရေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ယနေ့ ညနေပိုင်းတွင် ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲသည် အောင်မြင်မှုရှိခဲ့ပြီး လေးလတစ်ကြိမ်ကျင်းပနိုင်ရန် အစီအစဉ်ရှိပါကြောင်း၊ ယခုကဲ့သို့ အစည်းအဝေး စောစောစီးစီး ပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ စာတမ်းဖတ်သူများ စာတမ်းပြုစုနိုင်ရန် ပြင်ဆင်ချိန်ရရှိနိုင်ရေးအတွက် ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဒုတိယအကြိမ် စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲတွင် လူငယ်များနှင့် အမျိုးသမီးစာတမ်းရှင်များ ပါဝင်နိုင်ရေးအတွက် ဖိတ်ခေါ်စေလိုပါကြောင်း၊ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲ ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရေးကို ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် စာတမ်းဖတ်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသား စောချစ်) နှင့် စာအုပ်ဈေးရောင်းပွဲတော် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်တို့က စာတမ်းဖတ်ပွဲနှင့်စာအုပ်ဈေးရောင်းပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညပိုင်းတွင် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖိုရမ် ညစာစားပွဲကို ရန်ကုန်မြို့ရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် **Forever Group** အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖိုရမ် ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရုပ်ရှင်အလွှာ ၁၀ လွှာမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**


## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကသာအကျဉ်းထောင်ကြည့်ရှုစစ်ဆေးခဲ့မှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ဩဂုတ် ၁၅ ရက်က ကသာအကျဉ်းထောင် အကျဉ်းသားအိပ်ဆောင်များကိုလည်းကောင်း၊ ဩဂုတ် ၁၆ ရက်က အကျဉ်းသူအိပ်ဆောင်များ၊ ထမင်းချက်ဆောင်၊ ဆေးခန်း၊ တိုက်ခန်း၊ ရေချိုးကန်၊ သောက်ရေသန့်စက်ရုံနှင့် အခြားနေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းသား၊ အချုပ်သား ၃၉ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးပြီး လူဦးရေများပြားကျပ်တည်းနေသဖြင့် အကျဉ်းသားအိပ်ဆောင်များ၊ စားဖိုဆောင်နှင့် အကျဉ်းထောင်အုတ်ရိုးတို့အား တိုးချဲ့တည်ဆောက်ခြင်း၊ သတ်မှတ်စံနှုန်းနှင့် ကိုက်ညီသောသောက်ရေ၊ သုံးရေနှင့် အိမ်သာများ စီမံပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးသင့်ကြောင်း၊ ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ တိုးချဲ့ခန့်အပ်သင့်ပြီးသင်တန်းတက်ရောက်နေသော ဆရာဝန်နှင့် ခွင့်မဲ့ပျက်ကွက်နေသော သူနာပြုတို့အတွက် အစားထိုးတောင်းခံသင့်ကြောင်း၊ အကျဉ်းထောင်တံခါးကြီးအားစီးနင်းထွက်ပြေးရန် ကြံစည်ကြိုးပမ်းခဲ့သော အကျဉ်းသားသုံးဦးနှင့် ဆက်စပ်ပတ်သက်၍သံခြေချင်းခတ်ထားသော အကျဉ်းသားကိုးဦးတို့အား အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ အကျဉ်းဦးစီးဌာနရုံးချုပ်မှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အရေးပေါ်တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် တိုးမြှင့်ရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားမလာစေရန် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက လိုအပ်မည့် ဆေးဝါးနှင့် အသုံးအဆောင်များစီမံထားရှိခြင်းတို့ ပြုလုပ်သင့်ပါကြောင်းဖြင့် အကြံပြုတိုက်တွန်းခဲ့ကြောင်း၊ ယခုကဲ့သို့ သွားရောက်စစ်ဆေးခြင်းမှာ ဇူလိုင် ၂၈ ရက်က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ကသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၏ ကသာအကျဉ်းထောင်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်အရဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကော်မရှင်၏ ဩဂုတ် ၁၉ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၀/ ၂၀၁၆) အရ သိရသည်။

**(သတင်းစဉ်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှံ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်တွင်းရေးရာ

*** ရွှေဖုံးမှ**

သုတေသနဌာနပေါင်း ၁၀၀၀ ရှိ၍ ပညာရေးနှင့်သုတေသန လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရှန်ရှီးပြည်နယ်တွင် ကောင်စစ်ဝန်ရုံးဖွင့်လှစ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဖာမန်ကျောင်းတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဖာမန်ကျောင်းတော်ကို ကျိုးမင်းဆက်တွင် ဟွမ်ဘုရင်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဝူတန်မင်းဆက် ၆၁၈ ခုနှစ်တွင် ဖာမန်ကျောင်းတော်ဟု စတင်ခေါ်ဝေါ်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကျောင်းတော်ကို ပြန်လည်ပြုပြင်တိုးချဲ့ပြီး နိုဝင်ဘာလ ၉ ရက်တွင် ဖာမန်ကျောင်းတော်ကို ဖွင့်လှစ်ခဲ့သည်။ ကျောင်းတော်ထဲတွင် အဖိုးတန်ဓာတ်တော်များနှင့် ပစ္စည်းများကို ပြသထားကြောင်းသိရှိရသည်။

ဆက်လက်၍ Yang Ling Xin Cun ကျေးရွာကို သွားရောက်၍ ကျေးရွာစိုက်ပျိုးရေးဇုန်မှ စိုက်ပျိုးထုတ်လုပ်ထားသည့် စပျစ်သီးများကို ကြည့်ရှုလေ့လာပြီး စပျစ်ခြံအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ယန်လင်းစိုက်ပျိုးရေးရွာသည် ရှီးအန်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့် အကွာတွင်တည်ရှိသည်။ ၁၉၉၇ ခုနှစ်တွင် အဆင်မြင့်နည်းပညာသုံး စိုက်ပျိုးရေးပြခန်းကို စတင်တည်ဆောက်ခဲ့သည်။

စိုက်ပျိုးရေးပြခန်းကို အပိုင်းငါးပိုင်းခွဲခြားထားပြီး ပိုးမွှားပြခန်း၊ သတ္တဗေဒပြခန်း၊ စိုက်ပျိုးရေးသမိုင်းပြခန်း၊ ရုက္ခဗေဒပြခန်းနှင့် မြေဆီမြေလွှာနည်းပညာပြခန်းတို့ဖြစ်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဖာမန်ကျောင်းတော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်ရှီယွမ်းရှင်ဘုရင် စစ်သည်တော်မြင်းရုပ်တုများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Yang Ling Xin Cun ကျေးရွာ စိုက်ပျိုးရေးဇုန်မှ စိုက်ပျိုးထုတ်လုပ်ထားသော စပျစ်သီးများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှန်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Hu Heping တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# (၁၉) ကြိမ်မြောက် လူသားချင်းစာနာထောက်ထားမှုနေ့အခမ်းအနား ကျင်းပ




**နယူးယောက် ဩဂုတ် ၂၀**

လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များကို ယခင်ကထက်ပိုမိုလုပ်ဆောင်ကြရန် ကမ္ဘာ့နိုင်ငံများအား ကုလသမဂ္ဂအဖွဲ့က တိုက်တွန်းခဲ့ကြောင်းသိရသည်။

(၁၉) ကြိမ်မြောက် ကမ္ဘာ့လူသားချင်းစာနာထောက်ထားခြင်းနေ့အခမ်းအနားတစ်ရပ်ကို ဩဂုတ် ၁၉ ရက်က အမေရိကန်နိုင်ငံနယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သံအမတ်ကြီးများအပါအဝင် ပြည်သူ ၂၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း လူသားချင်းစာနာထောက်ထားမှုအကူအညီများရရှိစေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂအဖွဲ့က ဩဂုတ် ၁၉ ရက်ကို ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုနေ့အဖြစ် ၂၀၀၈ ခုနှစ်မှစပြီး သတ်မှတ်ပေးခဲ့သည်။ ယင်းနေ့ကိုသတ်မှတ်ခဲ့ခြင်းမှာ အဆိုပါရက်တွင် ၂၀၀၃ ခုနှစ်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကုလသမဂ္ဂရုံးချုပ်ဗုံးပေါက်ကွဲမှုကြောင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် တစ်ဦးအပါအဝင် ဝန်ထမ်း ၂၂ ဦး အသက်ဆုံးရှုံးခဲ့သည့် အောက်မေ့ဖွယ်ရာဖြစ်ရပ်ကိုအစွဲပြုပြီး သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် နိုင်ငံရပ်ခြားသို့သွားရောက်နေသည့်အတွက် အခမ်းအနားသို့ ဒုတိယအတွင်းရေးမှူးချုပ် ဂျန်အလီယာဆန် တက်ရောက်ခဲ့ပြီး သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လွမ်းသူပန်းခွေများချကာ တစ်မိနစ်ခန့်ငြိမ်သက်ခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ကြိုးပမ်းလျက်ရှိသည့် အလုပ်သမားများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်သူအများစု အသက်ဆုံးရှုံးခဲ့သည့် ဆိုမာလီယာ၊ ယီမင်၊ တောင်ဆူဒန်နှင့် ဆီးရီးယားနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ပြဿနာအရပ်ရပ်ကို ကုလသမဂ္ဂအဖွဲ့အနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည်။

ကမ္ဘာအရပ်ရပ်တွင် ပြည်သူသန်းပေါင်း ၁၃၀ သည် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များကို မှီခိုနေရသည့်အတွက် လူသားချင်းစာနာမှုကို အလေးပေးရန် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် အဖွဲ့အစည်းအရပ်ရပ်ကို တိုက်တွန်းပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ။**

## ဖိလစ်ပိုင် လက်ဝဲသူပုန်အုပ်စုက ခုနစ်ရက်ကြာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမည်ဟု ကြေညာ

**မနီလာ ဩဂုတ် ၂၀**

ဖိလစ်ပိုင်အစိုးရနှင့် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးအတွက် အခမ်းအနားများနှင့် ထောက်ခံပွဲများ ပြုလုပ်ရန် ခုနစ်ရက်ကြာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ (စီပီပီ)က ဩဂုတ် ၁၉ ရက် ညပိုင်းတွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ယင်းအပစ်အခတ်ရပ်စဲမှုသည် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၂ နာရီ ၁ မိနစ်တွင် စတင်မည်ဖြစ်ပြီး ဩဂုတ် ၂၇ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၅၉ မိနစ်ထိ တည်ရှိမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ (စီပီပီ)၏ ပြန်ကြားရေးဗျူရိုမှထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရနှင့် ဖိလစ်ပိုင် အမျိုးသားဒီမိုကရက်တစ် တပ်ဦး(အန်ဒီအက်ဖ်ပီ)တို့သည် တရားဝင် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန် စီစဉ်ထားပြီး ယင်းညှိနှိုင်းဆွေးနွေးမှုကို နော်ဝေနိုင်ငံ၌ ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်ထိ ပြုလုပ်သွားရန် စီစဉ်ထားသည်။

ယင်းအပစ်အခတ်ရပ်စဲရေး ကြေညာချက်သည် ဖိလစ်ပိုင် အမျိုးသားဒီမိုကရက်တစ်တပ်ဦးမှ အတိုင်ပင်ခံပုဂ္ဂိုလ်အားလုံးနီးပါး ပြန်လွှတ်ပေးရေးအတွက် ဖိလစ်ပိုင်အစိုးရအား တွန်းအားပေးစေမည်ဖြစ်ပြီး ၎င်းတို့သည် နောင်လာမည့်လအနည်းငယ်အတွင်း ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များတွင် ပါဝင်လာစေနိုင်မည်ဟု ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ (စီပီပီ)နှင့် ၎င်း၏ လက်နက်ကိုင်အုပ်စုဖြစ်သည့် ပြည်သူ့တပ်မတော်သစ် (အင်န်ပီအေ)က ပြောကြားသည်။

ဩဂုတ် ၁၉ ရက် နံနက်အစောပိုင်းတွင် လက်ဝဲဝါဒီ အမျိုးသား ဒီမိုကရက်တစ်တပ်ဦး (အင်န်ဒီအက်ဖ်ပီ) မှ အတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် ဘင်နီတို တီရာမ်ဇွန်နှင့် ဝီလ်မာ အက်ထရီက တီရာမ်ဇွန်တို့အား ဖိလစ်ပိုင်အစိုးရက ပြန်လွှတ်ပေးခဲ့သည် ၎င်းတို့နှစ်ဦးသည် ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ (စီပီပီ)၏ ဦးဆောင်အဖွဲ့ဝင်များဖြစ်ပြီး အမျိုးသားဒီမိုကရက်တစ်တပ်ဦး (အင်န်ဒီအက်ဖ်ပီ) ၏ အရေးပါသော အတိုင်ပင်ခံများဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးအား ၂၀၁၄ ခုနှစ် မတ်လတွင် ဖိလစ်ပိုင်အစိုးရက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

## ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ လုံခြုံရေးအခြေအနေဆိုးရွားလာပါက စစ်အုပ်ချုပ်ရေးအမိန့်ထုတ်မည်ဟုဆို

**ကီယက်(ဗ်) ဩဂုတ် ၂၀**

ယူကရိန်းနိုင်ငံအရှေ့ပိုင်းဒေသများနှင့် ခရိုင်းမီးယားဒေသနှင့် ထိစပ်နေသော ဒေသအနီးတို့တွင် အကျပ်အတည်းများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက နိုင်ငံအတွင်း စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ရန် မိမိအသင့်ရှိသည်ဟု သမ္မတ ပီထရို ပိုရိုရှန်ကိုက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

ခရိုင်းမီးယားဒေသအရှေ့ပိုင်းနှင့် ခရိုင်းမီးယားဒေသတို့အတွင်း လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာမည်ဆိုပါက စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ရဖွယ်ရှိကြောင်း ပိုရိုရှန်ကိုက ယူကရိန်းနိုင်ငံ အယ်ဗစ်ဒေသသို့သွားရောက်စဉ် သတင်းထောက်များအား ပြောကြားသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ အစိုးရတပ်ဖွဲ့များကို လွန်ခဲ့သည့်ညက တိုက်ခိုက်မှုအများအပြား ပြုလုပ်ခဲ့ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော ဒေသတွင်း ပဋိပက္ခ ကြီးထွားလာနိုင်သည့် အခြေအနေ ရှိနေကြောင်း သမ္မတ ပိုရိုရှန်ကိုက ပြောကြားသည်။



ယူကရိန်းတပ်ဖွဲ့များသည် ဖြစ်လာနိုင်ခြေရှိသော ထိုးစစ်တစ်ခုကို ပြန်လည်ချေမှုန်း တိုက်ထုတ်နိုင်ရန် အစွမ်းကုန်ပြင်ဆင်ထားကြောင်း ၎င်းကအလေးအနက်ပြုပြောကြားသည်။

အစိုးရတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ရန်သူတပ်ဖွဲ့များကို ခုခံတွန်းလှန်ရန် အသင့်ရှိနေကြောင်း၊ ယင်းဒေသ၌ ပြိုင်ဘက်တပ်ဖွဲ့များက ဒွန်းဘက်ဒေသကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းနေကြောင်း သမ္မတ ပိုရိုရှန်ကိုက ပြောကြားသည်။ **ဆင်ဟွာ။**

## ရုရှားအရှေ့ဖျားဒေသတွင်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှု၌ အစ်ကန်ဒါ-အမ် ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်ခတ်

**မော်စကို ဩဂုတ် ၂၀**

ရုရှားတပ်ဖွဲ့များသည် နိုင်ငံအရှေ့ဖျားဒေသ၌ စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ပြီး စစ်ရေးလေ့ကျင့်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစ်ကန်ဒါ-အမ် အမျိုးအစား ပဲ့ထိန်းဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

အမူးရ်ဒေသအတွင်းရှိ ဗဟုဂံပုံသဏ္ဍာန်ရှိသော ပစ်မှတ်တစ်ခုကို အဆိုပါ ဒုံးကျည်က အောင်မြင်စွာ ထိမှန်ခဲ့ကြောင်း၊ ဒုံးကျည်သည် ခရီးတာ ကီလိုမီတာ ၃၀၀ (၁၈၆ မိုင်)အထိ ပျံသန်းသွားခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်ကို လူမှုမီဒီယာများက ဖော်ပြခဲ့သည်။




ဒုံးကျည်သည် ရန်သူအဖြစ် သဏ္ဍာန်တူပြုလုပ်ထားသော အရာများအပါအဝင် အဆောက်အအုံ အချို့ကို ထိမှန်ကာ ဖျက်ဆီးနိုင်ခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

နေတိုးအဖွဲ့က အက်စ် အက်စ်-၂၆ ဟု အမည်ဝှက်ပေးထားသော ဆိုဗီယက်ခေတ် စကာ့ဒ်ဒုံးကျည်များ နေရာတွင် ရွေ့လျားဒုံးပစ်စင်ပေါ်မှ ပစ်ခတ်နိုင်သည့် အက်စ်ကန်ဒါ ဒုံးကျည်များကို အစားထိုးသွားမည်ဖြစ်သည်။ အက်စ်ကန်ဒါ အမျိုးအစား ပဲ့ထိန်းဒုံးကျည် အမျိုးအစားနှစ်မျိုးရှိပြီး အခြားတစ်မျိုးမှာ အကွာအဝေးကီလိုမီတာ ၅၀၀ အထက် (မိုင် ၃၀၀)ခန့်အထိ ပစ်ခတ်နိုင်ကာ သမားရိုးကျ လက်နက်ထိပ်ဖူး သို့မဟုတ် အဏုမြူလက်နက်ထိပ်ဖူးများကို သယ်ဆောင်နိုင်စွမ်းရှိသည်။

ဒုံးကျည်ပစ်ခတ် စမ်းသပ်သော အမူးရ်ဒေသသည် ရုရှားနိုင်ငံအရှေ့ဖျားရှိ ဆိုက်ဘေးရီးယားဒေသ အရှေ့ပိုင်း၌ တည်ရှိသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းနှင့် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တို့သို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန်နှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်တို့ထံ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဝါဆိုကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ၏ ကျန်းမာရေးအခြေအနေကို လျှောက်ထားမေးမြန်းပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်သည်။

အလားတူ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ရွှေကျင်နိကာယရတ္တိညှ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူ၍ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် အလှူငွေများကို ဂေါပကအဖွဲ့ထံသို့ ပေးအပ်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ပခုက္ကူစာပေဆုချီးမြှင့်ပွဲမှ စကားသံများ

တွေ့ဆုံမေးမြန်း-ဝင်းစန္ဒီ၊ ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။**



ဒေါက်တာဖေမြင့်



ဦးမောင်ကလေး



ဦးကျော်ကျော်ဝင်း



ခင်လပြည့်ဝန်း



မစောကေခိုင်ဦး

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

စာပေသမား၊ အနုပညာသမား၊ သိပ္ပံပညာရှင်စတဲ့ ဘယ်သူမဆို မိမိဆောင်ရွက်တဲ့ ကိစ္စတွေအပေါ်မှာ အသိအမှတ်ပြုမှုတစ်ခုတော့ ခံယူချင်တဲ့သဘောရှိတယ်။ ဒါလူ့သဘာဝလည်း ဖြစ်တယ်။ ဒီလိုဆုတွေက ဂုဏ်သိက္ခာကြီးမားလေ ဆုအပေါ်မှာ တန်ဖိုးထားမှုက ကြီးလေလေ။ ဆုကိုရရှိသူတွေအတွက် ပိုပြီးတော့ ဂုဏ်ယူဝမ်းသာစရာ ကောင်းလေဖြစ်တယ်။ ဆုရပုဂ္ဂိုလ်တွေအနေနဲ့ မိမိရဲ့စာပေစွမ်းဆောင်မှုကြောင့် ရရှိခဲ့တာဖြစ်တယ်။ အထူးသဖြင့် လူငယ်လူရွယ် လူလတ်ပိုင်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်တဲ့စာပေလက်ရာကြောင့် ရရှိခဲ့တာဖြစ်တယ်။ နောက်နောင်ဒီ့ထက်မက တောက်ပြောင်တဲ့စာပေလက်ရာတွေ ပြုစုနိုင်ကြမယ်၊ ကြိုးစားကြလိမ့်မယ်လို့ထင်တယ်။ ကြိုးစားကြလိမ့်မယ်လို့လည်း မျှော်လင့်တယ်။ ဒါတွေက ဂုဏ်ယူစရာ ဖြစ်ပါတယ်။

**ပခုက္ကူစာပေဆု တစ်သက်တာ စာပေဆုရှင်ဆရာကြီး ဦးမောင်ကလေး (သော်ကြာဦးမောင်ကလေး)**

ဒီကနေ့ တစ်သက်တာ စာပေဆုရတယ်ဆိုတော့ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ အဘက အသက်(၂၀)ကျော်ကတည်းက စာပေကိုလေ့လာဖတ်ရှုရေးသားလာခဲ့တာပါ။ အခု အဘအသက်က (၉၄) နှစ်ထဲရောက်တော့မယ်။ ဒီအချိန် ဒီအခါမှာ အဘတစ်သက်လုံး လုပ်ကိုင်လာခဲ့တဲ့ စာပေကို အခုလိုအသိအမှတ်ပြုခံရတာ အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ အားလုံးလိုက်နာကျင့်သုံးဖို့ ကောင်းတဲ့ စကားလေးသုံးခွန်းကို ပြောကြားလိုပါတယ်။ ကျန်းမာတုန်းကို ဆေးစားပါ၊ ရှိတုန်းကိုချွေတာပါ၊ အားတုန်းကို စာဖတ်ပါ။ အားလုံးလိုက်နာကျင့်သုံးဖို့ ကောင်းတဲ့အတွက် ပြောကြားလိုက်ပါတယ်။

**စာကြည့်တိုက်စာအုပ်ဆုရ ဦးကျော်ကျော်ဝင်း**

မူလရည်ရွယ်ချက်က ဆုရရှိဖို့ ဦးတည်ရေးသားခဲ့တာမဟုတ်ပါဘူး။ လူငယ် လူရွယ်တွေ သိသင့်သိထိုက်တာတွေကို ကျွန်တော်မှတ်သားခဲ့သမျှ မျှဝေပေးတဲ့ သဘောပါ။ အစဉ်အလာရှိတဲ့ ပခုက္ကူဦးအုံးဖေတည်ထောင်ခဲ့တဲ့ ဆုရရှိတဲ့အတွက် ဆုရွေးချယ်ရေးအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ လူငယ်တွေကို တိုက်တွန်းချင်တာကတော့ စာဖတ်ကြပါ။ ရရှိတဲ့ ဗဟုသုတတွေကို သူတို့ရဲ့နေ့စဉ်ကျင်လည်ရတဲ့ဘဝမှာ အသုံးချနိုင်စေဖို့အတွက် နည်းယူနိုင်ဖို့ ဖြစ်ပါတယ်။

**ဝတ္ထုရှည်တတိယဆုရ ခင်လပြည့်ဝန်း**

စာရေးသူ တစ်ယောက်အနေနဲ့ စာပေဆုချီးမြှင့်ခံရတယ်။ အသိအမှတ်ပြုခံရတယ်။ ကိုယ်နဲ့ထိုက်တန်တာကို ရရှိခဲ့တာဆိုတာကြောင့် ပြောမပြတတ်အောင် ပီတိဖြစ်ရတာပေါ့။ စာပေက ဦးနှောက်ဖွံ့ဖြိုးဖို့ အစာပဲ။ သုတပဲဖြစ်ဖြစ်၊ ရသပဲဖြစ်ဖြစ် အားလုံးဖတ်ရှုသင့်ပါတယ်။ ဒါပေမယ့် အသိဉာဏ်ပညာရရှိစေတဲ့ ကောင်းမွန်တဲ့စာပေကိုတော့ ရွေးချယ်ဖတ်ရှုဖို့ တိုက်တွန်းလိုပါတယ်။

**ပညာရည်ထူးချွန်ဆုရ မောင်မိုးစံထွဋ်**

အင်္ဂလိပ်ဘာသာက ငယ်ငယ်ကတည်းက စိတ်ဝင်စားတဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။ ပြီးတော့ ဆယ်တန်းမှာ အင်္ဂလိပ်စာကို အမှတ်ကောင်းချင်တဲ့ ရည်ရွယ်ချက်လည်းရှိတယ်။ ဒီလိုချီးမြှင့်ပေးခြင်းခံရတာကို ဝမ်းသာဂုဏ်ယူပါတယ်။ ပညာက လောကမှာ အကျိုးပြုနိုင်ဆုံးအရာဖြစ်တဲ့အတွက် နောင်မျိုးဆက်သစ်ကျောင်းသား လူငယ်တွေကို ပညာရေးကို အာရုံစိုက်ကြိုးစားဖို့ တိုက်တွန်းလိုပါတယ်။

**ပညာရည်ထူးချွန်ဆုရ မစောကေခိုင်ဦး**

အင်္ဂလိပ်စာနဲ့သင်္ချာကို ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့ပါတယ်။ အင်္ဂလိပ်စာက နိုင်ငံခြားပညာသင်သွားရာမှာ အထောက်အကူပြုနိုင်ဖို့ ငယ်ငယ်ကတည်းက ကြိုးစားခဲ့ပါတယ်။ သင်္ချာကတော့ အဖေက အင်ဂျင်နီယာဖြစ်တဲ့အတွက် ငယ်ငယ်ကတည်းက သေသေချာချာ သင်ကြားပေးခဲ့ပါတယ်။ ကျောင်းသားကျောင်းသူတွေကို အခုလို ချီးမြှင့်တာက ပိုမိုကြိုးစားလာစေဖို့ အားပေးတာလို့ထင်ပါတယ်။ နောင်မျိုးဆက်သစ်တွေကို ပြောလိုတာက ဘယ်ဘာသာရပ်မဆို အကျိုးရှိတဲ့အတွက် ငယ်ငယ်ကတည်းက ကြိုးစားအားထုတ်သင့်တယ်လို့ ပြောလိုပါတယ်။ ■



# သုံးမြွှာပူးမွေးဖွားသော မိခင်အား ထောက်ပံ့ငွေကျပ် ငါးသိန်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၀**

ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက သုံးမြွှာပူးမွေးဖွားခဲ့သော မိခင် ဒေါ်မာဦးအား လူမှုဝန်ထမ်းဦးစီး ဌာနမှ ထောက်ပံ့ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ခြင်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် လူမှုဝန်ထမ်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက သွားရောက်ထောက်ပံ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သုံးမြွှာပူးနှင့်အထက်မွေးဖွားသည့် မိခင်နှင့်ကလေးများအား ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်ကြသော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာတို့တွင် စောင့်ရှောက်ထားသည့် မိဘမဲ့ ဆင်းရဲနွမ်းပါး ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား နှစ်စဉ်ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ဦးမောင်မောင်တာ၏ ပြောကြားချက်အရ သိရသည်။

"သုံးမြွှာပူးက မိန်းကလေး နှစ်ဦး၊ ယောကျ်ားလေး တစ်ဦး ဖြစ်ပါတယ်။ မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းပါတယ်။ အခုလို လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ထောက်ပံ့ငွေ ထောက်ပံ့ ပေးတာ အတိုင်းမသိဝမ်းသာပါတယ်"ဟု မိခင်ဖြစ်သူ ဒေါ်မာဦးက ပြောသည်။

**(သန့်မောင်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ (၂) နှင့် DPN အဖွဲ့တို့ NCA စာချုပ်သဘောတူလက်မှတ်ရေးထိုးနိုင်ရေး တွေ့ဆုံဆွေးနွေး

သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်



**ရန်ကုန် ဩဂုတ် ၂၀**
တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ (NCA) စာချုပ်တွင် လက်မှတ် ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ (၂)နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုံ ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်၌ တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်း ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ခေါင်းဆောင် ခူဦးရယ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေး ကော်မတီမှ ဦးသိန်းဇော်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသည် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များက NCA လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံတက်ရောက်နိုင်ရေးတို့အတွက် UNFC မှ အဆိုပြုတင်သွင်းလာသည့် မူကြမ်း (၈) ချက်အား နှစ်ဖက်ခေါင်းဆောင်များက အပြန်အလှန်ဆွေးနွေးကြခြင်း ဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ဒီနေ့ဆွေးနွေးချက်ဟာ အလွန်အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် တစ်တိုင်းပြည်လုံးမှာ ထောက်ခံပွဲတွေ၊ သက်ဆိုင်တဲ့ဂီတပွဲတွေ၊ ကာတွန်း၊ ပန်းချီပြပွဲတွေ စသဖြင့် လုပ်ဆောင်ပြီး ပြည်သူလူထုက မျှော်လင့်တကြီး စောင့်စားနေတဲ့အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းနိုင်ပြီး ဆက်လက်ပြီးတော့ ဖော်ဆောင်ရမယ့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းမှာလည်း အထောက်အကူ ပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုလိုစိတ်ဝင်တစားဆွေးနွေးပေးကြတဲ့ခေါင်းဆောင်တွေနဲ့ နှစ်ဖက်အထောက်အကူပြုအဖွဲ့တွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်" ဟု နိဂုံးချုပ်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ဗိုလ်ချုပ်ဂွမ်မော်က "ဒီနေ့ဆပ်ကော်မတီ (၂)နဲ့ DPN အစည်းအဝေးမှာ UNFC ရဲ့ အဆိုပြုမူကြမ်း (၈) ချက်ကို ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးချက်တွေနဲ့ ဆွေးနွေးကြပါတယ်။ ဆွေးနွေးဖို့ လျာထားခဲ့တဲ့ ခေါင်းစဉ်(၈)ခုအပေါ်မှာ ရလဒ်တွေရှိပါတယ်။ အချို့အချက်တွေ ကတော့ ဆက်ပြီးဆွေးနွေးဖို့ လိုအပ်ဆဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကနေ မျှော်လင့်နေတာကတော့ မကြာခင်ကျင်းပမယ့် (၂၁) ရာစုပင်လုံညီလာခံအပေါ်မှာ NCA လက်မှတ်ထိုးမထားတဲ့ အဖွဲ့တွေ တက်ရောက်နိုင်မှုအနေအထားပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ (၂၁) ရာစုပင်လုံကို တက်ရောက်နိုင်ရေး အတွက် ကြိုးစားနေတာဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးပြီးလို့ မနက်ဖြန်မှာလည်း မူဘောင်ဆိုင်ရာဆွေးနွေးပွဲတွေကို ကျွန်တော်တို့တက်မှာ ဖြစ်ပါတယ်။ အခြားခေါင်းစဉ်တွေနဲ့ ဆက်စပ်ဆွေးနွေးဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့လက်မှတ်မထိုးတဲ့ အဖွဲ့တွေကတော့ နိုင်ငံတော်အစိုးရကို ယုံကြည်တဲ့စိတ်ဓာတ်၊ ဂုဏ်ပြုတဲ့ စိတ်ဓာတ်နဲ့ (၂၁) ရာစုပင်လုံကို တက်ရောက်နိုင်ဖို့ လာရောက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဆွေးနွေးပွဲမှာ ရလဒ်ကောင်းတွေရပါတယ်။ မနက်ဖြန် ဆက်လက်ကျင်းပမယ့် အစည်းအဝေးတွေမှာလည်း အားတက်သရော ဆွေးနွေးပြီးတော့ အားလုံးအတွက်ကောင်းမွန်တဲ့ နိုင်ငံ့ရှေ့ရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆွေးနွေးပွဲကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းခဲ့ပြီး ယနေ့ဆွေးနွေးပွဲ သို့ အစိုးရကိုယ်စားလှယ်ဘက်မှ အဖွဲ့ဝင် ၁၁ ဦးနှင့် UNFC ဘက်မှ အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေနှင့် DPN ဒုတိယအဖွဲ့ ခေါင်းဆောင် (၂) ဗိုလ်ချုပ်ဂွမ်မော်တို့အား ယနေ့ပြုလုပ်သည့် အစည်းအဝေးနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

### (၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေး ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေ

ဒီနေ့ဆွေးနွေးနေတာက NCAကို လက်မှတ်ရေးထိုးလိုတဲ့အတွက် သူတို့ဘက်က ဆွေးနွေးလိုတဲ့ အချက်တွေကို ဆွေးနွေးတာပါ။ DPN ဘက်က NCA ကို လက်မှတ်ရေးထိုးလိုတဲ့ အတွက် ဒီအချက် ဒီအချက်တွေကို အစိုးရနဲ့ ကော်မရှင်ဘက်က ရှင်းလင်းပေးဖို့၊ ဆွေးနွေးပေးဖို့၊ ဆောင်ရွက်ပေးဖို့ဆိုတာပါ။ ကျွန်တော်တို့ဟာ NCA ကိုအခြေခံပြီးသွားရမှာဖြစ်တဲ့ အတွက် NCA ပေါ်မှာပဲဆွေးနွေးရမှာပါ။ ညီလာခံတက်တာနဲ့ NCA လက်မှတ်ထိုးတာနဲ့ မတူပါဘူး။ ညီလာခံတက်တာက NCA လက်မှတ်ထိုးခြင်းမထိုးခြင်းနဲ့ မဆိုင်ပါဘူး။ အခုလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကနေ အားလုံးပါဝင်ရေးမူကိုစွဲကိုင်ပြီး ဆက်လက်ကြိုးစားမယ်။ ယုံကြည်မှုတွေတည်ဆောက်မယ်။ ညီလာခံပြီးရင်တော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ NCA မှာပြဋ္ဌာန်းထားပါတယ်။ အဲဒါတွေ ဆက်ပြီးဆွေးနွေးနိုင်ဖို့က အဓိကရည်ရွယ်ချက်ထဲမှာ ပါပါတယ်။

မနက်ဖြန်မှာ နိုင်ငံရေးပါတီတွေကို ကိုယ်စားပြုတဲ့ UPDJC အဖွဲ့ဝင် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ကော်မတီနဲ့ ကော်မရှင်အဖွဲ့တွေ နိုင်ငံရေးမူဘောင် (Framework)ကို ဆွေးနွေးပါမယ်။ အဲဒီလိုဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့ လက်မှတ်မရေးထိုးထားသေးတဲ့ အဖွဲ့တွေကိုဖိတ်ကြားထားပါတယ်။ အခုကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် Framework ကပြီးပါပြီ။ ညီလာခံပြီးတဲ့ အခါမှာလည်း Frameworkကိုဆက်လက်ဆွေးနွေးမယ်ဆိုတဲ့ ကတိကဝတ်ရှိထားတဲ့အတွက် ၂၁ ရက်နေ့မှာဆက်ဆွေးနွေးမှာပါ။ ၂၁ ရက်နေ့ တစ်နေ့လုံး Framework ဆွေးနွေးမယ်။ အဲဒီမှာ လက်မှတ်ထိုးထားတဲ့ ရှစ်ဖွဲ့ရော၊ လက်မှတ်မထိုးရသေးတဲ့ DPN က ခုနစ်ဖွဲ့ရော၊ နောက်အထူးဒေသ (၄) မိုင်းလားရော ဖိတ်ထားပါတယ်။ သူတို့အားလုံးတက်မယ်ပြောတယ်။ FrameworkကNCA လိုမဟုတ်ဘူး။ လိုအပ်ရင်ပြင်လို့ရတယ်။ ဒါကို ဆက်ပြီးဆွေးနွေးမယ်။ ၂၂ ရက်နေ့မှာလည်း ညီလာခံပူးတွဲကျင်းပရေးကော်မတီမှာ သူတို့ကို DPN ပါဝင်ခွင့်ပေးထားတဲ့အတွက် တက်ရောက်နိုင်ဖို့ရှိတယ်။ ဆိုလိုတာကတော့ အခုညီလာခံမှာ NCA ကို မကျော်ဘဲနဲ့ အားလုံးပါဝင်နိုင်မယ့် နည်းလမ်းကို ရှာနေတယ်။

### နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ဒုတိယ အဖွဲ့ခေါင်းဆောင် (၂) ဗိုလ်ချုပ်ဂွမ်မော်

UNFC က အဆိုပြုထားတဲ့ (၈) ချက်ကတော့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံ ပုဂ္ဂိုလ်နဲ့တွေ့တုန်းက ကျွန်တော်တို့ တောင်းဆိုထားတဲ့ နှစ်ဖက်အပစ်အခက်ရပ်စဲကြောင်း ကြေညာနိုင်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ချက်က Framework Review တွေကို ဘယ်လိုလုပ်မလဲ၊ နောက်တစ်ချက်က NCAမှာ ကျွန်တော်တို့ဘက်က ပြင်ဆင်ချင်တဲ့ အချက်လေးတွေရှိပါတယ်။ အဲဒီအချက်တွေကို ပြောဆိုဆွေးနွေးတာပါ။ ရလဒ်ကောင်းပါတယ်။ ဆက်ဆွေးနွေးရမယ့် တစ်ချက်နှစ်ချက် ကျန်ပါသေးတယ်။ ဆုံးဖြတ်ချက်မဟုတ်သေးပေမယ့် Framework Review လုပ်ပြီးမှ ဆုံးဖြတ်ချက်အနေနဲ့ အတည်ပြုနိုင်မှာပါ။ အခုအနေနဲ့ကတော့ သဘောတူထားပြီးဖြစ်ပေမယ့် ရလဒ်အနေအထားနဲ့သာ မှတ်တမ်းတင်ထားခြင်း ဖြစ်ပါတယ်။ ဒါတွေ ညှိနှိုင်းပြီးလို့ သဘောတူရင် လက်မှတ်ထိုးမှာပါ။ NCAလက်မှတ်ထိုးဖို့ တောင်းဆိုချက်တွေ အများကြီး မရှိပါဘူး။ ကျွန်တော်တို့ အရင် ရှစ်ဖွဲ့ လက်မှတ်ထိုးခဲ့တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)တို့နဲ့ ဆွေးနွေးချက်တွေမှာ ကျန်ခဲ့တဲ့ နိုင်ငံတကာသက်သေနဲ့ ပတ်သက်တဲ့ မရှင်းလင်းတဲ့ အချက်တွေ၊ လူသားချင်းစာနာမှုကိစ္စတွေနဲ့ တကယ်လို့ NCAမှာ တစ်စုံတစ်ရာ အခက်အခဲကြုံလာရင် ဘယ်လိုဖြေရှင်းကြမလဲ။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကိုထပ်ပြီးတော့ ဘယ်လိုမျိုး အားကောင်းအောင် လုပ်မလဲဆိုတဲ့အပိုင်းကို အဓိကထားဆွေးနွေးတာ ဖြစ်ပါတယ်။

သဘောတူညီချက်ကတော့ ဥပမာ- JMC ဆို အားကောင်းရမယ်။ အားကောင်းဖို့ အတွက် UNFC ရဲ့ တောင်းဆိုချက်တွေ ရှိတယ်။ ဒါကို အစိုးရဘက်ကလည်း စဉ်းစားမယ်။ UNFCကလည်းဆက်ပြီးစဉ်စားမယ်။ ဒါပေမယ့် သဘောတူညီချက်ကတော့ JMCဟာ အားကောင်းရမယ်ဆိုတာပဲ ဖြစ်ပါတယ်။ ကျန်တဲ့ အချက်တွေကတော့ မူဘောင်ရေးဆွဲရေးမှာ ဘယ်လိုဆုံးဖြတ်မလဲဆိုတဲ့ အချက်တွေ ဖြစ်ပါတယ်။ မူဘောင်ကတော့ မဆွေးနွေးရသေးလို့ ရလဒ်တွေ မထွက်တာဖြစ်ပါတယ်။ မနက်ဖြန်မှ မူဘောင်ဆွေးနွေးရေးတွေ စမှာဖြစ်ပါတယ်။ အရင်က UNFC က မြောက်ပိုင်းသုံးဖွဲ့ကို ညှိနှိုင်းပေးပါတယ်။ အခုတော့ အစိုးရနဲ့ တိုက်ရိုက်ချိတ်ဆက်နေတာဆိုတော့ မညှိနှိုင်းပါဘူး။ ဒါပေမယ့်လိုအပ်လို့ရှိရင်တော့ ညှိနှိုင်းပေးဖို့ ကျွန်တော်တို့မှာ အဆင်သင့်ရှိပါတယ်။ ညီလာခံမှာအားလုံး တက်ရောက်နိုင်မလားဆိုတာ နှစ်မျိုးရှိတယ်။ ညီလာခံကိုအားလုံးတက်ရောက်နိုင်ဖို့ပဲရည်ညွှန်းရင် အားလုံး တက်ရောက်နိုင်ပါတယ်။ အဆင့်တိုင်းမှာ ဆွေးနွေးဖို့တော့ လိုပါသေးတယ်။

## ဖြည့်စွက်ဖတ်ရှုပေးပါရန်

ဩဂုတ် ၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၀) တွင် ပါရှိသော ဆောင်းပါးရှင် Mမောင်မောင်ရေးသားသည့် **"ကုန်သွယ်လုပ်ငန်းခွန်နှင့်အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေ"** ဆောင်းပါး ဒုတိယကော်လံ အခွန်တွက်ချက်မှု လက်ရှိအခြေအနေ ခေါင်းစဉ်ငယ်ရှိ စာကြောင်းရေ (၁၄) **"လုပ်ငန်းရှင်များသည်. . .** မှ တတိယကော်လံ စာကြောင်းရေ (၁၉) **တင်ပြနိုင်ခြင်းမရှိပါ"** အထိစာသားနေရာတွင်

"နမူနာ(၁)-၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေသည် ကျပ်သိန်း ၁၅၀ ဖြစ်သည်။ ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကျပ်သိန်း ၁၅၀ ထက်မပိုသော ရောင်းရငွေ၊ ရငွေရှိသည့် လုပ်ငန်းများအနေဖြင့် အခွန်မကျသင့်ပါ။ သို့ရာတွင် ကျပ်သိန်း ၁၅၀ထက် တစ်ကျပ်ပိုသွားပါက အောက်ပါအတိုင်း အခွန်ကျသင့်မည်ဖြစ်သည်-

သတ်မှတ်စုစုပေါင်းရောင်းရငွေ၊ ရငွေ. . . ၁၅၀၀၀၀၀၁ ကျပ်
နုတ်-အခွန်မစည်းကြပ်ထိုက်သောရောင်းရငွေ. . .
(နုတ်ပယ်ခွင့်မရှိတော့ပါ)
စည်းကြပ်ရန်ရောင်းရငွေ . . . ၁၅၀၀၀၀၀၁ ကျပ်
ငါးရာခိုင်နှုန်းဖြင့်ကျသင့်အခွန်. . . ၇၀၄၂၈၆ ကျပ်

နမူနာ(၂) ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်မစည်းကြပ်ထိုက်သော ရောင်းရငွေ၊ ရငွေသည် ကျပ်သိန်း ၂၀၀ ဖြစ်ပါသည်။ ရောင်းရငွေ ကျပ်သိန်း ၂၀၀ထက် တစ်ကျပ်ပိုသွားပါက အောက်ပါအတိုင်း အခွန်ကျသင့်မည်ဖြစ်သည်။

သတ်မှတ်စုစုပေါင်းရောင်းရငွေ၊ ရငွေ. . . ၂၀၀၀၀၀၀၁ ကျပ်
နုတ်-အခွန်မစည်းကြပ်ထိုက်သောရောင်းရငွေ. . .
(နုတ်ပယ်ခွင့်မရှိတော့ပါ)
စည်းကြပ်ရန်ရောင်းရငွေ. . . ၂၀၀၀၀၀၀၁ ကျပ်
ငါးရာခိုင်နှုန်းဖြင့်ကျသင့်အခွန်. . . ၉၅၂၃၈၁ ကျပ်

အထက်ပါနမူနာများကိုကြည့်လျှင် အခွန်မကျလျှင်အရှင်း၊ ရောင်းရငွေ တစ်ကျပ်ကလေးပိုရုံမျှနှင့် တနင့်တပိုးကြီး အခွန်ကျသင့်သွားသည်ကို တွေ့မြင်နိုင်ပါသည်။ ဤအခွန်တွက်ချက်စည်းကြပ်မှုစနစ်သည် သိမ်မွေ့ညင်သာသော နည်းလမ်းမဟုတ်ပါ။

**အခွန်ထမ်းငယ်များ၏အခြေအနေ**

အခွန်ထမ်းငယ်များကို မည်သူ အခွန်စည်းကြပ်ပါသနည်း။ မြို့နယ်ရုံးရှိ အခွန်အရာရှိများကစည်းကြပ်ခြင်းဖြစ်သည်။ တစ်နှစ်စုစုပေါင်းရောင်းရငွေ၊ ရငွေကို ဘယ်လိုသတ်မှတ်ပါသနည်း။ တစ်နေ့ရောင်းရငွေအပေါ် အခြေခံ၍ သတ်မှတ်ခြင်းဖြစ်သည်။ အခွန်ထမ်းငယ်များသည် လုပ်ငန်းအတွက် စာရင်းတင်ပြနိုင်ခြင်းမရှိပါ။"ဟု အစားထိုးဖြည့်စွက်ဖတ်ရှုပေးပါရန်။

**(စာတည်း)**

# သစ်တောများပြုန်းတီးမှုကို ရေနံဓာတ်ငွေ့ရည်အသုံးပြုခြင်းအားဖြင့် လျှော့ချစို့

## လင်းကိုကို

၂၀၁၆ ခုနှစ် မုတ်သုံရာသီကျရောက်လာမှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်း၌ သစ်ပင်စိုက်ပျိုးပွဲတော်များကို တခမ်းတနားကျင်းပလာကြသည်ကို တွေ့ရှိရပါသည်။ ဤကဲ့သို့ မိုးရာသီရောက်လာတိုင်း သစ်ပင်စိုက်လာကြသည်မှာ မနေ့တစ်နေ့ကမှစပြီး ဆောင်ရွက်ခြင်းမဟုတ်ဘဲ စာရေးသူတို့အထက်တန်းကျောင်းသားဘဝ ၁၉၇၀ ပြည့်လွန်နှစ်များကတည်းကပင် ဆောင်ရွက်ခဲ့ကြသည်ကို မှတ်မိလျက်ရှိပါသည်။

သတင်းများအရ ၂၀၁၆ ခုနှစ်တွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် အကြိမ်ရေ ၅၀၀ ကျင်းပခဲ့ကြောင်း၊ သစ်ပင်စိုက်ပျိုးသူ ၁၂၀၀၀၀ က သစ်ပင်ပေါင်းသုံးသိန်းခွဲကိုစိုက်ပျိုးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်းတွင် သစ်ပင်ပေါင်း ၅၈ သန်းကိုစိုက်ပျိုးရန် ရည်ရွယ်ထားပြီး ယခုအချိန်အထိ သစ်ပင် ၄၃ သန်းဝန်းကျင် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့နှစ်စဉ်သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပလာသော်လည်း နိုင်ငံတော်၏ သစ်တောလွှမ်းခြုံမှုဧရိယာ မှာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ နှစ်စဉ်ယုတ်လျော့လာနေကြောင်း သိရသည်။ အထူးသဖြင့် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်းတွင် မြန်မာနိုင်ငံ၏ သစ်တောလွှမ်းခြုံမှုဧရိယာမှာ အလွန်အမင်း ထိုးကျခဲ့ကြောင်း သိရသည်။

နိုင်ငံတော်တွင် လတ်တလောခံစားနေရသော ရေလွှမ်းမိုးမှုကိုဖြစ်စေသည့်အကြောင်းအရင်းများတွင် သစ်ပင်သစ်တောများပြုန်းတီးမှုလည်းပါဝင်ကြောင်း သိရှိရသည်။ ထို့အတူပင် မြေဆီလွှာအတွင်း ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျနေရခြင်းနှင့် ဒေသတွင်းအပူချိန်များ မြင့်မားနေခြင်းမှာလည်း သစ်တောများပြုန်းတီးမှုနှင့်ဆက်စပ်နေကြောင်း သဘာဝသိပ္ပံပညာရှင်များက ထောက်ပြပြောဆိုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် နှစ် ၃၀ အတွင်း သစ်တောများလျင်မြန်စွာပြုန်းတီးရခြင်းအကြောင်းအရင်းမှာ သစ်တောများကို ခုတ်ယူပြီး သစ်အလွန်အကျွံထုတ်ယူခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခင် အစိုးရလက်ထက်တွင် သစ်အလုံးလိုက်ပြည်ပတင်ပို့ခွင့်ကို ရပ်ဆိုင်းခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် သစ်ပင်ခုတ်လှဲပြီး သစ်ထုတ်ယူခြင်းလုပ်ငန်းကို တစ်နှစ်ရပ်ဆိုင်းထားခဲ့သည်။

သစ်ထုတ်လုပ်ခွင့်ကိုကန့်သတ်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ ကိုယ်ပိုင်သစ်တောများ တည်ထောင်ခွင့်ပြုခြင်း၊ ကျေးရွာထင်းစိုက်ခင်းများထူထောင်ခြင်း စသည်တို့ဖြင့် သစ်တောဧရိယာများကျယ်ပြန့်လာအောင်၊ သစ်ပင်များအရေအတွက်တိုးပွားလာအောင် နိုင်ငံတော်အစိုးရနှင့် သဘာဝကိုချစ်မြတ်နိုးသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏လူနေမှုစနစ်အရ နိုင်ငံတော်ရှိ လူဦးရေ ၅၁ သန်း၏ နေ့စဉ်အစားအစာများ ချက်ပြုတ်ရာ၌ထင်းနှင့်မီးသွေးကို လောင်စာအဖြစ် အဓိကထားသုံးစွဲလျက်ရှိသဖြင့် သစ်တော သစ်ပင်များပြုန်းတီးမှုကို ထင်သလောက်မလျှော့ချနိုင်ဖြစ်နေသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် ကျေးလက်ဒေသ မီးဖိုချောင်များ၌ ထင်းကိုအသုံးပြုပြီး မြို့ပေါ်တွင်မူ မီးသွေးကိုအသုံးပြုကြသည်။ ကျွန်တော်တို့ရန်ကုန်မြို့တွင် စားအိုးကြီးသောအိမ်ထောင်စုများအနေဖြင့် အစားအစာများ ချက်ပြုတ်ရာတွင် မီးသွေးကိုအဓိကအသုံးပြုပြီး မိသားစုလူဦးရေနည်းသောအိမ်ထောင်စုများကမူ လျှပ်စစ်ဓာတ်အားကို အသုံးပြုကြပါသည်။ သို့ရာတွင် လျှပ်စစ်ဓာတ်အားမပြည့်မှု၊ မကြာခဏပြတ်တောက်မှုတို့ကြောင့် အိမ်တိုင်းလိုလိုမီးသွေးကို အနည်းနှင့်အများ ဆောင်ထားကြရသည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့တော်သို့ ထားဝယ်မီးသွေး၊ မြိတ်မီးသွေး၊ ဘိုကလေးမီးသွေး၊ ဖောင်ကြီးမီးသွေး၊ ပြည်မီးသွေး၊ တောင်ငူမီးသွေး စသည်ဖြင့် နိုင်ငံ၏ဒေသအနှံ့မှ မီးသွေးပေါင်းစုံဝင်နေကြခြင်းဖြစ်ပါသည်။

ထို့အတူ ကျေးလက်နေသူများအနေဖြင့်လည်း မိမိတို့နှင့်နီးစပ်ရာတောများသို့တက်ပြီး နှစ်စဉ် ထင်းခုတ်နေကြရသကဲ့သို့ နေ့စဉ်ထင်းခွေနေကြရသည်ကိုလည်း တွေ့မြင်နေရပါသည်။ ဤသည်တို့ကိုကြည့်ပါက ကျွန်တော်တို့နိုင်ငံတွင် နှစ်စဉ်နှစ်စဉ် ထင်းမီးသွေးများအဖြစ် အသုံးပြုခဲ့သည့်သစ်ပင်တန်ချိန်မည်မျှရှိမည်ကို ခန့်မှန်းနိုင်ပါသည်။

၁၉၉၀ ပြည့်နှစ်က မလေးရှားနိုင်ငံသို့ တာဝန်အရသွားရောက်နေထိုင်သောအခါတွင် မလေးရှား အိမ်ထောင်စုအများစုသည် ချက်ပြုတ်စားသောက်ရန်လောင်စာအဖြစ် ထင်းနှင့်မီးသွေးကိုအသုံးမပြုကြဘဲ တောရော မြို့ပါ ဓာတ်ငွေ့အိုးများကို တွင်ကျယ်စွာအသုံးပြုနေကြသည်ကို တွေ့ရှိခဲ့ရသည်။ မြို့ကြီးများတွင် နံပြားဖုတ်သောဆိုင်များနှင့် အကင်ဆိုင်များတွင်သာ ပြည်ပမှတင်သွင်းသော မီးသွေးကို အသုံးပြုကြပါသည်။ ထိုသို့ ထင်းနှင့်မီးသွေးကို သစ်တောများမှထုတ်ယူသုံးစွဲခြင်းမပြုသဖြင့် မလေးရှားနိုင်ငံသည် ယနေ့အထိ သစ်တောလွှမ်းခြုံမှုရာခိုင်နှုန်းမြင့်မားသောနိုင်ငံများတွင် ပါဝင်နေခြင်းဖြစ်ပါသည်။ ကွာလာလမ်ပူမြို့တွင်းရှိ သစ်ပင်များနှင့် ဆင်ခြေဖုံးဒေသများရှိ သဘာဝတောအုပ်များမှာ ထင်းခွေသူ၊ ထင်းကောက်သူများ၊ သစ်ပင်ဖျက်ဆီးသူများပင်မရှိသဖြင့် သဘာဝဥယျာဉ်များသဖွယ် ကျေးငှက်တိရစ္ဆာန်များ ကျက်စားနေသည်ကိုတွေ့ရပါသည်။ ရံဖန်ရံခါတွင် မြို့တွင်းသို့ မျောက်များပါ ရောက်ရှိလာသည်ကို တွေ့ရှိခဲ့ရသည်။

စာရေးသူတို့မိသားစု မလေးရှားနိုင်ငံသို့စတင်ရောက်ရှိစဉ်က ခင်မင်ရင်းနှီးသူမိတ်ဆွေများက ဓာတ်ငွေ့မီးဖိုကိုသုံးရန်အကြံပေးခဲ့သော်လည်း ဓာတ်ငွေ့မီးဖိုကိုအသုံးမပြုရဲသဖြင့် လျှပ်စစ်မီးဖိုကိုဝယ်ယူအသုံးပြုခဲ့သည်။ သို့သော်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားမှာ ဓာတ်ငွေ့ဖိုးထက် ၁၀ ဆခန့်ကုန်ကျပြီး ဓာတ်ငွေ့မီးဖိုများ၏ လုံခြုံစိတ်ချရမှုရှိပြီး သန့်ရှင်းမှုလည်းရှိသည်ကို မျက်မြင်တွေ့လာရသောအခါ ဓာတ်ငွေ့မီးဖိုကိုပြောင်းလဲအသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ဓာတ်ငွေ့မီးဖိုဖြင့် ကြက်၊ ဘဲကောင်လုံးကင်ခြင်း၊ ဝက်ခေါက်ကင်ခြင်းတို့ကိုပါ တတ်မြောက် ကျွမ်းကျင်လာခဲ့ပါသည်။ နောက်မှသိရှိရသည်မှာ လျှပ်စစ်ဓာတ်အားကို မလိုအပ်ဘဲ အလျှံအပယ်သုံးစွဲခြင်းကို တားဆီးနိုင်ရန်အတွက် လျှပ်စစ်မီတာခများကို ယူနစ်အပိုင်းအခြားအလိုက် ဈေးနှုန်းမြှင့်ယူလေ့ရှိကြောင်း၊ လစဉ်ယူနစ် ၁၀၀ ကျော်သုံးစွဲသည့်အိမ်နှင့် လစဉ် ၅၀ ယူနစ်အောက်သုံးစွဲသောအိမ်တို့အကြားရှိ ၁ ယူနစ်အတွက် ကောက်ခံသောနှုန်းထားမှာ နှစ်ဆခန့်ကွာခြားကြောင်း သိရပါသည်။ ထို့ကြောင့် သူတို့နိုင်ငံတွင် ချက်ပြုတ်ရာ၌ လျှပ်စစ်ဓာတ်အားအစား ဓာတ်ငွေ့ကိုသာ တောရောမြို့ပါ တွင်ကျယ်စွာအသုံးပြုခဲ့ကြပြီး မိမိအိမ်၌ ဓာတ်ငွေ့ကုန်ပါက မိမိဝယ်ယူခဲ့သောအရောင်းဆိုင်သို့ ဖုန်းဆက်လိုက်သည်နှင့် မိနစ်ပိုင်းအတွင်း အိုးအသစ်ရောက်ရှိလာသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် ကျွန်တော်တို့နိုင်ငံတွင်လည်း လျှပ်စစ်ဓာတ်အားကို စက်မှုကဏ္ဍတွင် လုံလောက်စွာ အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ သစ်တောများပြုန်းတီးမှုကိုကာကွယ်ရန်အတွက်လည်းကောင်းရည်ရွယ်၍ မီးဖိုချောင်သုံးလောင်စာအဖြစ် ထင်း၊ မီးသွေး၊ လျှပ်စစ်ဓာတ်အားကိုအသုံးပြုခြင်းအားလျှော့ချပြီး ဓာတ်ငွေ့ (ရေနံဓာတ်ငွေ့ရည်)ကို တွင်ကျယ်စွာအသုံးပြုသင့်ပြီဖြစ်သည်။ ထင်း၊ မီးသွေးလောင်စာတို့ဖြင့်အစားအသောက် ချက်ပြုတ်ခြင်းအစား ရေနံဓာတ်ငွေ့ရည်ကိုအသုံးပြု၍ ချက်ပြုတ်စားသောက်ရန် ပညာပေးခြင်း၊ ဘေးအန္တရာယ် လုံခြုံစိတ်ချရသည့် ၁ ဓာတ်ငွေ့မီးဖိုများ တင်သွင်းခွင့်ပြုခြင်း၊ နိုင်ငံတကာစံချိန်မီ သဘာဝဓာတ်ငွေ့များတင်သွင်းခြင်းတို့ကို ဆောင်ရွက်သင့်ပြီဖြစ်သည်။ တစ်ချိန်က ကျွန်တော်တို့မြန်မာနိုင်ငံတွင်ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်သောရေနံဆီကိုအသုံးပြုရန်အတွက် အိုင်ဒီစီ (IDC) ရေနံဆီမီးဖိုများကိုအသုံးပြုရန် ရေဒီယိုမှ မိတ်ဆက်ကြေညာခဲ့ဖူးသည်ကို ပြန်အမှတ်ရမိသည်။ ထို့ကြောင့် ယခုခေတ်အခါတွင်လည်း ထင်း၊ မီးသွေးလောင်စာသုံးပြီးချက်ပြုတ်နေသည့် အလေ့အထကိုလျှော့ချ၍အခြားနိုင်ငံများနည်းတူ ဓာတ်ငွေ့ကို တွင်တွင်ကျယ်ကျယ်အသုံးပြုစေရေးအတွက် ပြည်သူများကိုလည်း ပညာပေးဆောင်ရွက်ရမည်ဖြစ်သည်။

လက်ရှိအစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း ထင်း၊ မီးသွေးနှင့်အခြားလောင်စာသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ရေနံဓာတ်ငွေ့ရည်ကျယ်ကျယ် ပြန့်ပြန့်ရောင်းချပေးနိုင်ရန် လိုင်စင်နှစ်မျိုးဖြစ်သော ဖြည့်တင်းပြီးရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း(ယ-လိုင်စင်)၊ ဖြည့်တင်းပြီးရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း(င-လိုင်စင်)တို့ကို ထုတ်ပေးနိုင်ရေးအတွက်ဆောင်ရွက်နေကြောင်း၊ လက်ရှိတွင်ယာယီလိုင်စင်(ယ) ၁၉၉ ဆိုင်နှင့် ယာယီလိုင်စင် (င) ၄၆၄ ဆိုင် စုစုပေါင်းယာယီလိုင်စင် ၆၆၃ ဆိုင် ထုတ်ပေးခွင့်ပြုပြီးဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်က ပြန်ကြားရေးဝန်ကြီးဌာနတွင်ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးထိန်လွင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အထက်ပါ အမြဲတမ်းအတွင်းဝန်၏ရှင်းလင်းပြောကြားချက်အရ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၌ ဓာတ်ငွေ့ရည်တွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက် အခြေခံကောင်းများကိုဖန်တီးထားရှိပြီးဖြစ်သည်ဟု ယူဆရပါသည်။ ထို့ကြောင့် ဒုတိယရက် ၁၀၀ သက်တမ်းကာလအတွင်းတွင် စိတ်ချလုံခြုံမှုရှိသော ဓာတ်ငွေ့မီးဖိုများတင်သွင်းရေး၊ နိုင်ငံတကာအဆင့်မီရေနံဓာတ်ငွေ့ရည်များ လုံလောက်စွာတင်သွင်းရေး၊ ပြည်သူများသန့်ရှင်းစင်ကြယ်စွာဖြင့် နိုင်ငံတကာအဆင့်မီဓာတ်ငွေ့မီးဖိုများအသုံးပြုနိုင်ရေးတို့အတွက် နိုင်ငံတော်မှလိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ပေးသင့်ပြီ ဖြစ်သည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံစားနေရပြီဖြစ်သည့် နိုင်ငံတော်ကိုကယ်တင်ရန်၊ သစ်တော သစ်ပင်များပြုန်းတီးမှုကိုလျှော့ချနိုင်ရန်၊ စက်မှုကဏ္ဍတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲနိုင်စေရန်နှင့် ထင်း၊ မီးသွေးနှင့်အခြားလောင်စာသုံးစွဲမှုများကို လျှော့ချနိုင်ရေးတို့အတွက် ချက်ပြုတ်ရေးကဏ္ဍတွင် ထင်း၊ မီးသွေး အသုံးပြုနေခြင်းကို ရေနံဓာတ်ငွေ့ရည်လောင်စာကိုအစားထိုးပြီး တွင်ကျယ်စွာအသုံးပြုသင့်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

**နိုင်ငံတော်တွင် လတ်တလောခံစားနေရသော ရေလွှမ်းမိုးမှုကိုဖြစ်စေသည့်အကြောင်းအရင်းများတွင် သစ်ပင်သစ်တောများပြုန်းတီးမှုလည်းပါဝင်။**

**ထို့အတူပင် မြေဆီလွှာအတွင်း ရေသိုလှောင်နိုင်မှု ပမာဏလျော့ကျနေရခြင်းနှင့် ဒေသတွင်းအပူချိန်များ မြင့်မားနေခြင်းမှာလည်း သစ်တောများပြုန်းတီးမှုနှင့်ဆက်စပ်နေကြောင်း သဘာဝသိပ္ပံပညာရှင်များကထောက်ပြပြောဆိုလျက်ရှိ။**

**မြန်မာနိုင်ငံတွင် နှစ် ၃၀ အတွင်း သစ်တောများလျင်မြန်စွာပြုန်းတီးရခြင်းအကြောင်းအရင်းမှာ သစ်တောများကို ခုတ်ယူပြီး သစ်အလွန်အကျွံထုတ်ယူခဲ့ခြင်းကြောင့်ဖြစ်။**

## ငါးနှစ်အောက်ကလေးများအား ဗီတာမင်(အေ)နှင့် သန်ချဆေးများတိုက်ကျွေး

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရထားရဲတပ်ဖွဲ့အမှတ် (၁၄) တပ်ခွဲ အင်းစိန်တပ်ခွဲရုံးခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမ၊ ဘက်စုံသားဖွားဆရာမများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ငါးနှစ်အောက်ကလေးငယ်များအား ကာယဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် ဗီတာမင်(အေ)နှင့် သံချဆေးများကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ဗီတာမင်(အေ) သန်ချဆေးများ တိုက်ကျွေးရာတွင် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်(အေ) တစ်သိန်းအားဆေး၊ နှစ်နှစ် မှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်(အေ)သံချဆေးများ တိုက်ကျွေးခဲ့ကြပြီး ဆေးတိုက်လာကြသော ကလေးငယ်များအား ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ အရပ်တိုင်းခြင်း၊ အာဟာရစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဆေးတိုက်ကျွေးရာသို့ အင်းစိန်ရထားရဲတပ်ဖွဲ့ အမှတ် (၁၄)တပ်ခွဲမှူး ဒု-ရဲမှူး စိုးမိုးလွင်၊ အင်းစိန်မြန်မာ့ရထားဆေးရုံ တိုင်းဆရာဝန်ကြီး ဒေါက်တာ ဦးတင်ဝင်းနှင့် အမှတ် (၁၄)တပ်ခွဲအင်းစိန် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်လွင်နှင့် အဖွဲ့များ၊ အမှတ်(၁၄)ရထားရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများနှင့် မြန်မာ့မီးရထားဝန်ထမ်းများ၏ သားသမီးများ၊ မြန်မာ့မီးရထားမူကြိုကျောင်းမှ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၆လမှ ၅နှစ်ထိ ကလေးငယ်အမျိုးသား ၃၇ဦး၊ အမျိုးသမီး ၃၅ဦးစုစုပေါင်း ၇၂ ဦးတို့ကို ဗီတာမင်(အေ)သန်ချဆေးများ တိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ညက်ဟိန်း(အင်းစိန်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၀**

အမှတ်(၁) ယာဉ်ထိန်းရဲဒု-တပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဝန်ကြီးဌာနများ၊ စာသင်ကျောင်းများနှင့်ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ပျဉ်းမနားမြို့နယ် ရန်အောင်(၁) အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

**(သတင်းစဉ်)**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**
မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ရေးအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ကျင်းပသောအခမ်းအနားသည် ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဖြစ်သည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များနှင့် ကိုက်ညီသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများကို မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းရေးဆွဲလျက်ရှိပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများရေးဆွဲရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး ဥပဒေများအပေါ်ပြင်ဆင်မှုများ အကြိမ်ကြိမ်ပြုလုပ်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဖြစ်သော တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)၏ တာဝန်ခံ Mr. Steve Parker နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်များနှင့်စပ်လျဉ်း၍ စာတမ်းများကို ပြည်တွင်း၊ ပြည်ပပညာရှင်များက ဖတ်ကြားဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များက မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းလိုင်စင်ကြေးနှင့် ဝန်ဆောင်စရိတ်များ လျှော့ချပြောင်းလဲသတ်မှတ်

**ရန်ကုန် ဩဂုတ် ၂၀**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အောက်တိုဘာ ၁ ရက်မှစ၍ လုပ်ငန်းလိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ခြင်းများ၊ ဝန်ဆောင်စရိတ်များ လျှော့ချပြောင်းလဲလိုက်သော သတ်မှတ်နှုန်းထားများကို ဩဂုတ် ၁၁ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းထုတ်ပြန်ကြေညာချက်အရ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် လိုင်စင်ကြေး/လိုင်စင်အသစ်လဲလှယ်ကြေးမှာ ပြည်တွင်းဟိုတယ်လုပ်ငန်းအတွက် အခန်း ၂၀ အထိ ကျပ် ၂၅၀၀၀၀၊ အခန်း ၂၁ ခန်းမှ အခန်း ၅၀ အထိ ကျပ် ၄၅၀၀၀၀၊ အခန်း ၅၁ ခန်းမှ အခန်း ၁၀၀ အထိ ကျပ် ၉၅၀၀၀၀၊ ပြည်ပနှင့်ဖက်စပ်လုပ်ကိုင်သော ဟိုတယ်လုပ်ငန်းများအတွက် အခန်း ၅၀ အထိ အမေရိကန်ဒေါ်လာ ၂၅၀၀ နှင့်ညီမျှသော မြန်မာကျပ်၊ အခန်း ၅၁ ခန်းမှ အခန်း ၁၀၀ အထိ အမေရိကန်ဒေါ်လာ ၃၅၀၀ နှင့်ညီမျှသော မြန်မာကျပ်၊ အခန်း ၁၀၁ ခန်းနှင့်အထက်မှာ အမေရိကန်ဒေါ်လာ ၄၅၀၀ နှင့်ညီမျှသော မြန်မာကျပ်ဖြစ်သည်။ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကြေးမှာ အခန်း ၂၀ အထိ ကျပ်တစ်သိန်း၊ အခန်း ၂၁ ခန်းမှ အခန်း ၅၀ အထိ ၁၂၅၀၀၀ ကျပ်၊ အခန်း ၅၁ ခန်းနှင့်အထက် ကျပ် ၁၅၀၀၀၀ ဖြစ်သည်။ အထက်ပါလုပ်ငန်းလိုင်စင်ကြေးများအတွက် ဝန်ဆောင်ခများ သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်း ရမည်ဖြစ်သည်။

ခရီးလှည့်လည်ရေးလုပ်ငန်းအမျိုးအစားအတွက် လုပ်ငန်းလိုင်စင်ကြေး/လိုင်စင်အသစ်လဲလှယ်ကြေး (ပြည်တွင်း/ပြည်ဝင်)ခရီးစဉ်မှာ ပြည်ပနိုင်ငံသားပိုင် လိုင်စင်ကြေးနှုန်းထားမှာ အမေရိကန်ဒေါ်လာ ၁၂၅၀ နှင့်ညီမျှသော မြန်မာကျပ်၊ ရုံးခွဲကြေး(တစ်ခု)အတွက်မှာ အမေရိကန်ဒေါ်လာ ၁၅၀ နှင့်ညီမျှသော မြန်မာကျပ်၊ ပြည်ပနှင့် နိုင်ငံသားဖက်စပ်လုပ်ကိုင်သော လုပ်ငန်းအတွက် လိုင်စင်ကြေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့်ညီမျှသော မြန်မာကျပ်နှင့် ၁၂၅၀၀၀ ကျပ်၊ ရုံးခွဲကြေး(တစ်ခု)လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှင့်ညီမျှသော မြန်မာကျပ်နှင့် ကျပ် ၅၀၀၀ ဖြစ်သည်။ ပြည်တွင်းနိုင်ငံသားပိုင် လုပ်ငန်းအတွက် လိုင်စင်ကြေးမှာ ၂၀၀၀၀၀ ကျပ်၊ ရုံးခွဲကြေး(တစ်ခု)လျှင် ၁၀၀၀၀ ကျပ်သာ ဖြစ်သည်။ အထက်ပါလုပ်ငန်းလိုင်စင်ကြေးများအတွက် ဝန်ဆောင်ခများ သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်းရမည်ဖြစ်သည်။

ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အမျိုးအစားအတွက် လိုင်စင်ကြေး/လိုင်စင်အသစ် လဲလှယ်ကြေးမှာ မော်တော်ယာဉ်အမျိုးအစားများတွင် ပစ်ကပ်ယာဉ်တစ်စီးအတွက် ကျပ် ၂၅၀၀၀၊ ဆလွန်း (သို့မဟုတ်) ဗင်အတွက် ကျပ် ၆၀၀၀၀၊ ယာဉ်သေး ( ၅ ခုံမှ ၁၂ ခုံ)အတွက် ကျပ် ၇၅၀၀၀၊ ယာဉ်လတ် ( ၁၃ ခုံမှ ၂၅ ခုံ)အတွက် ကျပ် ၁၀၀၀၀၀၊ ယာဉ်အကြီး ( ၂၅ ခုံအထက်) အတွက် ကျပ် ၁၂၅၀၀၀ ဖြစ်သည်။ ရေယာဉ်များအတွက် လိုင်စင်ကြေးမှာ ပဲ့ချိတ် ကျပ် ၁၅၀၀၀၊ ခရီးသည် ၁၀၀ အထိမှာ ကျပ် ၂၅၀၀၀၊ ခရီးသည် ၁၀၁ ဦးမှ ၂၀၀ အထိမှာ ကျပ် ၅၀၀၀၀၊ ခရီးသည် ၂၀၁ ဦးအထက် ကျပ် ၇၅၀၀၀၊ အပျော်စီးရေယာဉ်မှာ ကျပ် ၅၀၀၀၀ ဖြစ်သည်။ နိုင်ငံခြား (သို့မဟုတ်) ဖက်စပ်လုပ်ငန်းများမှာ ပြည်ပပိုင်သဘော်အတွက် အမေရိကန်ဒေါ်လာ ၂၅၀၀ နှင့်ညီမျှသော မြန်မာကျပ်၊ မိုးပျံပူဖောင်းအတွက်မှာ အမေရိကန်ဒေါ်လာ ၂၅၀၀ နှင့်ညီမျှသော မြန်မာကျပ်၊ စက်တပ်ရွက်လှေမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့်ညီမျှသော မြန်မာကျပ်၊ စက်တပ်ရွက်လှေလိုင်စင်တစ်ခုလျှင် သုံးစင်းခွင့်ပြုထားပြီး သုံးစင်းထက်ပိုသော လုပ်ငန်းများအတွက် လိုင်စင်ကြေးမှာ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

အလားတူ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကြေးမှာ ယခင် ကျပ် ၅၀၀၀၀ မှ ယခု ကျပ် ၂၅၀၀၀ သို့ ပြောင်းလဲလိုက်သည်။ ယင်းအပြင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လိုင်စင်ကြေးမှာ ကျပ် ၁၅၀၀၀၊ ဧည့်လမ်းညွှန် ရက်လွန်ကြေး (တစ်ရက်) ကျပ် ၂၅၀၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်ရက်လွန်ကြေး(တစ်ရက်) ကျပ် ၁၅၀ ဖြစ်သည်။

အထက်ပါနှုန်းထားများအတိုင်း အောက်တိုဘာ ၁ ရက်မှ စတင်၍ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပြီး ယင်းမတိုင်မီ ခွင့်ပြုထားသော လိုင်စင်အသစ်များ၊ ယင်းရက်မတိုင်မီ လိုင်စင်သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးခြင်းများ၊ ပိုင်ရှင်/ကုမ္ပဏီ အမည်ပြောင်းခြင်း၊ ရုံးခန်းပြောင်းခြင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ပြောင်းခြင်း၊ လိုင်စင်တွင်ဖော်ပြသည့် ဓာတ်ပုံပြောင်းခြင်း၊ လိုင်စင်ပျက်စီးခြင်း၊ လိုင်စင်ပျောက်ဆုံးခြင်းနှင့် ရက်လွန်ဒဏ်ကြေးများ ပေးသွင်းသည့်ကိစ္စရပ်များကို ယခင်နှုန်းထားများအတိုင်းပင် ပေးသွင်းရမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ထုတ်ပြန်ထားသည်။

**(၀၀၁)**

# ရေဘေးသင့် ကျေးလက်လမ်းနှင့်တံတားများအား ပြန်လည်ပြုပြင်ရန် ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၂၀**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးလက်လမ်းနှင့် တံတားများ ထိန်းသိမ်းပြုပြင်နိုင်ရေး၊ ရေထိဆိုလာမီးများ ကောင်းမွန်ရေးနှင့် သောက်သုံးရေ အဆင်ပြေစေရေး စသည့်ကိစ္စများအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ကျွန်မတို့က ပြီးခဲ့တဲ့ရက်က ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့မှုကြောင့် ထိခိုက်ခဲ့တဲ့ ကျေးလက်လမ်းနဲ့ တံတားတွေကို ပြုပြင်ထိန်းသိမ်းနိုင်ဖို့အတွက် အခုလို ကွင်းဆင်းစစ်ဆေး တိုင်းတာတွက်ချက် စာရင်းပြုစုပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် လတ်တလောလိုအပ်နေတဲ့ ကျေးလက်နေပြည်သူတွေ သောက်သုံးရေ အဆင်ပြေရေးနဲ့ ဆိုလာမီးကောင်းမွန်မှုရှိရေးကိုလည်း တစ်ပါတည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အခု ထိပ်ဝကြီးအုပ်စု၊ ပေစိကျွန်းကျေးရွာအုပ်စုနဲ့ မြမ္မာပြာသာကျေးရွာအုပ်စုတွေကို ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်" ဟု ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စုနန္ဒာအေးက ပြောသည်။

ယခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့မှုကြောင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ အိမ်ခြေ ၁၇၁၀၀၊ အိမ်ထောင်စု ၁၆၉၄၃ စု၊ လူဦးရေ ၇၀၀၆၆ ဦး ရေဘေးသင့်ခဲ့ပြီး အိမ်ခြေ ၁၆၃၇၃ လုံးရှိ လူဦးရေ ၆၇၀၁၉ ဦးမှာ ဆင့်ထိုးနေထိုင်ရကာ အိမ်ခြေ ၇၂၇ ရှိ လူဦးရေ ၃၀၄၇ ဦးမှာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရကြောင်း သိရသည်။ ထို့ပြင် ကျေးရွာအုပ်စု ၂၇ အုပ်စုမှ မိုးစပါး ရေမြုပ်ဧရိယာ ၁၆၉၄၆ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး ၉၈၀၁ ဧက ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

"ရေဘေးသင့်လို့ ထိခိုက်ခဲ့တဲ့ ကျွန်တော်တို့ဒေသက ကျေးရွာချင်းဆက်လမ်းတွေနဲ့ တံတားတွေကို အခုလို သက်ဆိုင်ရာကလာပြီး ပြုပြင်ပေးဖို့ ကွင်းဆင်းဆောင်ရွက်ပေးကြတဲ့အတွက် ကျေးရွာအုပ်စုကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု ထိပ်ဝကြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်က ပြောသည်။

**(သပြေထွန်း)**

❑

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကြီးနားမြို့ပေါ်ရှိလမ်းများ ငွေကျပ် ၅၂ သန်းကျော်တန်ဖိုး ပျက်စီးဆုံးရှုံး

**မြစ်ကြီးနား ဩဂုတ် ၂၀**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရှိ လမ်းမကြီးများတွင် ရေပြည့်ရေလျှံကာ ငွေကျပ် ၅၂ သန်းကျော်တန်ဖိုးရှိ ကတ္တရာလမ်းများ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါလမ်းပျက်စီးခြင်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်စိုးက "ဇူလိုင် ၁၅ ရက်က မိုးရေချိန်လက်မ ၈ ဒသမ ၀၇ လက်မ ရွာသွန်းမှုကြောင့် မြစ်ကြီးနား-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် (၂၈၃/၆)နဲ့ (၂၈၇/၂)အတွင်း ကတ္တရာလမ်းအပေါ်သားနဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း မိုင်တိုင်အမှတ် (၂၃/၄)နဲ့ (၄၈/၇)အကြားမှာ တောင်ပြိုမှုတွေဖြစ်ပွားပြီး ငွေကျပ် ၁၁ ဒသမ ၅၀၀ သန်း ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ပြန်လည်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းတွေကို ရာသီဥတုအခြေအနေအရ လုပ်ငန်းဆောင်ရွက်နေစဉ်မှာပဲ ဩဂုတ် ၁၆ ရက်က မိုးရေချိန်လက်မ ၁၀ ဒသမ ၂၄ လက်မ ရွာသွန်းခဲ့တာကြောင့် မြစ်ကြီးနား-ရွှေဘိုသွားကားလမ်း မြို့ပေါ်ရှိ မြို့သစ်ကြီးရပ်ကွက်အတွင်း အရှည် ပေ ၁၃၀၀၊ အကျယ် ပေ ၆၀ နဲ့ မြို့သစ်ရပ်ကွက်အတွင်း အရှည်ပေ ၄၀၀၊ အကျယ်ပေ ၂၀ ရှိတဲ့ ကတ္တရာလမ်းအပိုင်းများ ပျက်စီးခဲ့တာကြောင့် ငွေကျပ် ၄၁ သန်းတန်ဖိုးပျက်စီးဆုံးရှုံးခဲ့ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါလမ်းအပိုင်းများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိပြီး ကတ္တရာလမ်းများ ထပ်မံပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည့်နေရာများတွင် ရေထုတ်မြောင်းကြီးများ တည်ဆောက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

❖ မထသမှ

ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်းမောင်းနှင်၍ ပုဇွန်တောင်ဈေးဘက်မှ လာရာလမ်းအတိုင်း တောင်ဥက္ကလာ(ဘေလီ) ဂိတ်ရင်းအထိ ပြေးဆွဲခြင်းလည်း ဖြစ်သည်။

ယခုအခါ အဆင့်မြှင့်တင်ပြုပြင်မှုများပြုလုပ်ထားသည့် ယာဉ် ၁၂ စီးကို Full Time အဲကွန်းဖွင့်၍ Air Con Bus ယာဉ်အဖြစ် ပြေးဆွဲပေးခြင်းဖြစ်ပြီး မူလလမ်းကြောင်းဖြစ်သော ဘုန်းကြီးလမ်း(စံပြ)တွင် မကွေ့တော့ဘဲ အနော်ရထာလမ်းအတိုင်း မော်တင်-သခင်မြပန်းခြံ- ဆင်မင်းဈေး-သိရိမင်္ဂလာဈေးဟောင်းတို့မှဖြတ်သန်း၍ ဗားကရာလမ်းပေါ်ရှိ ကြည့်မြင်တိုင် အထက(၁) အနီးနေရာအထိ လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးခြင်းဖြစ်သည်။ အပြန်ခရီးတွင် ယင်းမှ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း အနောက်ပိုင်းဆေးရုံအရှေ့မှ ဖြတ်သန်း၍ ဗဟိုရ်စည်အိမ်ရာအနီးမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တက်ကာ မူလလမ်းကြောင်းအတိုင်း တောင်ဥက္ကလာ(ဘေလီ)ဂိတ်ရင်းအထိ ပြေးဆွဲပေးခြင်းဖြစ်ကြောင်းသိရသည်။

"ခရီးသည်တွေအတွက် ဝန်ဆောင်မှုတိုးမြှင့်ပေးတဲ့အနေနဲ့ Air Con Bus တွေကို လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးတာဖြစ်ပါတယ်။ ယာဉ်စီးခကတော့ မူလအတိုင်းပဲ ဘာမှမပြောင်းလဲပါဘူး။ ဝန်ဆောင်မှုပဲ တိုးမြှင့်သွားတဲ့သဘောပါ။ လိုင်းထဲမှာ Air Con Bus အဖြစ် ထပ်ပြီးတိုးလာဖို့လည်း ရှိနေပါသေးတယ်"ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ရှင်းပြသည်။ ထိုယာဉ်လိုင်းသည် ယခင်က ချက်ပလက်ယာဉ်များဖြင့် ပြေးဆွဲခဲ့ဖူးရာမှ ယာဉ်အိုယာဉ်ဟောင်းများလဲလှယ်အပ်နှံသော မူဝါဒများအရ ပြည်ပမှတင်သွင်းထားသော ဘယ်မောင်း စီးတီးဘတ်စ်ယာဉ်ကြီးများဖြင့် ပြောင်းလဲပြေးဆွဲခဲ့ပြီး ယခုတစ်ဖန် ၎င်းယာဉ်များကို Air Con Bus ယာဉ်များအဖြစ် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့သလို အရှေ့ပေါက်မှအတက်၊ အနောက်ပေါက်မှအဆင်း သတ်မှတ်၍ ယာဉ်တွင် စာများကပ်ကာ ခရီးသည်များသိရှိစေရန် လုပ်ဆောင်ထားသည်။ ထိုယာဉ်လိုင်းသည် ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်လိုင်းများအနက် ဈေးအများအပြားရှေ့မှ ဖြတ်သန်းသွားခြင်းကြောင့် အားထားစီးနင်းသူများစွာ ရှိနေကြောင်း သိရသည်။

ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဆင့်မြှင့်တင်ကာ လုပ်ဆောင်လျက်ရှိသလို ယာဉ်ပိုင်ရှင်အချို့ကလည်း Air Con Bus ယာဉ်များအဖြစ် ပြောင်းလဲလုပ်ဆောင်လာခဲ့ကြပြီး ယခုလက်ရှိကာလတွင် Air Con Bus ယာဉ်များကို မထသ ၄၅ ယာဉ်လိုင်း၊ မထသ ၃၁ ယာဉ်လိုင်း၊ မထသ ၅၀ ယာဉ်လိုင်း၊ မထသ ၃၄ ယာဉ်လိုင်း၊ မထသ ၅၇ ယာဉ်လိုင်း၊ မထသ ၃၉ ယာဉ်လိုင်း၊ ရွှေမြန်မာယာဉ်လိုင်း၊ ငြိမ်းချမ်းကမ္ဘာ ယာဉ်လိုင်း စသည့်ယာဉ်လိုင်းများတွင် Air Con Bus ယာဉ်များကို မြင်တွေ့လာရပြီ ဖြစ်သည်။

**(စနိုး)**



## ကောလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအား အသစ်ဖွဲ့စည်းရေးဆန္ဒထုတ်ဖော်

**ကောလင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအား အသစ်ဖွဲ့စည်းပေးရေးနှင့်ပတ်သက်ပြီး ပုံကျဈေးသူ ဈေးသား ၃၀၀ တို့သည် ခွင့်ပြုချက်ရယူပြီး ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ရွှေမင်းဝံလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းတို့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ပုံကျဈေးသူ ဈေးသားများက "အရည်အချင်းပြည့်ဝတဲ့ စည်ပင်ကော်မတီရရှိရေး၊ အရည်အချင်းပြည့်ဝတဲ့ ဈေးအကျိုးတော်ဆောင်ရရှိရေး၊ အရည်အချင်းပြည့်ဝတဲ့ဈေးခေါင်းရရှိရေး၊ ပုံကျဈေးကော်မတီဖွဲ့ရေး၊ တင်းကျပ်တဲ့ဈေးစည်းမျဉ်းများ ဖျက်သိမ်းပေးရေး" ဆောင်ပုဒ်များကို ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

## ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပဲခူး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေး အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ကောလိယခန်းမ၌ ဩဂုတ် ၁၈ ရက်ကကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးနှင့် ရဲချုပ်တို့၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့စခန်းတို့မှ အရာရှိ ၅၄ ဦး၊ အခြားအဆင့် ၂၄၅ ဦး စုစုပေါင်း ၂၉၉ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

## မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တိုင်ကြားစာတွင်ပါဝင်ရမည့်အချက်များ ကြေညာထား

**မလှိုင် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ စာဖြင့်တိုင်ကြားမှုပြုလာပါက တိုင်ကြားစာခိုင်မာမှုရှိစေရန် ပါဝင်ရမည့်အချက်များကို ဩဂုတ်လ ပထမပတ်မှ စတင်အသိပေးကြေညာထားကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လိပ်မူ၍ စာဖြင့်တိုင်ကြားမှုပြုလုပ်လိုပါက တိုင်ကြားစာအဖြစ် ခိုင်မာမှုရှိစေရန်အတွက် တိုင်ကြားသူ၏ အမည်နှင့် ထိုးမြလက်မှတ်၊ တိုင်ကြားသူ၏ မှတ်ပုံတင်မိတ္တူ၊ တိုင်ကြားသူ၏ နေရပ်လိပ်စာနှင့် တိကျသော ဖုန်းနံပါတ်၊ သတ်မှတ်ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းကပ်ထားမှုများ ပါဝင်ရမည်ဖြစ်ကြောင်း၊ ဖော်ပြပါအချက်အလက်များမပါသော မပြည့်စုံသည့် တိုင်ကြားစာများကို ပစ်စာအဖြစ်သတ်မှတ်၍ တိုင်စာအဖြစ် ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းမပြုကြောင်း အများပြည်သူသိရှိအောင် အသိပေးကြေညာထားကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

■

## တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ကျောင်းအုပ်ကြီး ဦးအောင်ငွေးက အမျိုးသမီး (၅၃-၅၇)ကီလိုတန်း၊ (၆၁-၆၅) ကီလိုတန်းနှင့် အမျိုးသား (၅၃-၅၇)ကီလိုတန်း ဗန်တိုအတိုက်ပြိုင်ပွဲများတွင် ဆုရရှိသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးနောင်က အမျိုးသား (၅၇-၆၁) ကီလိုတန်း၊ (၆၁-၆၅) ကီလိုတန်း၊ (၆၅-၆၉) ကီလိုတန်းနှင့် (၆၉)ကီလိုတန်းအထက် ဗန်တိုအတိုက်ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အကောင်းဆုံးအားကစားသမားဆုများနှင့် တံခွန်စိုက်ဆုဖလားများကို ချီးမြှင့်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရှင် မရွှေဥ(မွန်ပြည်နယ်) အားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငွေအောင်က အမျိုးသားအကောင်းဆုံးအားကစားသမားဆုရှင် မောင်စိုင်းနောင် (ရှမ်းပြည်နယ်) အားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ရှမ်းပြည်နယ်အသင်းအားလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အားလည်းကောင်း တံခွန်စိုက်ဆုဖလားများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ခွဲ ရန်ကုန်ရထားရဲစခန်းမှ ရဲဒုတပ်ကြပ် မျိုးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက်က ရန်ကုန်ဘူတာကြီး အထက်တန်းဝင်/ထွက်ဂိတ်တွင် တာဝန်ဆောင်ရွက်နေစဉ် ရထားစီးရန် စောင့်ဆိုင်းနေသည့် ခရီးသည်အမျိုးသမီးတစ်ဦး သတိမေ့လဲကျသွားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန် လိုက်ပါပို့ဆောင်ပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးစဉ်။ (ရထားရဲတပ်ဖွဲ့)

## တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက နေပြည်တော်အသင်းအား နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ ဆက်လက်၍ ဗိုလ်လုပွဲစဉ်များ အပြီး ဆုချီးမြှင့်ပွဲအခမ်းအနားဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိသူအားကစားသမားများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

❐ **ကျောဖုံးမှ**

ခေါင်းတိုက်သွင်းယူကာ ရတနာပုံအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၁၅ မိနစ်တွင် ရတနာပုံအသင်း ဒုတိယဂိုးရခဲ့ပြီး ဝင်းနိုင်စိုးက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာခဲ့ပြီး ၂၇ မိနစ်တွင် တိုက်စစ်မှူး မာတူနာက ရတနာပုံအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကိုဆက်လက်စိုးမိုးနိုင်ခဲ့ပြီး ၅၈ မိနစ်တွင် ဝင်းနိုင်စိုးက စတုတ္ထဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကိုထိန်းချုပ်သွားခဲ့ပြီး ဝင်းနိုင်စိုးက ၎င်း၏ သုံးဂိုးမြောက် ဟက်ထရစ်ဂိုးနှင့် ရတနာပုံအတွက် ပဉ္စမမြောက်ဂိုးကို ၇၂ မိနစ်တွင် သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို သုံးဂိုး-ဂိုးမရှိ၊ YUSC ကွင်း၌ ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းက မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသည်။ ယခုပွဲအပြီးတွင် အဝေးကွင်း ရှုံးပွဲကြုံတွေ့ခဲ့သည့် Southern အသင်းသည် Horizon အသင်းနှင့်အတူ ပထမတန်းသို့ တန်းပြန်ဆင်းသွားရပြီဖြစ်သည်။ မကွေးအသင်းရှုံးနိမ့်ခဲ့၍ ရန်ကုန်အသင်းမှာ တစ်ပွဲကစားရန်ကျန်သေးသော်လည်း ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာရသွားပြီဖြစ်သည်။ ရတနာပုံ-ချင်းယူနိုက်တက်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပထမဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေး ကျပ်သိန်း ၁၀၀၀ နှင့် ချန်ပီယံဆုဖလားကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ယနေ့ပွဲစဉ်**

(သုဝဏ္ဏကွင်း) ရခိုင်-ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း) Horizon - ဇွဲကပင်

**(ရှိုင်းထက်ဇော်)**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုပြီဖြစ်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးတွင် ကျင်းပသည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြု အသိပေးရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းအသိပေး ရှင်းလင်းပွဲတွင် ကင်းထောက်ချုပ် ဒေါက်တာ တင်ညိုက မြန်မာနိုင်ငံ ကင်းထောက်အမျိုးသား၊ အမျိုးသမီးအဖွဲ့များသည် ၁၉၁၆ ခုနှစ်မှစ၍ ကင်းထောက်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ကာ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှု၊ ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးပေးမှုများဖြင့် မြန်မာနိုင်ငံတွင် ကင်းထောက်အဖွဲ့ ပြန်လည်ရှင်သန်လာရေးအတွက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အာရှနှင့် ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ (Asia Pacific Scout Support Centre)နှင့် ကမ္ဘာ့ကင်းထောက်ဗျူရို



(World Scout Bureau)တို့က မြန်မာနိုင်ငံအတွက် လိုအပ်သည့်လုပ်ငန်းဆွေးနွေးပွဲများကျင်းပခြင်း၊ သင်တန်းများပို့ချပေးခြင်းဖြင့် အရည်အသွေးမြှင့်တင်ပေးသည့်အပြင် မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေကို အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ တိုးတက်မှုအခြေအနေကို သုံးသပ်ကာ ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုအဖွဲ့ (World Organization of Scout Movement-WOSM)က မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ကို တင်းပြည့်အဖွဲ့ဝင်အဖြစ် ဩဂုတ် ၁၁ ရက်က အတည်ပြုသည်ဟု အကြောင်းကြားလာကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့သည် ယခင်က အစဉ်အလာကောင်း၊ အမွေကောင်းများကိုဆက်ခံကာ နိုင်ငံတော်၏ဦးဆောင်လမ်းညွှန်မှု ပညာရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် ကင်းထောက်အသိစိတ်ဓာတ်အပြည့်ဖြင့် အစဉ်အဆက် ကူညီအားပေးကြသည့် ကင်းထောက်ကြီးများ၏ အင်အားကို ရယူ၍ ကြိုးပမ်းကာ မကြာမီ ကင်းထောက် နှစ်(၁၀၀) ပြည့် အခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားကိုးအားထားရမည့်၊ သူတစ်ပါးကို ထာဝရကူညီတတ်သည့် ယဉ်ကျေးလိမ္မာသော ကင်းထောက်များ ကင်းထောက်ကတိကျင့်ဝတ်တို့ကို အခြေခံယူဆောင်ရွက်ကြမည့် မျိုးဆက်သစ်များဖြစ်ပေါ်လာရေးအတွက် အများပြည်သူများကပါ ဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြားသည်။

၎င်းနောက် နိုဝင်ဘာလတွင် ကျင်းပရန် လျာထားသည့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး တက်ရောက်လာကြသည့် ကင်းထောက်ကြီးများက ကော်မတီများအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# အများပြည်သူဆိုင်ရာလမ်းနှင့် လူသွားစင်္ကြံများတွင် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်ပေးမထားကြောင်း အသိပေးစာတန်းများ ရန်ကုန်မြို့လယ်လမ်းများတွင် မြင်တွေ့လာရ



**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ လမ်းနှင့် လူသွားစင်္ကြံများသည် အများပြည်သူနှင့်ဆိုင်သောနေရာများဖြစ်သဖြင့် မည်သူ့ကိုမျှ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် လုပ်ပိုင်ခွင့်ပေးမထားသောကြောင့် မည်သည့်အကြောင်းပြချက်မျိုးဖြင့် ငှားရမ်းခွင့်၊ ရောင်းချခွင့်မရှိကြောင်း ပါရှိသည့် အသိပေးဗီနိုင်းစာတန်းများကို လသာမြို့နယ် မဟာဗန္ဓုလလမ်းလယ်ရှိ ဓာတ်တိုင်များတွင် ကျောချင်းကပ်ချိတ်ဆွဲထားခြင်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းဘေး သစ်ပင်၊ ဓာတ်တိုင်များတွင် ချိတ်ဆွဲထားခြင်း၊ မော်တော်ယာဉ်ဖြင့် လှည့်လည်အသိပေးကြေညာခြင်းများကို ဩဂုတ် ၁၆ ရက်တွင် မြင်တွေ့လာရသည်ဟု ယင်းမြို့နယ်များ၌ နေထိုင်သူများက ပြောသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့ကျရေးအတွက် လမ်းဘေးယာဉ်ရပ်နားရန်နေရာများ ပြုလုပ်သည့်အတွက် လူသွားစင်္ကြံ (ပလက်ဖောင်း)များ ကျဉ်းမြောင်းသွားခြင်း၊ အခမဲ့ ယာဉ်ရပ်နားခွင့်ပြုခြင်းများရှိလာသည်။ နိုင်ငံတော်အတွက် ယာဉ်ရပ်နားခများ ရရှိမှုမရှိသော်လည်း မြို့လယ်နေရာအချို့တွင် ပုဂ္ဂလိကယာဉ်ရပ်နားခ ကောက်ခံနေသူအချို့ မြင်တွေ့ရဆဲရှိသည်။

အလားတူ လမ်းဘေးဈေးသည်များထံမှ အခွန်ငွေကောက်ခံမှု လုံးဝမရှိသော်လည်း ဈေးသည်များအနေဖြင့် ငွေကြေးပေးနေရဆဲဖြစ်သည်။ အမှိုက်သိမ်းဆည်းခအနေဖြင့် ခေါင်းရွက်ဈေးသည် တစ်ဦးလျှင် ငွေကျပ်ရာဂဏန်း ပေးနေရသည်ဟု လမ်းမတော်မြို့နယ် အနော်ရထာလမ်းဘေးဈေးသည်များက ဆိုသည်။

ယခင်ဈေးသည်များထံမှ ဈေးကောက် ကောက်ခံသည့် ငွေကြေးပမာဏမှာ တစ်ဦးချင်းထံမှ ငွေကြေးအနည်းအငယ်သာရှိသော်လည်း နိုင်ငံတော်အတွက် အခွန်ငွေကျပ်ဘီလီယံထိ နစ်နာမှုရှိနေသည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်ကို မီဒီယာများတွင် ဖတ်ရှုရသည်။

လမ်းဘေးဈေးသည်နှင့် လမ်းဘေးယာဉ်ရပ်နားမှုတို့မှ နိုင်ငံတော်အတွက် ငွေကြေးရရှိမှု မရှိသော်လည်း လမ်းဘေးဈေးသည်များအနေဖြင့် တစ်လလျှင် သိန်းဂဏန်းပေးနေရသည့် မြေပြင်ဖြစ်ရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကိုယ်တွေ့ မျက်မြင်စုံစမ်းသိရှိသွားမှုမှ အများပြည်သူသိရှိရန် အသိပေးမှုများ ရန်ကုန်မြို့လယ်တွင် မြင်တွေ့လာရသည်။

ရန်ကုန်မြို့လယ်တွင် တားမြစ်အသိပေးစာအမျိုးမျိုး မြင်တွေ့ရသော်လည်း အရေးယူမှုအားနည်းခြင်း၊ တစ်ပြေးညီမရှိခြင်းတို့ကြောင့် လိုက်နာမှုအားနည်းနေဆဲဖြစ်သည်။ တားမြစ်ချက်သည် စာသားအနေဖြင့်သာ မြင်တွေ့နေရပြီး ကားလမ်းများ၊ လူသွားစင်္ကြံများတွင် မီးမသုံးရဆိုသော တားမြစ်စာသားများ မြင်တွေ့ခဲ့ရသော်လည်း လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းပေါ်တွင် မီးဖိုအကြီးစားများအသုံးပြု၍ စားသောက်ဆိုင်ကြီးများ ဖွင့်လှစ်ရောင်းချနေသည်ကို မြင်တွေ့နေရသည်ဟု မဟာဗန္ဓုလလမ်းနေ ဦးသန့်ဇင်ကဆိုသည်။ အဆိုပါ တားမြစ်စာသားများရှိခဲ့သည့် ကာလအပြင် ပျောက်ကွယ်သွားသည့် ယခုကာလတို့တွင်ပါ လိုက်နာမှု မရှိသည်ကို ပြနေသကဲ့သို့ဖြစ်သည်ဟု ဆိုသည်။

နိုင်ငံတော်မှ ဖြေလျှော့မှုပေးထားသော်လည်း ပုဂ္ဂလိကအချို့မှ ငွေကြေးပမာဏများပြားစွာ ရယူနေမှုရှိပြီး အများပြည်သူ သွားလာရေးတွင် ပိတ်ဆို့မှုဖြစ်စေသည့် ဖြေရှင်းနေရဆဲ လမ်းဘေးဈေးရောင်းချမှု ကိစ္စရပ်များတွင် တစ်နိုင်တစ်ပိုင် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များနှင့် ကြီးမြင့်နေသည့် တိုက်ခန်းငှားရမ်းခနှင့် အခွန်အမျိုးမျိုးရှောင် ရောင်းချနေသော ရွက်ဖျင်တဲ ဈေးဆိုင်မျိုးစုံအများအပြား တည်ခင်းရောင်းချနေသော ဈေးဆိုင်ခန်းများကို တစ်တန်းစားတည်း မထားသင့်ဘဲ ခွဲခြားရှုမြင်အရေးယူရန်လိုသည်ဟု ဦးအောင်လှုက ပြောသည်။

စည်းကမ်းမဲ့မှုများသည် အရေးယူမှုအားနည်းခြင်း၊ ဖြေလျှော့မှုများရှိနေခြင်းကြောင့် ဖြစ်ပေါ်နေရာ ယခုရက်ပိုင်း ရန်ကုန်မြို့လယ်တွင် မြင်တွေ့လာရသော အများပိုင်မြေနေရာများတွင် ပုဂ္ဂလိကအချို့ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်များရှိသကဲ့သို့ ငွေကြေးရယူနေခြင်းအပေါ် ခွင့်ပြုထားခြင်းမရှိကြောင်း အသိပေးကြေညာမှုနှင့်အတူ ဖြစ်စဉ်များကို တစ်ပြေးညီ ထိရောက်စွာ အရေးယူလာလျှင် ယနေ့ကြုံတွေ့နေရဆဲ ယာဉ်ပိတ်ဆို့မှုများလည်း တစ်စိတ်တစ်ဒေသ လျော့နည်းလာမည်ဟု ပြောဆိုမှုများရှိနေသည်။

**(မောင်စေအောင်)**

# လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် ဩဂုတ် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲချုပ်တို့၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၂ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် ရဲတပ်ဖွဲ့မှူးများ၊ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက ဩဂုတ် ၄ ရက်က နေပြည်တော်တွင် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ တက်ရောက်ခဲ့သည့် ရဲတပ်ဖွဲ့မှူးများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲချုပ်တို့ကမှာကြားခဲ့သည့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(၃၀၇)**

# မျိုးသန့်မျိုးပွား စိုက်ခင်းမျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်

**လယ်ဝေး ဩဂုတ် ၁၉**

မျိုးကောင်းမျိုးသန့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်းသည် တောင်သူနယ်ပယ်တွင် လက်တွေ့ဆောင်ရွက်နေပြီဖြစ်၍ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကွဲနုတ်ပယ်ရေးတို့ကို တောင်သူများကိုယ်တိုင်ပါဝင်ပြီး လေ့ကျင့်ပေးခြင်းကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့နယ် ရေအိုးစင်မျိုးစေ့ထုတ်လုပ်သူများအသင်းမှ ကွင်းအမှတ် ၁၈၃၄ တောင်သူ ဦးဇော်ဝင်း၏ မနောသုခနှင့်ဆင်းသုခ စိုက်ဧက ၄၀ တွင် ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှမင်းက စိုက်ပျိုးရေးဝန်ထမ်းများနှင့်အတူ စိုက်ကွင်းထဲသို့ မျိုးကွဲနုတ်ပယ်ခြင်း လက်တွေ့ဆောင်ရွက်ခဲ့ပြီး မြို့နယ် အုပ်ချုပ်ရေးမှူးက ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ တောင်သူများမှ မိမိစပါးစိုက်ကွင်းအခြေနေများ မျက်ခြေမပြတ်စောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် တောင်သူများအား မှာကြားခဲ့သည်။

၂၀၁၆-၂၀၁၇ မိုးစပါးရာသီတွင် ရေအိုးစင်မျိုးစေ့ထုတ်လုပ်သူများအသင်း မှ မနောသုခနှင့် ဆင်းသုခ မျိုးစေ့ ထုတ်စိုက်ပျိုးခြင်း ဆောင်ရွက်လျက်ရှိပြီး မျိုးစေ့ထုတ်အသင်းမှ ထုတ်လုပ်ရောင်းချနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# စိုက်ပျိုးရေးနှင့် မြေဩဇာသုံးစွဲနည်းပညာပေးသင်တန်းဖွင့်

**အုတ်ဖို ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မတောင့်တကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုနည်းပညာပေးသင်တန်းအဖြစ် စိုက်ပျိုးရေးနှင့် မြေဩဇာသုံးစွဲခြင်းနည်းပညာပေးသင်တန်း လာရောက်ဖွင့်လှစ်ပို့ချခဲ့ပြီး ဒေသနှင့်ကိုက်ညီပြီး ဒေသခံပြည်သူများက တင်ပြတောင်းဆိုသော သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ကာ စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေးသင်တန်းများကို သင်တန်းသားများနှင့် မြေပြင်ကွင်းဆင်းပြီး လက်တွေ့ပို့ချပေးကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၅ ရက်မှ စတင်ဖွင့်လှစ်ပို့ချပြီး မတောင့်တကျေးရွာအုပ်စုရှိ ကျေးရွာများမှ ဒေသခံတောင်သူ ၅၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(သန်းဇော်)**



# ပြည်သူ့ဂုဏ်ရည်ဆုရှင် ကိုသိန်းဇော်(ခ)ကိုဇော်ဇော်၏ ဆဋ္ဌမမြောက် မန္တလေးစာကြည့်တိုက် ပုလဲမြို့နယ် ရွှေဆံပင်ပညာဒါနစာသင်ဝိုင်း၌ ဖွင့်လှစ်

**ပုလဲ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုထိုးသာကျေးရွာ ရွှေဆံပင်တံတားစခန်း ရွှေဆံပင် ပညာဒါန စာသင်ဝိုင်း၌ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးစာကြည့်တိုက်(၆) ဖွင့်ပွဲနှင့် ၂၀၁၅ -၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိသူတို့အား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စည်ကားသိုက် မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးစာကြည့်တိုက်(၆) အဆောက်အအုံအား ရွှေဆံပင်ဆရာတော်အရှင်ဝေပုလ္လ (သာသနဓဇမဟာစရိယ၊ ဉာဏတောဝိဘင်္ဂရဲ)၊ ယင်းမာပင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် ပြည်သူ့ ဂုဏ်ရည်ဆုရှင် ကိုသိန်းဇော်(ခ)ကိုဇော်ဇော်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်အတွင်းသို့ လှည့်လည် ကြည့် ရှုကြသည်။

ဆက်လက်၍ မန္တလေးစာကြည့်တိုက် (၆) ဖွင့်ပွဲနှင့် ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကိုပြုလုပ်ရာ ရွှေဆံပင်ဆရာတော် အရှင် ဝေပုလ္လ (သာသနဓဇမဟာစရိယ၊ ဉာဏတောဝိဘင်္ဂရဲ)က "ရွှေဆံပင်ပညာဒါနစာသင်ဝိုင်းကို စားဝတ်နေရေး အခက် အခဲရှိတဲ့ အနယ်နယ်အရပ်ရပ်က မိသားစုဝင်တွေရဲ့ သား၊ သမီးတွေ ပညာသင်ခရီးလမ်း ဆုံးခန်းတိုင်စေရေးကို ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူပေါင်း ၅၃ ဦးကို မွေးထုတ်ပေးခဲ့ပါတယ်။ အခုပညာသင်နှစ်မှာလည်း ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်ကို စားဝတ်နေရေးက အစ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသည်အထိ ဆရာ ဆရာမ ၃၀ နဲ့ အခမဲ့ သင်ကြားပေးလျက်ရှိပါတယ်။ ပညာဒါနစာသင်ဝိုင်းမှ ကျောင်းသား ကျောင်းသူတွေ အပါဝင် အနီးပတ်ဝန်းကျင် ကျေးရွာ ၅၀ ကျော်မှ ဒေသခံ ပြည်သူတွေရဲ့ အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားရရှိစေ ရေးကို ဦးတည်၍ ပြည်သူ့ဂုဏ်ရည်ဆုရှင် ကိုသိန်းဇော် (ခ)ကိုဇော်ဇော်နဲ့ ပူးပေါင်းပြီး မန္တလေးစာကြည့်တိုက် (၆) ကို ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်"ဟု မိန့်ကြားခဲ့သည်။



ယင်းနောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိသူများကို ရွှေဆံပင်ဆရာတော်၊ ယင်းမာပင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် တို့မှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ များက ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး မန္တလေးစာကြည့်တိုက် (၆)အတွက် သုတရသစာအုပ်မျိုးစုံ အုပ် ၂၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက ပေးအပ်လှူဒါန်းရာ ပြည်သူ့ဂုဏ်ရည်ဆုရှင် ကိုသိန်းဇော် (ခ) ကိုဇော်ဇော်က လက်ခံရယူခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဖွင့်လှစ်ခဲ့သည့် မန္တလေး စာကြည့်တိုက် (၆)အဆောက်အအုံသည် အလျား ၇၂ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ နံရံကပ်၊ သမံတ လင်းခင်း အမျိုးအစားဖြစ်ပြီး ရွှေဆံပင်ဆရာတော် အရှင် ဝေပုလ္လနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀ အကုန် အကျခံကာ ဆောက်လုပ်လှူဒါန်းပေးခြင်း ဖြစ်ကြောင်းနှင့် ပြည်သူ့ဂုဏ်ရည်ဆုရှင် ကိုသိန်းဇော်(ခ)ကိုဇော်ဇော်က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ ၅၀၀၀ ကျော်ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် နည်းပြနှင့် ဒိုင်လူကြီးများ ယခုနှစ်မှစ၍ လိုင်စင်ပြုလုပ်ရမည်

**ရန်ကုန် ဩဂုတ် ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲတွင် နည်းပြနှင့် ဒိုင်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်မည့် သူများသည် ယခုနှစ် ရန်ကုန်မြို့ မိုးလုံလေလုံအောင်ဆန်း အားကစားကွင်း၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုပြိုင်ပွဲမှစ၍ လိုင်စင်ပြုလုပ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ သိရသည်။

သို့ဖြစ်၍ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုအသင်းများတွင် နည်းပြတာဝန်အဖြစ် ထမ်းဆောင်ကြမည့်သူများနှင့် အသင်းကိုယ်စားပြုမည့် ဒိုင်လူကြီးများသည် ပြိုင်ပွဲမတိုင်မီ စက်တင်ဘာ ၇ ရက် မှ ၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ် မည့်နည်းပြနှင့် ဒိုင်လူကြီး လိုင်စင်သင်တန်းသို့ မဖြစ် မနေ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအရည်အချင်း စာမေးပွဲအောင်မြင်မှသာ အသင်းနည်းပြဆောင်ရွက်ခွင့် နှင့် ဒိုင်လူကြီးတာဝန်များကို ပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ နည်းပြနှင့် ဒိုင်လိုင်စင် သင်တန်းတက်ရောက်မည့်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တစ်သင်းလျှင် နည်းပြ နှစ်ဦး၊ ဒိုင် နှစ်ဦး တက်ရောက်ခွင့်ရှိပြီး အခြား ကရာတေးဒိုကလပ်များမှ လည်း တက်ရောက်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့် ပတ်သက်၍သော်လည်းကောင်း၊ နည်းပြ၊ ဒိုင် လိုင်စင်သင်တန်းများနှင့် ပတ်သက်၍ လည်းကောင်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဖုန်း ၀၁ ၃၇၉၉၃၉ နှင့် အီးမေးလ် (generalsecretary@myanmarkaratedo.org)သို့ အချိန်မီပေးပို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သီသီမင်း)**

# ရေနံချောင်းမြို့တွင် (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ မကြာမီဖွင့်မည်

**ရေနံချောင်း ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ တွင် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရန်ရည်ရွယ်၍ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံကို မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ တိုင်းရင်းဆေးရုံကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်၍ အောင်အောင်သော် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ကြူကြူ၏ ကြီးကြပ်မှုဖြင့် ရေနံချောင်းမြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်စံသွယ် ဦးဆောင်သော ဆေးရုံ ဝန်ထမ်းများက ဩဂုတ် ၁၇ ရက်မှ စတင်၍ ပြင်ပလူနာဌာနဖွင့်လှစ်ကာ အထွေထွေရောဂါများကို အခမဲ့ ကုသပေးလျက်ရှိကြောင်း သိရ သည်။

"ဆေးရုံမီးသွယ်တန်းဆဲမို့ မဖွင့်ခင် ပြင်ပလူနာဌာနဖွင့်လှစ်ပြီး အခမဲ့ ကုသပေးသွားမှာပါ။ ဆေးကုသဖို့ ဆေးဝါးလည်းစုံလင်ပါပြီ။ ဒါကြောင့် စတင်ကုသပေးတာဖြစ်ပြီး အထွေထွေ ရောဂါတွေအပြင် အကြောပြင်၊ ကြပ်ထုပ်ထိုး၊ ဆေးကပ်ခြင်းများကို လည်း ဆောင်ရွက်ပေးနေပါတယ်။ လာပြတဲ့လူနာတွေကတော့ ခါးနာ၊ အဆစ်နာ၊ လေငန်း၊ ပန်းနာရင်ကျပ် ရောဂါတွေ ကုသပေးရတာ များပါ တယ်"ဟု မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စံသွယ်က ပြောသည်။

**ဖြိုးမွန်ကျော်**

■



## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်ရဲဝင်းလွင်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောရာ လူကုန်ကူး၊ လူမှောင်ခိုမှုအဓိပ္ပာယ်၊ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ တွင် သိထားသင့်သည့်အချက်များ၊ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးမှုဖြစ်ပွားတတ်ပုံများ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးသူလူကုန်ကူးပွဲစားများ၏ စည်းရုံးပုံ၊ စည်းရုံးနည်း များနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးဆိုင်ရာများကို ပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ နေပြည်တော် ကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGOအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ် ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(သန့်မောင်)**

## ရေဝတီမြစ်ရေလျှံသော ကသာမြို့နယ်တွင်းရှိ ကျေးရွာများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကသာ ဩဂုတ် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ ပုလွေရွှေကျေးရွာအုပ်စုမှ အိမ်ထောင်စု ၄၀ အား ထောက်ပံ့ရေးပစ္စည်းလေးမျိုးဖြစ်သည့် ပုဆိုး၊ လုံချည်၊ ဆပ်ပြာခဲနှင့် မျက်နှာသုတ်ပဝါများထောက်ပံ့ပြီး လူဦးရေ ၁၉၈ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၉၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၁၇၈၂၀၀ ကို ဩဂုတ် ၁၇ ရက်တွင် အလယ်ကျွန်းဓမ္မာရုံ၌ ပေးအပ်လှူဒါန်းခဲ့သည်။

တစ်ရက်တည်းမှာပင် ဒုံးအော့ကျေးရွာအုပ်စုမှ ရေဘေးသင့်အိမ်ထောင်စု ကိုးစုရှိ လူဦးရေ ၃၂ ဦးအား ထောက်ပံ့ငွေကျပ် ၂၈၈၀၀ နှင့် ထောက်ပံ့ပစ္စည်း လေးမျိုးကို ဒုံးအော့ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ပေးအပ်ရာ ခရိုင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးလက် စည်ပင်၊ မီးသတ်ဦးစီးဌာနနှင့် စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက် ခဲ့ကြကြောင်း သိရသည်။

**မြင့်ဇော်(ကသာ)**




## ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲကျင်းပ

**ရေတာရှည် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် စက်မှု လယ်ယာဦးစီးဌာန အမှတ်(၄၈)စက်မှုလယ်ယာစခန်းမှ ကောက်စိုက် စက်ဖြင့်စိုက်ပျိုးမှုသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက စိုင်တမော့ကြီး ကျေးရွာ ကွင်းအမှတ် (၆၇၀-ခ)တောင်သူ ဦးချို၏ လယ်ကွက်တွင် လက်တွေ့စိုက်ပျိုးပြသခဲ့ရာ ရေတာရှည်မြို့နယ် ဝန်းကျင်မှ တောင်သူ ၄၀၀ ခန့် စိတ်ပါဝင်စားစွာ လာရောက် လေ့လာခဲ့ကြသည်။

ဆက်လက်ပြီး လာရောက်လေ့လာကြသော တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးလှမြင့်က စပါးပျိုးထောင် နည်းစနစ်၊ ပျိုးပင်များအား ထားသိုပုံစနစ်များကို လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဆန်းအောင်က ကောက်စိုက် စက်နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရ သည်။

**ရေတာရှည်(ပြန်/ဆက်)**

ကြေးမုံ



## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁- ၈ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ညပိုင်း | | ၉း၀၅ | MRTV Enterntainment Music |
| ၆း၀၀ | -အဖွင့်<br>-မိုးလေဝသအစီအစဉ်<br>ကာတွန်းအစီအစဉ် "The Girl WhoLeapt Through Time" (အပိုင်း-၂) | ၉း၂၀ | ဆရာမဒေါ်သန်းမြင့်အောင် (အပိုင်း-၂) |
| | | ၉း၄၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| | | ၉း၅၀ | ချစ်ထုံးခိုင်ခိုင် မေတ္တာမဏ္ဍိုင် |
| ၆း၅၅ | တေးဂီတအစီအစဉ် | ၉း၅၅ | အခါတိုင်းရင်းသားအက |
| ၇း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "လက်ကီးကောင်းတယ်" | ၁၀း၀၀ | မြန်မာရုပ်ရှင် "အမေ့ခြေရာ" |
| | | ၁၂း၀၀ | -အစီအစဉ်ပြီး၏ |

**ည ၉း၂၀ Live: Premier League "West Ham Vs AFC Bournem"**

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | | ဇွဲကပင်ယူနိုက်တက် FC |
| ၇း၃၅ | Business News | ၆း၃၅ | ဆိုကြမယ်၊ ပျော်ကြမယ် (ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်) |
| ၈း၃၅ | ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲပြိုင်ပွဲဝင်များလေ့လာနိုင်ရန်(အဆိုဘာသာရပ်)(မဟာဂီတ)(အခြေခံပညာ (၁၅-၂၀) အဆင့်) (အမျိုးသား၊ အမျိုးသမီး) | ၇း၁၅ | "သူ" (အပိုင်း-၁၄) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်) |
| | | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | | ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံ | | -တစ်ခါက အနုပညာမှတ်တမ်းများ "မျှော်လင့်ခုတိုင်ပြဇာတ်" |
| ၉း၅၀ | ကဗျာရိပ်မြုံ "ရှုတိုင်းယဉ်" | | -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၃၆) |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ | | -(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ)(ဝါသနာရှင် (ဒုတိယတန်း)အဆင့်) (ပထမဆု)"ရာဟုလာအမွေ တောင်းခန်း"(ရန်ကုန်တိုင်းဒေသကြီး) |
| ၁၁း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး | | |
| ၁၂း၃၅ | The Week's Special Interest | | |
| ၁၂း၅၀ | ဖျော်ဖြေမည်းရုပ်ရှင်"မိန်းကလေးရှင်ရဲ့ဆန္ဒ"(ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ ဆွေဇင်ထိုက်၊ မေဝင်းမောင်) (ဒါရိုက်တာ-အောင်မြင့်မြတ်) | | |
| ၃း၄၅ | ဥသမနိသသ MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် Horizon FCနှင့် | | |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၄း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၁၅ | မေတ္တာပို့ | ၄း၃၅ | ပျို့ပျို့မေ |
| ၇း၂၅ | ဓမ္မပူဇာတေး | ၄း၅၀ | Run & Cook |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် အပိုင်း(၄၉) |
| ၈း၁၅ | စိုက်ပျိုးသုတ | | |
| ၈း၂၅ | DVD Hits | | |
| ၈း၃၅ | အင်္ဂလိပ်စာသုတ | ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၉း၁၀ | World Wide Web | ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ | ၆း၁၀ | ဘဝကြေးမုံ |
| ၁၀း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၁၀း၂၀ | Guide For You | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့ အလင်္ကာ အပိုင်း(၃၉) |
| ၁၀း၃၀ | Cooking Art | | |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၁၁း၁၅ | Lucky Door | | -VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အဆုံးသတ်တစ်နေ့ (အပိုင်း-၆) | | -ပဟေဠိနန်းတော်<br>-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| ၁း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ (အပိုင်း-၈၉) | | -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အနားမည်းတြိဂံ အပိုင်း(၂၆) |
| ၂း၃၀ | အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး | | |

### MRTV-4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် | ၆း၁၀ | Health Fix |
| ၅း၄၀ | "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ" (အပိုင်း-၆) တရားတော်(ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၄၀) |
| | | ၇း၁၀ | Fashion Week |
| | | ၇း၄၀ | Manmar's Got Talent (Semi Final) (LIVE) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Sp Bakety 1 Year Anniversary) | ၉း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာ တည်စေသော်" (အပိုင်း-၈၅) |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) | ၁၀း၁၅ | MUSIC LIVE Tonight |
| ၉း၀၀ | Weekly Sports Diary | ၁၀း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၁၉-၂၀) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | | |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ | | |
| ၂း၂၀ | World of knowledge (Ground War: Warrior Weapon) | ၀၀း၂၀ | MRTV-4 Stage |
| ၅း၃၅ | Food & Decor | ၁း၃၅ | World of Knowledge (Ground War: Warrior Weapon) |

# The Monkey King 3 ဇာတ်ကားသစ်ကို ၂၀၁၈ ခုနှစ်တွင်ပြသမည်

ကလေးရော လူကြီးပါ ကြိုက်နှစ်သက်ကြသည့် The Monkey King ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်အဖြစ် The Monkey King 3 ကို နိုဝင်ဘာလတွင် စတင်ရိုက်ကူးကာ ၂၀၁၈ ခုနှစ်တွင် ပြသသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကား၏ ဒါရိုက်တာ Cheang Pou-soi ၏ တရုတ်မီဒီယာတစ်ခုသို့ ပြောကြားချက် အရသိရသည်။

ဟောင်ကောင်-တရုတ် ပူးတွဲရိုက်ကူးမည့် ယင်းဇာတ်ကားသစ်တွင် တရုတ်နိုင်ငံ၏ ထိပ်တန်းသရုပ်ဆောင်တစ်ဦးဖြစ်သူ Feng Shaofeng နှင့်အတူ ယင်းဇာတ်ကား၏ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သည့် ပါကျဲအဖြစ် တရုတ်မင်းသား Shen He က ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး အဓိကဇာတ်ဆောင်မင်းသမီးနေရာတွင်လည်း နာမည်ကြီးတရုတ်မင်းသမီးတစ်ဦးကို အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် The Monkey King 3 ဇာတ်ကား၏ ထုတ်လုပ်သူတစ်ဦးဖြစ်သူ Wang Haifeng က "အခုဇာတ်ကားသစ်အတွက် ဇာတ်အိမ်တည်ဆောက်မှုတွေ ပြီးစီးပါပြီ။ ဒီဇာတ်ကားသစ်မှာ အရင်ဇာတ်ကား နှစ်ကားနဲ့ နှိုင်းစာရင် အထူးပြုလုပ်ချက်တွေ၊ ဟာသပြကွက်တွေ ပိုပြီးပါဝင်ပါလိမ့်မယ်"ဟု တရုတ်မီဒီယာများကို ပြောကြားခဲ့ သည်။

၎င်းအပြင် ဟောလိဝုဒ်မှ မိတ်ကပ်ပညာရှင်တစ်ဦးဖြစ်သူ ဆူစန်စမစ်သ်ကလည်း The Monkey King 3 တွင် ရုပ်ရှင်အဖွဲ့သားတစ်ဦးအဖြစ် ပါဝင်သွားမည်ဖြစ်ရာ ယင်းဇာတ်ကားသစ်ကို ၂၀၁၈ ခုနှစ် နှစ်သစ်ကူးချိန် တွင် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

၂၀၁၄ ခုနှစ်က ထုတ်လုပ်ခဲ့သည့် The Monkey King ဇာတ်ကား၏ နောက်ဆက်တွဲအဖြစ် The Monkey King 2 ဇာတ်ကားကို ယခုနှစ်အတွင်းက ဖြန့်ချိခဲ့ပြီး ယင်းဇာတ်ကားတွင် ဟောင်ကောင်မင်းသား Aaron Kwok နှင့် တရုတ်မင်းသမီး ဂေါင်းလီ တို့က ခေါင်းဆောင်ပါဝင်ထားသည်။



The Monkey King 3 ဇာတ်ကားသစ်တွင် အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်သွားမည့် မင်းသား Feng Shaofeng နှင့် ပါကျဲအဖြစ်သရုပ်ဆောင်မည့် တရုတ်မင်းသား Shen He တို့အား တွေ့ရစဉ်။



## ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပမည့် ဂီတပွဲတော်တွင် ဂျာမန်ရော့ခ်ဂီတအဖွဲ့ ပါဝင်ဖျော်ဖြေမည်

လာမည့် အောက်တိုဘာလအတွင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် Monsoon ဂီတပွဲတော်တွင် ဂျာမန်ရော့ခ်ဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်သည့် Scorpions အဖွဲ့ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်းသိရသည်။

အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ကျင်းပမည့် အဆိုပါ ဂီတပွဲတော်တွင် Scorpions အဖွဲ့အနေဖြင့် အောက်တိုဘာ ၂၁ ရက် တစ်ရက်တည်းသာ ဟနွိုင်းမြို့ရှိ Thang Long Imperial Citadel ၌ ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

Monsoon ဂီတပွဲတော်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ပြီး ယခုနှစ်တွင် ကျင်းပမည့် အဆိုပါဂီတပွဲတော်သို့ Scorpions အဖွဲ့အပြင် ဗြိတိန်၊ ဒိန်းမတ်၊ ပြင်သစ်၊ တောင်ကိုရီးယားနှင့် ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ ဂီတပညာရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

## တောင်ကိုရီးယားထိပ်တန်းသရုပ်ဆောင်နှစ်ဦး ဆုံတွေ့ကြမည့် ဒရမ်မာဇာတ်ကားသစ် စတင်ရိုက်ကူး

မျိုးစန္ဒာမောင် - စုစည်းသည်

အာရှရုပ်ရှင်လောကတွင် ရေပန်းစားလူကြိုက်များလျက်ရှိသည့် မင်းသား လီမင်ဟိုအား ဇာတ်ကောင်နှစ်မျိုးဖြင့် ကြည့်ရှုခံစားကြရမည့် Legend of the Blue Sea ဒရမ်မာဇာတ်ကားသစ်၏ ရိုက်ကူးရေးလုပ်ငန်းများကို ဩဂုတ် ၁၉ ရက်က တောင်ကိုရီးယားနိုင်ငံ ဂိုဆန်မြို့တွင် စတင်ခဲ့ကြောင်း သိရသည်။

တရုတ်ရုပ်ရှင်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုရရှိထားသူ မင်းသမီး ဂျွန်ဂျီဟွန်းအနေဖြင့် ရေသူမတစ်ဦးအသွင်ဖြင့် ပါဝင်သရုပ်ဆောင်သွားမည့် ယင်းဇာတ်ကားကို တောင်ကိုရီးယားရုပ်သံလိုင်း အက်စ်ဘီအက်စ်မှ နိုဝင်ဘာလတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် တောင်ကိုရီးယားရုပ်ရှင်လောကမှ ဝါရင့်သရုပ်ဆောင်များဖြစ်ကြသော မွန်းဆိုရီ၊ လီဟီဂျွန်းနှင့် အခြားသော သရုပ်ဆောင်များလည်း ပါဝင်အားဖြည့်ထားကြသလို အဓိကဇာတ်အိမ်တည်ထားရာ စပိန်နိုင်ငံနှင့် ပင်လယ်ရေပြာပြာအလှတရားများခြုံလွှမ်းနေသော ကျွန်းစုနိုင်ငံ Palau သို့ ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စက်တင်ဘာလအတွင်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

"ကျော်ကြားလှတဲ့ သရုပ်ဆောင်နှစ်ဦးဖြစ်တဲ့ မင်းသား လီမင်ဟိုနဲ့ မင်းသမီး ဂျွန်ဂျီဟွန်းတို့ရဲ့ ရိုက်ကူးရေး ဒီနေ့ပဲ စတင်ပါတယ်။ သူတို့နှစ်ဦးရဲ့ နက်နဲတဲ့ သရုပ်ဆောင်ပိုင်းဆိုင်ရာတွေကို မြင်တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ထုတ်လုပ်ရေးပိုင်းမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။ မင်းသမီး ဂျွန်ဂျီဟွန်းအနေဖြင့် တောင်ကိုရီးယား ရုပ်ရှင်လောကတွင် တစ်ခေတ်တစ်ခါက နာမည်ကြီး ခဲ့သည့် My Sassy Girl ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဟာသဇာတ်ကောင်အဖြစ် သရုပ်ဆောင်ရာတွင် နာမည်ကြီး မင်းသမီးတစ်ဦးဖြစ်ခဲ့သည်။



# ၂၀၁၆ ရီယိုအိုလံပစ်သတင်းများ

## ကင်မ်ဂျုံအန် ရီယိုကိုရောက်နေသလား၊ ရွှေတံဆိပ်ဆုပြန်လည် အသိမ်းခံရနိုင်တဲ့ ရှိုင်ယန်လော့ချ် ရီယိုအိုလံပစ် (၁၅)ရက်မြောက်နေ့ ထူးခြားချက်များ

**ရီယိုအိုလံပစ်ရဲ့ ၁၅ ရက်မြောက်နေ့ဖြစ်တဲ့ ဩဂုတ်၂၀ ရက်မှာတော့ အမေရိကန်ဝါတာပိုလိုအသင်း ရွှေတံဆိပ်ဆု ဆွတ်ခူးတဲ့သတင်း၊ ရွှေတံဆိပ်ဆုရှင် ရှိုင်ယန်လော့ချ်အနေနဲ့ ဆုတံဆိပ်ပြန်လည်အသိမ်းခံရနိုင်တဲ့သတင်းအပြင် အူစိန်ဘို့ရဲ့ သုံးထပ်ကွမ်းရွှေတံဆိပ်ဆုရှင်ဖြစ်လာခြင်းစတဲ့ သတင်းတွေက ထူးခြားတဲ့ အကြောင်းအရာတွေဖြစ်မှာပါ။**



ပထမဆုံးအနေနဲ့တော့ အားလုံးစိတ်ဝင်စားနေတဲ့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်မ်ဂျုံအန် ရီယိုဒီဂျနေးဒိုးမြို့ကို ရောက်နေတယ်ဆိုတဲ့ သတင်းပါ။ ကင်မ်တစ်ယောက် မြောက်ကိုရီးယားအလံကိုင်ပြီး လူတွေကြားထဲ ပုန်းလျှိုးကွယ်လျှိုးနဲ့ မီတာ၁၅၀၀အပြေးပြိုင်ပွဲ ကြည့်ရှုနေတဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေအကြား ပျံ့နှံ့ခဲ့ပါတယ်။ သူဟာ ကစားသမားတွေနဲ့ ဆဲလ်ဖီရိုက်ကူးခဲ့သလို ရီယိုကမ်းခြေ နေရောင်အောက်မှာ အနားယူနေတဲ့ ပုံရိပ်တွေကလည်း ကမ္ဘာ့အွန်လိုင်း မီဒီယာများကြား ပလူပျံနေပါတယ်။ ဒီတော့ နောက်ဆက်တွဲအနေနဲ့ ကင်မ်တစ်ယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ အိုလံပစ်ပြိုင်ပွဲမှာ ရှိနေနိုင်ပါ့မလားဆိုတဲ့ မေးခွန်းတွေလည်း ထွက်ပေါ်လာပါတယ်။

ဒါပေမယ့် အခု ရီယိုပွဲလာကြည့်နေသူဟာ ကင်မ်မဟုတ်ဘဲ သူနဲ့အလွန်ကိုတူတဲ့ ဟောင်းဝပ်ဘ်ဆိုသူသာ ဖြစ်တယ်လို့ ဒေးလီးမေးလ်က အတိအကျကို ဖော်ပြခဲ့ပါတယ်။ မှန်ပါတယ်၊ အခုရီယိုပွဲအတွင်းရှိနေတဲ့ သူဟာ ကင်မ်လိုမဟုတ်ဘဲ ပျော်ရွှင်စရာတွေဖန်တီးတတ်သူတစ်ယောက်ဖြစ်ပြီး ဟာသတစ်ခု ဖန်တီးချင်လို့သာ အခုလို ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ကင်မ်က ရီယိုပြိုင်ပွဲကို လာရောက်ကြည့်ရှုဖို့နေနေသာသာ မြောက်ကိုရီးယား ကစားသမားတစ်ဦးက တောင်ကိုရီးယားကစားသမားနဲ့ ပွေ့ဖက်ပြီး ဆဲလ်ဖီ ရိုက်ကူးခဲ့တာကြောင့် ကင်မ်ရဲ့ ဒေါသသင့်ခံနေရတယ်ဆိုတဲ့ သတင်းတွေတောင် ထွက်နေတာပါ။

အမျိုးသမီး ဝါတာပိုလိုပြိုင်ပွဲမှာ အမေရိကန်အသင်းက အီတလီအသင်းကို ၁၂-၅နဲ့ အနိုင်ကစားပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အသင်းနည်းပြ ခရီကိုရင်ကတော့ အခုအောင်မြင်မှုက အိုလံပစ်ပြိုင်ပွဲမစတင်မီ သေဆုံးသွားတဲ့ သူ့ရဲ့ အစ်ကိုဖြစ်သူကို ကိုယ်စားပြုတယ်လို့ ဆိုပါတယ်။

အိုလံပစ်ရွှေတံဆိပ်ဆုရှင် ရှိုင်ယန်လော့ချ်ကတော့ သူတို့ကို သေနတ်ထောက်အကြမ်းဖက်ခဲ့တယ်ဆိုတဲ့ လိမ်လည်တိုင်တန်းချက်ကြောင့် သူ့ရဲ့ ဆုတံဆိပ်ကို ပြန်လည် အသိမ်းခံရဖို့ရှိနေပါတယ်။ လော့ချ်နဲ့ အခြားအမေရိကန် ကစားသမား သုံးဦးဖြစ်တဲ့ ဂန်နာဘန့်ဇ်၊ ဂျင်မီဖီဂန်နဲ့ ဂျက်ခ်ကွန်ဂါတို့ဟာ ရီယိုဓာတ်ဆီဆိုင်တစ်ခုမှာ ဖြစ်ပွားခဲ့တဲ့ ပြဿနာကို သေနတ်ထောက်ပြီး လုယက်ခံခဲ့တယ်လို့ လိမ်လည်ခဲ့ကြတာဖြစ်ပါတယ်။ ဒီကိစ္စကြောင့် အမေရိကန် အိုလံပစ်ကော်မတီက အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကို တောင်းပန်ခဲ့ပြီးဖြစ်သလို ကစားသမားကိုယ်တိုင်ကလည်း တောင်းပန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ပြဿနာအတိမ်အနက်အပေါ် မူတည်ပြီး အိုင်အိုစီ (အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ)က ရှိုင်ယန်လော့ချ်ကို ဆုတံဆိပ် ပြန်သိမ်းနိုင်တယ်လို့ ဩဂုတ်၂၀ရက်နေ့မှာ သတင်းတွေ ထွက်လာပါတယ်။

ဟောလိဝုဒ်မင်းသား ဇက်အဖရွန်က သူနဲ့ရုပ်ချင်းအလွန်တူတဲ့ ငွေတံဆိပ်ဆုရှင် ဒိုင်ဗင်ကစားသမား မိုက်ကယ်ဟီဆန်နဲ့တွဲပြီး ဓာတ်ပုံရိုက်ကူးကာ "ကျွန်တော့်ညီ ဟီဆန်အတွက် ဂုဏ်ယူပါသည်"လို့ ဩဂုတ်၂၀ရက် သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ တင်ခဲ့ပါတယ်။

အူစိန်ဘို့က မီတာ၂၀၀ပြေးပွဲအပြီး နောက်ရက်မှာ ဆက်တိုက်ယှဉ်ပြိုင်ခဲ့ရတဲ့ ၄×၁၀၀ မီတာ လက်ဆင့်ကမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ထပ်မံရယူပြီး အိုလံပစ်ပြိုင်ပွဲ သုံးကြိမ်ဆက်တိုက်(၂၀၀၈ ပေကျင်းအိုလံပစ်၊ ၂၀၁၂ လန်ဒန်အိုလံပစ်၊ ၂၀၁၆ ရီယိုအိုလံပစ်)တွေမှာ ရွှေတံဆိပ်သုံးထပ်ကွမ်း ရယူနိုင်ခဲ့ခြင်းကြောင့် အခုဆို အိုလံပစ်ရွှေတံဆိပ်ကိုးဆုအထိ ဆွတ်ခူးနိုင်တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ရီယိုအိုလံပစ်ပြိုင်ပွဲအတွင်း ကစားသမားတွေရဲ့ ဒဏ်ရာရရှိမှု အခြေအနေက တခြား အိုလံပစ်ပြိုင်ပွဲတွေထက် မြင့်တက်နေသလို ဂရိတ်ဗြိတိန် အမျိုးသမီး ဟော်ကီအသင်းက နယ်သာလန် အမျိုးသမီး ဟော်ကီအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ယူပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်း၊ အိုလံပစ်ပြိုင်ပွဲဝင် မြောက်ကိုရီးယား အသင်းအနေနဲ့ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ဖို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကြိုးပမ်းဖို့လိုတယ်လို့ ခေါင်းဆောင်ကင်မ်က တိုက်တွန်းခဲ့တဲ့ သတင်းတွေကတော့ ဩဂုတ်၂၀ရက်ရဲ့ ထူးခြားတဲ့ အပိုင်းအစတွေအဖြစ် ကျန်ရစ်နေတော့မှာပါ။

### ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၃၉ | ၃၅ | ၃၂ | ၁၀၆ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၂၅ | ၂၂ | ၁၅ | ၆၂ |
| ၃ | တရုတ် | ၂၃ | ၁၈ | ၂၅ | ၆၆ |
| ၄ | ဂျာမနီ | ၁၆ | ၉ | ၁၄ | ၃၉ |
| ၅ | ရုရှား | ၁၃ | ၁၆ | ၁၉ | ၄၈ |
| ၆ | ဂျပန် | ၁၂ | ၈ | ၂၁ | ၄၁ |
| ၇ | ပြင်သစ် | ၉ | ၁၅ | ၁၄ | ၃၈ |
| ၈ | ဩစတြေးလျ | ၈ | ၁၁ | ၁၀ | ၂၉ |
| ၉ | အီတလီ | ၈ | ၁၁ | ၆ | ၂၅ |
| ၁၀ | နယ်သာလန် | ၈ | ၆ | ၄ | ၁၈ |
| ၁၁ | တောင်ကိုရီးယား | ၈ | ၃ | ၈ | ၁၉ |
| ၁၂ | ဟန်ဂေရီ | ၈ | ၃ | ၄ | ၁၅ |
| ၁၃ | စပိန် | ၆ | ၂ | ၄ | ၁၂ |
| ၁၄ | ဂျမေကာ | ၆ | ၁ | ၂ | ၉ |
| ၁၅ | ဘရာဇီး | ၅ | ၆ | ၅ | ၁၆ |
| ၁၆ | ကင်ညာ | ၅ | ၅ | ၀ | ၁၀ |
| ၁၇ | ခရိုအေးရှား | ၅ | ၂ | ၁ | ၈ |
| ၁၈ | နယူးဇီလန် | ၄ | ၈ | ၄ | ၁၆ |
| ၁၉ | ကနေဒါ | ၄ | ၃ | ၁၄ | ၂၁ |
| ၂၀ | ကာဇက်စတန် | ၃ | ၅ | ၉ | ၁၇ |

**မှတ်ချက် -**

**၂၀-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည - ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။**

**ဇော်ဝင်း**

## ရီယိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီအသင်းက ဆွီဒင်အသင်းကို အနိုင်ယူ



ဩဂုတ်၂၀ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျာမနီအမျိုးသမီးအသင်းသည် ဆွီဒင်အမျိုးသမီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့ပြီးနောက် ၎င်းတို့ အသင်းအတွက် အိုလံပစ်ရွှေတံဆိပ်ဆုကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဂျာမနီအသင်းအတွက် ဦးဆောင်ဂိုးကို မာရော့ဇ်ဇန်က သွင်းယူခဲ့ပြီးနောက် ဆွီဒင်မှ ဆမ်ဘရန့်က ချေပဂိုးပြန်လည်သွင်းယူခဲ့သေးသည်။ သို့သော် မာရော့ဇ်ဆန်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ကန်သွင်းချက်မှာ ဆွီဒင်အသင်းလူတံတိုင်းနှင့်ထိပြီး ဂိုးဝင်သွားခဲ့ခြင်းကြောင့် ဆွီဒင်တို့ အသည်းကွဲခဲ့ရခြင်းဖြစ်သည်။

ဆွီဒင်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် လက်ရှိချန်ပီယံအမေရိကန်အသင်းကို အနိုင်ယူခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ဗိုလ်စွဲရန်ရေပန်းစားခဲ့သည့် ဘရာဇီးအသင်းကို ဆက်လက် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ဆော်ပေါ်လိုမြို့တွင် ယှဉ်ပြိုင်ခဲ့သည့် တတိယနေရာလုပွဲတွင် ကနေဒါအမျိုးသမီးအသင်းက အိမ်ရှင်ဘရာဇီးအမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး တတိယကြေးတံဆိပ်ဆု ရယူနိုင်ခဲ့သည်။

**မေလဲ့သင်း-ရေးသားသည်**

### ဩဂုတ် ၂၀ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၂**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၀ | ဆောက်သမ်တန် |
| စတုတ်စီးတီး | ၁ | - | ၄ | မန်စီးတီး |
| ဆွမ်ဆီး | ၀ | - | ၂ | ဟားလ်စီးတီး |
| စပါး | ၁ | - | ၀ | ခရစ္စတယ်ပဲလေ့စ် |
| ဝက်ဖို့ဒ် | ၁ | - | ၂ | ချယ်လ်ဆီး |
| ဝက်စ်ဘရွန်း | ၁ | - | ၂ | အဲဗာတန် |
| ဘန်လေ | ၂ | - | ၀ | လီဗာပူး |

**လာလီဂါ ပွဲစဉ်-၁**

| | | | | |
|---|---|---|---|---|
| မာလာဂါ | ၁ | - | ၁ | အိုဆာဆူနာ |
| ဒီပို့တီဗို | ၂ | - | ၁ | အီဘား |

**ပြင်သစ်လီဂူး ပွဲစဉ်-၂**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၂ | - | ၀ | ကိန်း |
| နန့်တက်စ် | ၀ | - | ၁ | မိုနာကို |

**မောင်မောင်ဇော်**

## မြန်မာ့လက်ရွေးစင်အသင်း ဥရောပငါးနိုင်ငံတွင် တစ်လကျော် လေ့ကျင့်မည်

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယခုရက်ပိုင်းအတွင်း စတင်လေ့ကျင့်မည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ဥရောပဘောလုံးအင်အားကြီး နိုင်ငံများအပါအဝင် နိုင်ငံငါးနိုင်ငံ၌ တစ်လကျော်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ဥရောပလေ့ကျင့်ရေးခရီးစဉ်မှာ စက်တင်ဘာ ၁၀ ရက်တွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကာ ရက်ပေါင်း ၃၀ ကျော်ကြာမြင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဂျာမနီနိုင်ငံအပါအဝင် နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဟန်ဂေရီနှင့် ဆိုက်ပရပ်စ် နိုင်ငံတို့၌ လေ့ကျင့်မည်ဖြစ်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ ဥရောပခြေစမ်းခရီးစဉ်ကိုသာ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကစားမည့်ခြေစမ်းပွဲများကို ထုတ်ပြန်ခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ မတိုင်မီအထိ ထိရောက်သောပြင်ဆင်မှုဖြစ်လာစေရန် ဥရောပနိုင်ငံများသို့ ကာလရှည်သွားရောက်ခြင်းဖြစ်ပြီး ခြေစမ်းပွဲအနည်းဆုံး ငါးပွဲအထက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ဩဂုတ် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်း ခရီးစဉ်မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အကြို သဘောတူညီမှုရရှိထားသည်။ ဆူဇူကီးဖလားပြိုင်ပွဲနောက်ဆုံးအဆင့်ကို မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည်အုပ်စု(ခ)၌ မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင်အသင်းတို့နှင့် အတူကျရောက်နေသည်။ နောက်ဆုံးအဆင့်ပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးပြိုင်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့် ဇွန်လဆန်းပိုင်းက လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ တတိယနေရာရရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

❖

## မုံရွာမြို့တွင် အလုပ်အကိုင်နှင့် ကိုးကွယ်မှုဆိုင်ရာ အချက်အလက်များ ရှင်းလင်း

**မုံရွာ ဩဂုတ် ၂၀**
၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အလုပ်အကိုင်နှင့် ကိုးကွယ်မှုဆိုင်ရာ အချက်အလက်များ ရှင်းလင်းခြင်းအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော စစ်ကိုင်းတိုင်းဒေသကြီး၏ အလုပ်အကိုင်နှင့် ကိုးကွယ်မှုဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များဖြင့် နှိုင်းယှဉ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မီဒီယာများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးဟောပြောပွဲ ပိတောက်ခြံရွာတွင်ပြုလုပ်

**ဝက်လက် ဩဂုတ် ၂၀**
ကျေးရွာနေပြည်သူများ ကွမ်းစားခြင်းဖြင့် ရရှိနိုင်သောဆိုးကျိုးများကို သိရှိရှောင်ရှားနိုင်ရန်နှင့် အသိပညာဗဟုသုတရှိစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ကျေးရွာစာကြည့်တိုက် ရှင်သန်ရေး ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက ပိတောက်ခြံကျေးရွာ၌ ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး၊ စာပေလေ့လာဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်း အန္တရာယ်များအကြောင်း အသိပညာပေးဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့သည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းပုံများ၊ နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှု မှတ်တမ်းပုံများ၊ နံရံကပ်ဓာတ်ပုံများကိုပြသရာ ကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး သုတ၊ ရသစာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေရင်ကျော်ဣစ္ဆာသယမဟိဒ္ဓိ သာသနာရက္ခိတ ပရဟိတကာရီ အသင်းမှ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့် ရွှေဂူကျေးရွာမှ အိမ်ထောင်စု ၅၀၊ ကိုင်းစုကျေးရွာမှ အိမ်ထောင်စု ၉၀နှင့် ရေလယ် ကျွန်းကျေးရွာမှအိမ်ထောင်စု ၁၂၀ ခန့်ကို ငွေကျပ် ၃၆သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ သောက်ရေသန့်၊ ကြာဇံ၊ ခေါက်ဆွဲနှင့် အဝတ်အထည်မျိုးစုံကိုကျေးရွာအရောက်လှူဒါန်းခဲ့သည်။** သတင်းနှင့်ဓာတ်ပုံ- သန်းထွန်း(လှိုင်သာယာ)

## ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်မှုဖြင့် ကျေးရွာမြေငှားဂရန်များထုတ်ပေး

**ကနီ ဩဂုတ် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် နိုင်ငံတော်အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖြစ် ဩဂုတ် ၁၇ ရက်က တဇယ်ချောင်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ မြေငှားဂရန်များ ထုတ်ပေးခြင်းအခမ်းအနားကို အဆိုပါကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မင်းကုန်းကျေးရွာ မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားတွင် ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က မြေငှားဂရန်များကို မြေပိုင်ဆိုင်သူ၏ အမည်ပေါက်ခွင့်ရရှိသည့်အတွက် ပိုင်ဆိုင်မှုခိုင်မာလာခြင်း၊ အရှုပ်အရှင်းများ ကင်းရှင်းစွာ သားစဉ်မြေးဆက် စိတ်ချလုံခြုံမှုကိုရရှိခြင်း၊ မြေတန်ဖိုးမြင့်မားလာခြင်း၊ မြို့မြေများကဲ့သို့ မြေငှားဂရန်ရရှိခဲ့သဖြင့် မြို့နေပြည်သူများနည်းတူ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်းနှင့် မြေငှားဂရန်ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်သူများအား မြေငှားဂရန်ကတ်ပြားများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေးနှင့် ဦးထွန်းထွန်းဝင်း၊ ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းတို့က အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ မြေငှားဂရန်ထုတ်ပေးခဲ့သော မင်းကုန်းကျေးရွာမှာ စုစုပေါင်း ၁၆ ဒသမ ၉၄၄ ဧကရှိပြီး အိမ်ခြေတည်ဆောက်နေထိုင်မှု ၇၇ အိမ်ရှိသဖြင့် မြေငှားဂရန် ၇၇ ခုထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဆလိုင်း(ပြန်/ဆက်)**

## ပထမအကြိမ်ဒေသခွဲဆိုင်ရာ မုတ်သုံဖိုရမ်ဆွေးနွေးပွဲ တောင်ကြီးတွင် ကျင်းပ

**တောင်ကြီး ဩဂုတ် ၂၀**
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် သဘာဝဘေး ကြိုတင်ကာကွယ်ရေး ဗဟိုဌာန (RIMES)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ပထမအကြိမ် ဒေသခွဲဆိုင်ရာ မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က တောင်ကြီးမြို့ရှိ ချယ်ရီကွင်းဟိုတယ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုချို၊Chrestian Aid ကိုယ်စားလှယ် Program manager ဦးအောင်မြတ်ခိုင်နှင့် ထိုင်းနိုင်ငံအခြေစိုက် သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES)မှ Program Officer Ms. Nina Karla Alparcew တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တက်ရောက်လာသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခဲ့သည်။

ရာသီဥတုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ အသုံးချခြင်းနှင့်အခြေခံဗဟုသုတများအား ဆန်းစစ်ခြင်း၊ မုတ်သုံဖိုရမ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးစနစ်တို့၏ ဆက်စပ်ပုံများ၊ သတင်းနှင့်ခန့်မှန်းချက်များအပေါ်တွင် အသုံးချဆောင်ရွက်မှုများ၏ အတွေ့အကြုံများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက်ရှင်းလင်းတင်ပြချက်များကို တက်ရောက်လာသူများက သိရှိလိုသည့်အချက်များ အသေးစိတ်မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မြစ်ရေဝင်ရောက်၍ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာပေးအပ်

**ဆိပ်ဖြူ ဩဂုတ် ၂၀**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်မှ ဧရာတီမြစ်ရေဝင်ရောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါးနှင့် စပါး(စံပြကွက်) စိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက မြင်ကဝကျေးရွာ အောင်ချမ်းသာမွှောရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက ၂၀၁၆ ခုနှစ် မိုးစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုး ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဌေးဌေးအေးက မြစ်ရေဝင်ရောက်၍ ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေများအတွက် စိုက်ပျိုးရေးဦးစီးဌာနက လျာထားချက်ပြည့်မီစွာ အချိန်မီ ပြုပြင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် နည်းပညာ၊ မျိုးစေ့ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြစ်ရေဝင်ရောက်၍ ထိခိုက်ပျက်စီးခဲ့သည့် တောင်သူ ၂၄ ဦးအား တစ်ဧကလျှင် မျိုးစပါး တစ်တင်းခွဲနှုန်းဖြင့် ရွှေပြည်ဌေး မျိုးစပါး ၅၂ တင်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိက အောက်ဆိပ်လျှပ်စစ်မြစ်ရေးတင်စနစ်မှ စပါး(စံပြကွက်) စိုက်ပျိုးသည့် တောင်သူများကို ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြင်ကဝကျေးရွာမှ အုပ်ချုပ်ရေးမှူးတို့သည် မြစ်ရေဝင်ရောက် ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေများကို စိုက်ပျိုးရေးဌာနမှ နည်းပညာများဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် တောင်သူများ စပါးစိုက်ပျိုးရာတွင် တွေ့ကြုံနေရသည့် အလုပ်သမားရှားပါးမှုပြဿနာနှင့် စပါးပျိုးပြဿနာများ ဖြေရှင်းကူညီဆောင်ရွက်လျက်ရှိသည့် တိုက်ရိုက်မျိုးစေ့ချ Drum Seeder ဖြင့် ပြန်လည်စိုက်ပျိုးပေးနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (IPRD)**

## အညာဒေသစကြာတောင်ဘုရားပွဲတော် တောင်တက်ပွဲတွင် ကျေးရွာဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာပါဝင်လာ

**မိတ္ထီလာ ဩဂုတ် ၂၀**
မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အညာဒေသကျေးရွာတစ်ခုဖြစ်သည့် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းကျေးရွာတွင်တည်ရှိသည့် စကြာတောင် ဘုရားပွဲတော်တောင်တက်ပွဲတွင် ကျေးရွာဒေသခံတောင်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။



"အညာဒေသ စကြာတောင်ဘုရားပွဲတော်ကို ဝါခေါင်လဆန်း ၈ရက်ကနေ ဝါခေါင်လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာနဲ့ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်တာ ဖြစ်ပါတယ်။ ဝါခေါင်လပြည့်နေ့ဆိုရင် အခုလို တောင်တက်ပွဲကို ခံစပ်ကုန်းကျေးရွာ (အရှေ့၊ အနောက်)နှစ်ရွာ၊ ကူကုန်း၊ ဘူးကိုင်း၊ နန္ဒင်းတော်ဘိုးတော်ရွာ၊ ခံစပ်ကုန်းနဲ့ကပ်နေတဲ့ ပျားရွာ၊ မြင်းခြံ၊ တောင်သာ၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီး၊ ဂန့်ဂေါစတဲ့ အနယ်နယ် အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ပါဝင်တက်ရောက်ကြပြီး တောင်ပေါ်ရောက်ရင် အနော်ရထာမင်း ပြုပြင်တည်ထားကိုးကွယ်တဲ့ မြစည်းခုံစေတီတော်ကို ဆီမီး၊ ရေချမ်း၊ ပန်း ဆက်ကပ်လှူဒါန်း ဖူးမြော်ကြတယ်" ဟု ဘူးကိုင်းကျေးရွာဒေသခံ ကိုဇော်လင်းက ပြောသည်။

ယခုနှစ် စကြာတောင် ဘုရားပွဲတော်တွင် ရွှေမန်းသားဖိုးချစ်ဇာတ်အဖွဲ့ လာရောက် ကပြဖျော်ဖြေပြီး ဘုရားပွဲဈေးတန်းတွင် ဆိုင်ခန်းကြီး၊ ဆိုင်ခန်းငယ်ပေါင်း ၁၂၀၀ ကျော်ခန့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းရောင်းချကြသည်။

ဘုရားပွဲတော်သို့ လာရောက်သူတိုင်း ဝါခေါင်လပြည့်တွင် စကြာတောင်တက်ပွဲကို ပါဝင်ဆင်နွှဲကြသဖြင့် ခံစပ်ကုန်းကျေးရွာ မြောက်ဘက် ၄ ဖာလုံကွာဝေးသည့်နေရာတွင်ရှိသော စကြာတောင်ခြေနှင့် တောင်တက်လမ်းတစ်လျှောက်တွင် ကျေးရွာဒေသခံများ၊ ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံမကျ စည်ကားခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေါနတောင်ကမ်းပါးယံပြိုကျ

**ကော့ကရိတ် ဩဂုတ် ၂၀**
မြဝတီ-ကော့ကရိတ် အာရှလမ်းသစ် KM 154 မှတ်တိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေါနတောင်ကမ်းပါးယံပြိုဆင်းကာ ဩဂုတ် ၁၇ ရက်က လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း ဒေသခံကားသမားများထံမှ သိရသည်။



ယခုလ ဒုတိယပတ်အတွင်း နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေတက်ခြင်း၊ တောင်ကျရေလိမ့်ဆင်းခြင်းများ ပြင်းထန်စွာဖြစ်ပေါ်ခဲ့ပြီးနောက် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီဝန်းကျင်က အဆိုပါမိုင်တိုင်ရှိ တောင်ကမ်းပါယံ ပြိုဆင်းလာမှုနှင့်အတူ လမ်းပေါ်သို့မြေသားများ ဖုံးလွှမ်းသွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါမိုင်တိုင်အနီး တာဝန်ကျနယ်ခြားစောင့်တပ်မှ ရဲဘော်တစ်ဦးက ပြောကြားခဲ့သည်။

"နံနက် ၁၀ နာရီလောက်ကတည်းက ပြိုကျတာပါ။ ကော့ကရိတ်မြို့နယ် လမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အတူ လုပ်သားအင်အား ၄၀ ခန့်နှင့် နယ်မြေလုံခြုံရေး တာဝန်ယူထားတဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေ၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းထိုက်အောင် ဦးစီးအဖွဲ့နဲ့ ကော့ကရိတ်မြို့ ယာဉ်ထိန်းတပ်စုတွေလာရောက်ပြီး စက်ယန္တရားတွေ၊ လုပ်သားအင်အားတွေနဲ့ လုပ်လိုက်၊ ကားတွေထိန်းပြီး လွှတ်လိုက်လုပ်ခဲ့သဖြင့် မွန်းလွဲ နှစ်နာရီခွဲခန့်လောက်မှာ လမ်းပွင့်သွားပါတယ်" ဟု အခင်းဖြစ်နေရာအနီး ထမင်းဆိုင်ဖွင့်လှစ်ထားသည့် ဒေါ်မွန်မက ပြောသည်။

'တောင်ပေါ်လမ်း မြေပြိုလမ်းပိတ်တယ်ဆိုပေမယ့် ခရီးသွားကားတွေ အချိန်အကြာကြီး မစောင့်ခဲ့ရပါဘူး။ မြေစာသယ်ယာဉ်နဲ့ မြေထိုးယာဉ်တွေ အလုပ်လုပ်နေစဉ်သာ ခရီးသွားများအန္တရာယ်မရှိစေရေးအတွက် နှစ်ဖက်အချက်ပြသွားလာစေခြင်းကြောင့် ခဏတားရခြင်းဖြစ်ပါတယ်'ဟု ကော့ကရိတ်မြို့နယ် လမ်းဦးစီးဌာနမှ လုပ်သားတစ်ဦးက ပြောသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မေတ္တာတရားနှင့် နိုင်ငံသားတို့၏အနာဂတ် ဟောပြောဆွေးနွေးပွဲ တောင်ငူ၌ကျင်းပ

**တောင်ငူ ဩဂုတ် ၂၀**
တောင်ငူမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကြီးမှူး၍ မေတ္တာတရားနှင့် နိုင်ငံသားတို့၏ အနာဂတ်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (တောင်ငူ)၌ ကျင်းပရာ ရဟန်းစာဆို မင်းဝေနိုင်(ဟသ်ာတ) က အဖွင့်အမှာစကား ပြောကြားပြီး တောင်ငူမြို့နယ် စာပေနှင့် စာနယ်ဇင်းအသင်းဥက္ကဋ္ဌ ဦးစံလှ(စံ-ကေတု)က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ၊ ဆရာမများဖြစ်ကြသော ဆရာမ စန်းစန်းနွဲ့ (သာယာဝတီ)၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ဆရာမျိုးမြင့်ညိမ်း၊ ဆရာမခင်သန္တာ၊ ဆရာဒေါက်တာသိန်းအုန်း၊ ဆရာအနော်မာနှင့် ဆရာမသွေး(စစ်ကိုင်း) တို့ကအသီးသီး ဟောပြောဆွေးနွေးကြပြီး တက်ရောက်ကြသည့် ပရိသတ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ဟောပြောဆွေးနွေးပွဲသို့ ဆရာတော်၊ သံဃာတော်များ၊ ဘာသာပေါင်း စုံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။ **၁၂၈**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

**လှိုင်းဘွဲ့ ဩဂုတ် ၂၀**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဩဂုတ်လအတွင်း ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ကျေးရွာများတွင် စီမံကိန်းရေးဆွဲရခြင်း ရည်ရွယ်ချက်ဖြစ်သော ကျေးရွာရှိ ရွာသူ ရွာသားများ မိမိတို့ကိုယ်တိုင်သုံးသပ်တင်ပြတတ်စေရန်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ လာရောက်သည့်အခါ ကျေးရွာအခြေအနေများနှင့် ရွာသူ ရွာသားများ လိုလားချက်ကို မှန်ကန်စွာ စီမံတတ်စေရန် လုပ်ငန်းရှင်စေတနာရှင်များ လှူဒါန်းခြင်း၊ ရင်းနှီးမြှုပ်နှံရာတွင် ကျေးရွာလိုအပ်ချက်ဆန္ဒနှင့် အခြေအနေသိရှိပြီး လျင်မြန်စွာ အကောင်အထည်ဖော်နိုင်စေရန် မူဝါဒရေးရာနှင့် လုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်၍ အချိန်နှင့်တစ်ပြေးညီတင်ပြနိုင်စေရန်၊ ကျေးရွာနှင့်ပတ်သက်ပြီး စိတ်ဝင်စားသူများအတွက် သတင်းအချက်အလက် အဆင်သင့်ရရှိစေရန် ဆွေးနွေးခဲ့ကြသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာပေါင်း ၃၀၀ အတွက် စီမံကိန်းရေးဆွဲနိုင်ရန် သင်တန်းကို အကြိမ် ၂၀ ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကျေးရွာ ၁၅ ရွာစုပေါင်းကာ တစ်ရွာလျှင် နှစ်ဦးစီ တက်ရောက်သင်ကြားပို့ချ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# သောက်သုံးရေဖူလုံစွာရရှိရေးစီမံချက် ကူညီအားပေးမှုနှင့်အလုပ်ရုံဆွေးနွေးပွဲသင်တန်းပို့ချ

**ရေး ဩဂုတ် ၂၀**
မြို့နယ်အဆင့် သောက်သုံးရေ ဖူလုံစိတ်ချရေး စီမံချက်နှင့်ပတ်သက်၍ ကူညီအားပေးမှုနှင့် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းပို့ချလေ့ကျင့်ခြင်းကို ရေးမြို့မွန်ခမ္မာရုံ၌ ဩဂုတ် ၁၉ ရက်မှ ၂၂ ရက်အထိ သင်တန်းကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာသင်တန်းတွင် ဖူလုံစိတ်ချရသောရေရရှိရေး စီမံကိန်းအပေါ် မြန်မာနိုင်ငံနှင့် ပတ်သက်၍ Watwer Safety Planning(WSP) အဆင့်(၈)ဆင့်ဖြစ်သော ရေဘေးကင်းလုံခြုံရေးနှင့်တိုးတက်ကောင်းမွန်မှု ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျေးရွာ၏ ရေအရင်းအမြစ်နေရာများကို မြေပုံပေါ်တွင်ဖော်ပြခြင်း၊ ရေအရင်းအမြစ်နှင့် အိမ်ထောင်စုများတွင် ရေ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ အန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း စီမံချက်နှင့် ဦးစားပေးတိုးတက်မှု အစီအစဉ်များ စောင့်ကြည့်၍ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စီမံချက်နှင့် ဆောင်ရွက်ခြင်း၊ ကွဲပြားခြားနားသော ရေအရင်းအမြစ်များမှ လုံခြုံစိတ်ချသော ရေရရှိနိုင်ရေးအတွက်ဖွံ့ဖြိုးမှုပညာပေးခြင်း၊ လုံခြုံစိတ်ချသော ရေရရှိရေးအပေါ် ပညာပေး အစီအစဉ်များ ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲခြင်း၊ စိစစ်အတည်ပြုခြင်းတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ဦးခင်မောင်ရီက ဦးဆောင် ဆွေးနွေး ပို့ချပြီး ရေးမြို့နယ်ရှိ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ကျေးရွာပေါင်း ၁၅ ရွာမှ ၆၀ တက်ရောက်ကာ အုပ်စုများဖွဲ့၍ လက်တွေ့ပြုလုပ်ခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်း အစီအစဉ်များပါဝင်ပြီး ရန်ကုန်အခြေစိုက် အနာဂတ်ကမ္ဘာအဖွဲ့အစည်းက နည်းပညာပိုင်း ထောက်ပံ့ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**

# ပညာတန်ဆောင်(ရန်ကုန်)က လောင်းလုံးမြို့တွင် မူကြိုဆရာမများအား မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချ

**လောင်းလုံး ဩဂုတ် ၂၀**
ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ အ-ထ-က၊ အ-လ-က၊ အ-မ-ကနှင့် အ-ထ-က(ခွဲ)၊ အ-လ-က (ခွဲ)၊ အ-မ-က လွန်ကျောင်းများရှိ မူကြိုကျောင်းများ၊ ပုလောမြို့နယ်မှ မူကြိုကျောင်းများအား ပညာတန်ဆောင်(ရန်ကုန်)မှ ကျင်းပသော မူကြိုဆရာမများ မွမ်းမံသင်တန်း (Refresher ECCD Teachers Training) ကို လောင်းလုံးမြို့ (က) ရပ်ကွက် အခြေခံပညာမူလွန်ကျောင်း၌ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

ယင်းသင်တန်းတွင် လောင်းလုံးမြို့နယ်မှ မူကြိုကျောင်း ကိုးကျောင်းမှ သင်တန်းသူ ၁၂ ဦး၊ ပုလောမြို့နယ် မူကြိုကျောင်းငါးကျောင်းမှ သင်တန်းသူကိုးဦး စုစုပေါင်း သင်တန်းသူ ၂၁ ဦးအား ပညာတန်ဆောင် (ရန်ကုန်) မှ သင်တန်းနည်းပြ ဒေါ်အေးအေးဟန်၊ ဒေါ်ခင်ဇာလီလွင်၊ ဒေါ်ချစ်စုဝင်းတို့က ကလေးဖွံ့ဖြိုးမှုအကြောင်း၊ သင်ခန်းစာရေးဆွဲနည်း၊ သင်ထောက်ကူလက်တွေ့ပြုလုပ်နည်း၊ ကလေးများနှင့် သက်ဆိုင်သည့် သီချင်း၊ ကဗျာများ၊ ဆရာမများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများစသည့် သင်ခန်းစာများ ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းကာလ ဩဂုတ် ၁၄ ရက်မှ ၂၃ ရက် အထိ ၁၀ ရက်ဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီ ခွဲမှညနေ ၄ နာရီခွဲအထိ သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရ သည်။

**စိုးထွန်း(ပြန်/ဆက်)**

# လမ်းဘေးဝဲ-ယာ သစ်ပင်များ၌ကပ်ထားသည့်ကြော်ငြာဆိုင်းဘုတ်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လိုက်လံဖြုတ်သိမ်း

**ဘုတလင် ဩဂုတ် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်နိမိတ်အတွင်းရှိ ကားလမ်းမကြီးတစ်လျှောက် သန့်ရှင်းလှပစေရေးအတွက် လမ်းဘေးဝဲ-ယာ တစ်လျှောက် သစ်ပင်များတွင်ကပ်ထားသည့် ကြော်ငြာများအား ဩဂုတ် ၁၈ ရက်မှ စတင်၍ ဖြုတ်သိမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြုတ်သိမ်းရာတွင် မုံရွာ-ဘုတလင်-ရေဦး ကားလမ်းတွင် ဇီးတောကျေးရွာ တိုးဂိတ်မှ လက်ပံမြောက်ကျေးရွာအထိလည်းကောင်း၊ ဘုတလင်-ကနီလမ်းပိုင်းတွင် ဝက်လူးအိုင်အုပ်စု ပြူးတူးကျေးရွာအထိလည်းကောင်း ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဖြိုး(ဘုတလင်)**



# စဉ့်ကိုင်တွင် ဒုတိယအကြိမ် မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေးပေးနိုင်ရေး ကွင်းဆင်းဆွေးနွေး

**စဉ့်ကိုင် ဩဂုတ် ၂၀**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၁ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကသဲကုန်းမြစိမ်းရောင်စီမံကိန်းကျေးရွာသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ပထမအကြိမ်ချေးငွေ သက်တမ်းကာလပြည့်မြောက်ပြီဖြစ်၍ ဒုတိယအကြိမ် မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေးပေးနိုင်ရေး စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီများ၊ အသင်းသူ အသင်းသားများနှင့် မြစိမ်းရောင်စီမံကိန်းမှရရှိခဲ့သော အကျိုးကျေးဇူးများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ စည်းကမ်းများကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ကသဲကျေးရွာ ရွာဦးဓမ္မာရုံ၌ ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကသဲကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ပေးမှုကြောင့် အားနည်းချက်၊ အားသာချက်များ သိရှိရသည့်အပြင် ပထမအကြိမ်တွင်ရရှိခဲ့သော မြစိမ်းရောင်အတိုးရန်ပုံများဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပြီး ကျေးရွာပြည်သူများ၊ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်ခင်မာစန်းက ပြောသည်။

**ထွေးထွေး(စဉ့်ကိုင်)**

## ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် မုံရွာမြို့နယ် တဲတိုက်ရွာသို့ မြစိမ်းရောင်ရန်ပုံငွေများ ပေးအပ်

**မုံရွာ ဩဂုတ် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေရရှိသည့် ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်လျက်ရှိရာ ချင်းတွင်းမြစ်ရေဝင်ရောက်နေမှုကြောင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ရန် ကျန်ရှိနေသည့် မုံရွာမြို့နယ် နတ်ကြီးကွန်းကျေးရွာအုပ်စု တဲတိုက်ကျေးရွာအား မြစ်ရေပြန်လည် ကျဆင်းသွားပြီဖြစ်သည့်အတွက် ဩဂုတ် ၁၇ ရက်က မြစိမ်းရောင်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျွန်မတို့ မုံရွာမြို့နယ်အတွင်းမှာ မြစိမ်းရောင်ရန်ပုံငွေ ရရှိတဲ့ကျေးရွာ ငါးရွာရှိပါတယ်။ အဆိုပါငါးရွာထဲမှ လှည်းဒါးကျေးရွာ၊ ပလ္လင်မြောက်ကျေးရွာ၊ တွင်းချောင်းကျေးရွာနှင့် ရှင်ငါးဆယ်ကျေးရွာတို့ကို မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ တဲတိုက်ကျေးရွာမှာက မြစ်ရေဝင်နေတဲ့အတွက် ခေတ္တချန်လှပ်ထားခဲ့ရာမှ လက်ရှိအချိန်မှာ မြစ်ရေပြန်လည် ကျဆင်းသွားပြီဖြစ်တဲ့အတွက် ယခုလို ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါတယ်။ အဲဒီရန်ပုံငွေတွေကို ကျေးရွာအရောက် ဌာနရဲ့ကြီးကြပ်မှုနဲ့ ကျေးရွာက ကော်မတီတွေ ပူးပေါင်းကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ကျေးရွာ ပုဂ္ဂလိက မီးလင်းရေးစတဲ့ လုပ်ငန်းတွေကို လုပ်ငန်းအလိုက် ဆင်းရဲပြီး အရင်းအနှီး အမှန်တကယ် လိုအပ်သူတွေကို ဦးစားပေးစနစ်ဖြင့် ထုတ်ပေးသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်ကျေးလက်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ခရိုင်ငါးလုပ်ငန်း၊ မြို့နယ်မွေးကူဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချို့နှင့် ဝန်ထမ်းများ၊ တဲတိုက်ကျေးရွာမှ မြစိမ်းရောင် ကော်မတီနှစ်ရပ်၏ ကော်မတီဝင်များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ မြစိမ်းရောင်ရန်ပုံငွေများအား ကျေးလက်နေပြည်သူများသို့ အနည်းဆုံး ၁၀၀၀၀၀ကျပ်နှင့် အများဆုံး ၃၀၀၀၀၀ကျပ်အကြား ထုတ်ချေးပေးမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## လေမဟုတ် အလုပ်နဲ့သက်သေပြဖို့လိုပါတယ်

**ခဲ သရက်တန်းစိုးရွှေ(စိတ်ပညာ)**

ဘဝတစ်ခုရရှိလာပြီဆိုသည်နှင့် ရှန်းကန်မှုကိုယ်စီ ပြုလုပ်ကြရမြဲပင်ဖြစ်သည်။ နေ့စဉ်ပုံမှန်အလုပ်အကိုင်အခွင့်အလမ်းများရှိခြင်းမှသည် စားဝတ်နေရေးပြေလည်မှုကို ရရှိနိုင်မည်ဖြစ်သည်။ ကွာခြားသောဝင်ငွေ၊ ကြံဆသော အတွေးအခေါ်နှင့် လုပ်ရပ်ပေါ်မူတည်ကာ ပိုင်ဆိုင်မှုတို့ကွာခြားသွားတတ်ပေသည်။ လက်တွေ့လောကထဲတွင် အများစုသောသူများမှာ ဆင်ခြေတစ်ခုကိုအဖော်ပြုကာ ရှောင်ခွာခြင်းအတွက် ပြောင်ညာငြင်းခြင်းများ ပြုလုပ်နေတတ်ကြပေသည်။

နေ့စဉ်လုပ်ကိုင်သော အလုပ်ကို သစ္စာမရှိခြင်း၊ မလေးစားခြင်းများမှသည် တိုးတက်ခြင်းနှင့် ဝေးကွာသွားရမြဲပင်ဖြစ်သည်။ လုပ်ကိုင်နေသော အလုပ်ကိုတန်ဖိုးမထားဘဲ အခြားအလုပ်သည်သာ အကောင်းဆုံးဟု မှတ်တွေးကာ ပေါ့လျော့နေသမျှ ဒီဘဝ ဒီအတိုင်းပင်ဖြစ်နေတတ်ပေသည်။ အောင်မြင်ခြင်း၊ ထူးချွန်ခြင်း ရရှိပိုင်ဆိုင်ထားသူတို့သည် သူတို့လုပ်ငန်းကို လေးစားချစ်ခင်စွာလုပ်ကိုင်ခြင်းဆိုသော အလေ့အထတို့ပါဝင်နေတတ်မြဲပင်ဖြစ်သည်။

အဝေးမှမြင်သမျှ တောင်တန်းသည်စိမ်းစိုကာ တစ်ဆက်တည်းဟုမြင်နေပေမည်။ အနီးကိုကြည့်သမျှ ကြမ်းတမ်းသောနေရာအသီးသီးကို တွေ့မြင်နိုင်သည်လည်းရှိနေပေသည်။ ဆင်ခြေပေးသော ပါးစပ်ထမင်းဝတ်တတ်တယ်ဆိုသောစကားအရ ဆင်ခြေပေးမှု ရှောင်ရှားသင့်လှပေသည်။ အနာဂတ်သည် မှန်းဆရခက်သည်ဟုဆိုသော်လည်း လက်ရှိလျှောက်လှမ်းနေသော ပစ္စုပ္ပန်ကို ကောင်းမွန်စွာဖြတ်သန်းသမျှ လှပသောအနာဂတ်ကို ရရှိနေမည်ဖြစ်သည်။ ကြိုးစားခြင်းသည် နိုးကြားခြင်းများကို ဖြစ်ပေါ်စေသလို အထုံပါရမီအဖြစ် တင်ကျန်ရစ်တတ်မြဲပင်ဖြစ်သည်။ လူ့လောကရောက်လာသူတိုင်း လူ့ဘဝကို တန်ဖိုးရှိအောင်နေထိုင်အသုံးချသင့်လှပေသည်။

အပျော်များသမျှ အပျက်ထံသွားတတ်ပေသည်။ လက်တွေ့လောကထဲမှ လူငယ်များစွာသည်ပင် အပျော်အဖြစ် သောက်သုံးသောအရက်များ စွဲလမ်းသွားရာမှသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဘဝပျက်သွားသည်များလည်းရှိနေပေသည်။ တန်ဘိုးရှိသောဘဝအစိတ်အပိုင်းတို့ကို မူးယစ်ဆေးနှင့် အရက်သောက်သုံးရင်း ဆုံးရှုံးသွားသည်ကို မြင်တွေ့နေရပေသည်။ လက်ရှိလောက၏ မှန်ကန်သော အောင်မြင်ရေးသီအိုရီတွင် လေမဟုတ် အလုပ်နဲ့သက်သေပြခြင်းလည်းပါဝင်နေပေသည်။ လက်တွေ့လုပ်ကိုင်သူကိုသာလျှင် လူတို့က အထင်အကြီးလေးစား တတ်မြဲပင်ဖြစ်ပေသည်။

လူတိုင်းတိုးတက်မှုကို အလိုရှိတတ်ကြပေသည်။ တိုးတက်မှုတိုင်း ဆန့်ကျင်ဘက်ဆွဲအားကို တွန်းကန်ရုန်းထွက်ရမြဲပင်ဖြစ်သည်။ အရိုးစွဲနေသော အတွေးအခေါ်အကြား ပြောင်းလဲခြင်းများကိုမွေးယူကြရမည်ဖြစ်သည်။ အပြောင်းအလဲကိုလက်ခံတတ်ခြင်းနှင့်အတူ အပြောင်းအလဲသံစဉ်အလိုက် နေထိုင်ရှင်သန်တတ်ရန် လိုအပ်လှပေသည်။ တိုးတက်လိုသူတိုင်း မတိုးတက်ခြင်းများမှ ဖောက်ထွက်ရဲသည့်သတ္တိတစ်ခုကိုအရင်းပြုကာ သဘောထားကြီးမှုတစ်ခုကိုတော့ဖြင့် ကိုင်စွဲရမည်ဖြစ်ပေသည်။

ခေတ်မီလာသောကာလတွင် ကမ္ဘာကြီး၏ ဖြစ်ပျက်ပြောင်းလဲမှုများကို လျင်မြန်စွာ သိမြင်နေကြရပေသည်။ အသုံးချခြင်းများအကြား အသုံးကျသွားသည်များလည်းရှိသလို အသုံးမချခြင်းများအကြား အသုံးမကျခြင်းနှင့် ဖြုန်းတီးပြီးဖြစ်သွားတတ်ပေသည်။ စည်းကမ်းရှိ နည်းလမ်းသိမှ တိုးတက်နိုင်သလို တိုးတက်မှုကိုလိုက်လျောညီထွေစွာ လက်ခံနိုင်ရေး၊ လူတိုင်းအသိပညာကို မြှင့်ပေးနေရမည်ဖြစ်ပေသည်။ လက်ရှိကာလတွင် အသိဉာဏ်မြင့်မှုနည်းပါးကာ ဗဟုသုတဆင်းရဲခြင်း အသွင်ဆောင်နေခြင်းကို ကျော်လွှားကြရမည်ဖြစ်သည်။

သူ့ကြောင့်ဟု လက်ညှိုးထိုးမည့်အစား ကိုယ့်အပြစ်ပါဟုဆိုကာ ပြင်ဆင်ဖို့အချိန်ရောက်နေပြီဖြစ်ပေသည်။ တိုးတက်လာသောနိုင်ငံများစွာအကြား မနိုးကြားခြင်း၊ မကြိုးစားခြင်းများဖြင့် ရှင်သန်သမျှ နောက်မှဆိုသော စကားလုံးကို ပိုင်ဆိုင်သွားမည်မှာ မလွဲပါချေ။ ရေတိုထက် ရေရှည်ကိုတွေးသင့်လှပေသည်။ လက်တွေ့ကာလတွင်မူ အပြောအဆို အတွေးအခေါ် အမူအကျင့်အဆင့်ဆင့်တိုင်း၏ ပေါ်လွင်မှုတွင် စာဖတ်အားနည်းကာ သမားရိုးကျ လုပ်ဆောင်မှုကိုလုပ်ဆောင်ခြင်းများကို တွေ့မြင်နေကြရပေသည်။ ခေါက်ရိုးတစ်ခုကို ဖြေဖို့လိုအပ်လှပါပေသည်။ ဘဝအတွက် ပတ်ဝန်းကျင်အတွက် အနာဂတ်အတွက် သမိုင်းအတွက် ယုံကြည်လေးစားမှုအတွက် အများနှင့်ရင်ပေါင်တန်းနိုင်ဖို့အတွက် အသိအမြင်မြင့်ဖို့အတွက် အနာဂတ်နိုင်ငံတော်တိုးတက်ကာ အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ဖို့အတွက် အသိအမြင်ကျဉ်းမြောင်းခြင်းဆိုသောခေါက်ရိုးတစ်ခုကို ဖြေသင့်လှပါပေသည်။ လေမဟုတ် အလုပ်နဲ့သက်သေပြဖို့ လိုအပ်လှပေသည်။

## ရေနစ်မျောပါသေဆုံးသူ၏မိသားစုအား ထောက်ပံ့ငွေ ၂၅၀၀၀၀ ကူညီပေးအပ်

**မိုင်းဆတ် ဩဂုတ် ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ဩဂုတ် ၁၅ ရက် နံနက် ၄ နာရီခွဲခန့်က မိုးရွာ၍ တောင်ကျချောင်းရေကြောင့် မျောပါသေဆုံးသွားသော မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာနေ မနန်းစံမွန်း အသက် (၃၄) နှစ်၏ မိသားစုအား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့်အဖွဲ့က ထောက်ပံ့ကြေးငွေများကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီခွဲက ကူညီပေးခဲ့သည်။

အဆိုပါ သေဆုံးသူ၏ မိသားစုအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် မိသားစုမှ ထောက်ပံ့ကြေးငွေကျပ် ၁၀၀၀၀၀၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှငွေကျပ် ၁၀၀၀၀၀နှင့် ခရိုင်ရဲမှူးကြီး ဝဏ္ဏဇော်မှ ငွေကျပ်၅၀၀၀၀ စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



## ရမည်းသင်းမြို့တွင် မေတ္တာအခါတော်နေ့နှင့် ၅၅ နှစ်မြောက် နိုင်ငံတော်သာသနာနေ့ကျင်းပ

**ရမည်းသင်း ဩဂုတ် ၂၀**
ရမည်းသင်းမြို့တွင် မေတ္တာအခါတော်နေ့နှင့် ၅၅ နှစ်မြောက် နိုင်ငံတော်သာသနာနေ့ကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပရာ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များ၊ မြို့နယ်မဘသအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ နဘူးကျင်းရွာဦးကျောင်းဆရာတော်ထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြပြီး မှန်စီရွာ ဓမ္မဒီပ ပရဟိတအဖွဲ့များက ဇာတိမာန်တေးသီချင်း၊ ဗုဒ္ဓနိုင်ငံတော်သီချင်းများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက်မြို့နယ် မဘသအဖွဲ့ အတွင်းရေးမှူး ဆရာတော်ဦးတိက္ခသာရက မဘသ(ဗဟို) ဥက္ကဋ္ဌ ဆရာတော်မှပေးပို့သော သဝဏ်လွှာအား ဖတ်ကြားပြီး မြို့နယ် မဘသအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးစန္ဒောဘာသက မြို့နယ်အတွင်းရှိ ဓမ္မစကူးသင်တန်းသားများအား သင်ထောက်ကူပစ္စည်း၊ သင်ရိုးညွှန်းတမ်း၊ ဆရာကိုင်၊ ကျောင်းသားကိုင် စာအုပ်များ ဓမ္မစကူး တဘက်များ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မြို့နယ် မဘသအဖွဲ့ ဒုတိယဥက္ကဋ္ဌ လေသာအရှေ့ကျောင်း ဆရာတော် ဦးဇောတိက က မေတ္တာအခါတော်နေ့ စာတမ်းဖတ်ကြားပြီး တွဲဘက်အတွင်းရေးမှူး ဆရာတော် ဦးကုမာရက နိုင်ငံတော် ဘာသာနေ့အကြောင်း သိကောင်းစရာများ မိန့်ကြားကာ မြို့နယ်လူပုဂ္ဂိုလ်များဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘိုဘိုက ငြိမ်းချမ်းရေး စာတမ်းဖတ်ကြားခဲ့သည်။

ယင်းနေ့ကျင်းပသော မေတ္တာအခါတော်နေ့နှင့် ၅၅ နှစ်မြောက် နိုင်ငံတော်သာသနာနေ့ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်အပါး ၇၀နှင့် လူမှုရေးအသင်းအဖွဲ့ ၅၅ ဖွဲ့တက်ရောက်ခဲ့သည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် မြို့နယ်အဆင့်အာဟာရဆိုင်ရာကျပန်းစကားပြောပြိုင်ပွဲနှင့် Role Play ပြိုင်ပွဲကျင်းပ

**လှိုင်းဘွဲ့ ဩဂုတ် ၂၀**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ၂၀၁၆ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ် မြို့နယ်အဆင့် အာဟာရဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲနှင့် Role Play ပြိုင်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲ၌ ပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် မြို့နယ်အဆင့် အာဟာရဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းဆင့်ငါးဦး၊ အလယ်တန်းဆင့်ငါးဦးနှင့် Role Play ပြိုင်ပွဲတွင် ကျောင်းခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ်ပြန်/ဆက်**



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ထန်းတစ်ပင်၊အောင်သုခ၊ မဲဒီး၊ ချိုင်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရွာခြားချောင်းပေါ်တွင် ၂၀၁၂ ခုနှစ်က တည်ဆောက်ပေးထားသည့် အရှည်ပေ၂၀၊ အကျယ် ၁၅ ပေရှိ သံပေါင်၊သစ်သားခင်းတံတားသည် မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေ တိုက်စားမှုကြောင့်ချဉ်းကပ်မြေများ ရေစီးဖြင့် မျောပါခဲ့သဖြင့် ဒေသခံများက ကိုယ့်အားကိုယ်ကိုး စုပေါင်းပြုပြင်ကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- ရွှေကုက္ကို

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ ဆန်အိတ်နှင့် အဝတ်အထည်များလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**
မြန်မာနိုင်ငံအတွင်း၌ လတ်တလော ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့် ပြည်သူများအတွက် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ ရွှေနံ့သာလူငယ်ပရဟိတအဖွဲ့မှ ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရုံးသို့ အလှူငွေ ၂၁၂၂၉၉၀ (နှစ်ဆယ့်တစ်သိန်းနှစ်သောင်းနှစ်ထောင့်ကိုးရာ့ကိုးဆယ်)၊ ဆန်ခုနစ်အိတ်နှင့် အဝတ်အထည်မျိုးစုံ အိတ် ၂၀ တို့ကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်ထံသို့ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ လူငယ်ပရဟိတအဖွဲ့အနေနဲ့ နေပြည်တော်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်ပြီး ရွှေနံ့သာတေးဂီတအဖွဲ့နဲ့အတူ တေးသီချင်းတွေသီဆိုပြီးတော့ လှည့်လည်အလှူခံပါတယ်၊ စေတနာရှင်အများပြည်သူများ၏ စုပေါင်းဒါနဖြင့် ရရှိတဲ့အလှူငွေတွေကို ယခုလိုရေဘေးသင့်ပြည်သူတွေအတွက် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ရွှေနံ့သာ လူငယ်ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးရန်နောင်က ပြောသည်။

**ရွှေရဲရင့်**

# စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၆–၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများပေးအပ်

**တောင်ကြီး သြဂုတ် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများပေးအပ်ပွဲကို သြဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်းမှ ဦးစီးဌာနများ၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ အခမ်းအနားပြုလုပ်ခဲ့ရာ ယနေ့ကျင်းပသောအခမ်းအနားသည် အခြားအခမ်း အနားများနှင့်မတူဘဲ တစ်မူထူးခြားပြီး လူသာစု၊ နတ်သာစုခေါ် ရမည့် အခမ်းအနားဖြစ်ကြောင်း၊ အင်မတန်မွန်မြတ်လှသော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများကို နိုင်ငံတော်အစိုးရ၏ကိုယ်စား ထောက်ပံ့ချီးမြှင့်မှုပြုသည့် အခမ်းအနားဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခမ်းအနားဖြစ်သည်ဟု ဦးစွာပြောလိုကြောင်း၊ ကလေးသူငယ်များ လူလားမြောက်ရန်အတွက် လိုအပ်သော အရည်အချင်း၊ အလေ့အကျင့်နှင့် ပဲ့ပြင်ဆုံးမမှုများကို မြန်မာဘုန်းတော်ကြီးကျောင်းမှရရှိ၍ အသက်အရွယ်ကြီးရင့်ပြီး အိုမင်းမစွမ်းရှိကြသူများကိုလည်း ဘုန်းတော်ကြီးကျောင်း၏ အရိပ်အာဝါသကို ခိုလှုံကာ လူသားတို့သက်သာချောင်ချိမှုကို ရယူကြကြောင်း၊ ရွာသူရွာသားများကလည်း အဘိုးအို၊ အဘွားအိုများအတွက် တဲအိမ်များဆောက်ပေးပြီး စေတနာအလျောက် ကျွေးမွေးပြုစုကြသလို စိတ်ကျန်းမာရေးမကောင်းသူများ၊ မသန်စွမ်းသူများကိုလည်း၊ အလားတူအရိပ်အာဝါသနှင့် အစားအစာများရရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင်း ဘိုးဘွားရိပ်သာခြောက်ခု၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၃၅ ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၂၈ ကျောင်းရှိပြီး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏အကျိုးကို လိုလိုလားလား ဆောင်ရွက်နေကြသော ဂေဟာကြီးကြပ်သူများ၊ မူကြိုဆရာမများ အချင်းချင်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းဆောင်တာ အဖြာဖြာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်သွားကြရန် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားခဲ့သည်။

ဆက်လက်၍ ထောက်ပံ့ငွေများပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ၂၅၆၇ ဒသမ ၉ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံသို့ ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးက ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ပေးအပ်ခဲ့သည်။

ယင်းနောက် တက်ရောက်လာသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား တောင်ကြီးမြို့ ရှမ်းရိုးမ ဘိုးဘွားရိပ်သာ ရိပ်သာကြီးကြပ်ရေးကော်မတီဝင် ဦးစွန်ကြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၁၇၀၇၁၆၀၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၅၁၄၉၇၀၀၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၃၄၅၇၇၀၀၀၊ ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းမှာ ကျပ် ၂၅၆၇၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ချောင်းရေတိုက်စားမှုကြောင့် မန္တလေး–လားရှိုးရထားလမ်း ပန်းရုံတော်ချောင်းကူး တံတား ကျိုးကျမှုအား ပြုပြင်ဆောင်ရွက်

**မန္တလေး သြဂုတ် ၂၀**

မန္တလေး-လားရှိုး-ပြင်ဦးလွင်ရထားလမ်း သိုးခြံဘူတာနှင့် ထုံးဘိုဘူတာအကြား တံတားအမှတ် ၉ ချောင်းရေတိုက်စားမှုကြောင့် အုတ်တိုင်၊ ပေ ၂၀ သံပေါင်တစ်ချောင်း၊ ၁၀ ပေ သံပေါင် သုံးချောင်းကျိုးခဲ့ပြီး မြန်မာ့မီးရထားတိုင်း ၃ လက်ထောက်အင်ဂျင်နီယာကြီးကြပ်၍ အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားစီးခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် တံတားတစ်ဖက်စီတွင် ရထားများဆိုက်ကပ်ပြီး ရထားပြောင်းပေး၍ ခရီးစဉ်မပျက် ပြေးဆွဲပေးလျက်ရှိသည်။

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အကြား မန္တလေး-ပြင်ဦးလွင်-လားရှိုးရထားလမ်း ပန်းရုံတော်ချောင်းကူးတံတားမှ မန္တလေးနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မိုးများအဆက်မပြတ်ရွာသွန်း၍ တောင်ကျရေများစီးဆင်းလာမှုကြောင့် အကျယ်ပေ ၅၀ ရှိ အမှတ် ၉ ပန်းရုံတော်ချောင်းကူးတံတားမှာ သြဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ကျိုးကျခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**



# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ၂၀၁၆ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ စွမ်းရည်ပြိုင်ပွဲများနှင့် ဂုဏ်ပြုပွဲအခမ်းအနားများ ကျင်းပမည်

**မန္တလေး သြဂုတ် ၂၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူးလျက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲများနှင့် ဂုဏ်ပြုပွဲအခမ်းအနားများကို လာမည့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား ကျင်းပမည်ဖြစ်သော ၆၉ လမ်း၊ လမ်း ၇၀ ကြား၊ ၂၈ လမ်း ၂၉ လမ်းကြားရှိ အမှတ် ၁၆ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၈ ရက်၊ ၉ ရက်တို့တွင် ရှေးဦးပြုစုခြင်းဆိုင်ရာ တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲများ၊ နှစ်ယောက်တွဲစွမ်းရည်ပြိုင်ပွဲများ၊ လေးယောက်တွဲစွမ်းရည်ပြိုင်ပွဲများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝင်းအတွင်းနှင့် အ. ထ. က ၁၆ မန္တလေးတို့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက်ပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအသီးသီးသီးမှ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် တံခွန်စိုက်ဆုများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဦးပြုစုခြင်းဆိုင်ရာသင်တန်းအများဆုံးဖွင့်လှစ်နိုင်ခဲ့သော မြို့နယ်သုံးမြို့နယ်အားလည်းကောင်း၊ အစီရင်ခံစာများ အကိုးအကားများနှင့်တကွ စနစ်တကျစိစစ်ရွေးချယ်လျက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားတွင် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သည်။

တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ ပထမဆုကို ဆုငွေကျပ် ၃၀၀၀၀၊ ဒုတိယဆုကျပ် ၂၅၀၀၀၊ တတိယဆုကျပ် ၂၀၀၀၀ နှင့် ဂုဏ်ပြုကတ်၊ ဒိုင်းများကိုလည်းကောင်း၊ နှစ်ယောက်တွဲရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ ပထမဆုကျပ် ၅၀၀၀၀၊ ဒုတိယဆုကျပ် ၃၀၀၀၀၊ တတိယဆုကျပ် ၂၀၀၀၀ နှင့် ဂုဏ်ပြုကတ်၊ ဆုဒိုင်းများကိုလည်းကောင်း၊ လေးယောက်တွဲ ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ ပထမဆုကျပ် ၆၀၀၀၀၊ ဒုတိယဆုကျပ် ၄၀၀၀၀၊ တတိယဆုကျပ် ၂၀၀၀၀ နှင့် ဂုဏ်ပြုကတ်၊ ဆုဒိုင်းတို့ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ရှေးဦးပြုစုခြင်းဆိုင်ရာသင်တန်းအများဆုံးဖွင့်လှစ်ခဲ့ကြသော သင်တန်းအများဆုံးဖွင့်လှစ်နိုင်သော မြို့နယ်သုံးမြို့နယ်အား တစ်မြို့နယ်လျှင် ဂုဏ်ပြုငွေသားကျပ် ၅၀၀၀၀ စီနှင့် ဂုဏ်ပြုကတ်၊ ဂုဏ်ပြုဆုဒိုင်းတို့ကိုလည်းကောင်း၊ ပြိုင်ပွဲအသီးအသီးမှ ပြိုင်ပွဲဝင်ကြသော အသင်းများထဲမှ အကောင်းဆုံးတံခွန်စိုက်ဆုအတွက် ဆုငွေကျပ် ၁၀၀၀၀၀ နှင့် ဂုဏ်ပြုတံခွန်စိုက်ဒိုင်း ဂုဏ်ပြုကတ်တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင်ကျရောက်မည်ဖြစ်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်မှာ first Aid for and by children 'ကလေးများအတွက် ရှေးဦးပြုစုရေး၊ ကလေးများလည်း ပါဝင်ပေး' ဖြစ်ကြောင်းသိရသည်။

**ကျော်စိုးဦး(မန္တလေး)**

## ကဗျာရွတ်ဆိုပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲ၊ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မယ်စဲ့ သြဂုတ် ၂၀**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးတို့ပူးပေါင်းကာ ကဗျာရွတ်ပြိုင်ပွဲ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကိုသြဂုတ် ၁၈ ရက်ညနေ ၃ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာဝင်းက အဖွင့်အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စာပေများကိုလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာများစွာရရှိစေခြင်းနှင့် နောင်အနာဂတ်အတွက် နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်သော သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်နှင့် လူထုဗဟိုပြု (Community Center)အဖြစ် စာကြည့်တိုက်တွင် အဆင့်မြှင့်တင်ကာ ဆောင်ရွက်ပေးနေကြောင်း စသည်များကို အသေးစိတ်ဆွေးနွေးပြောကြားခဲ့သည်။

ကဗျာရွတ်ပြိုင်ပွဲတွင် သူငယ်တန်းမှ လေးတန်းအထိ ကဗျာခေါင်းစဉ်နှစ်မျိုးဖြင့် ယှဉ်ပြိုင်သူ ၁၂ ဦးရှိပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ NGO အဖွဲ့တို့မှ ဆုများအသီးသီးပေးအပ်ခဲ့သည်။

ပြိုင်ပွဲဝင်သူ ၁၂ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးက အားပေးဆုများ ထပ်မံချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့်ကဗျာရွတ်ပြိုင်ပွဲ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောအခမ်းအနားအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အခမ်းအနားသို့တက်ရောက်လာသူများက ခင်းကျင်းပြသထားသော စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲများအား လိုက်လံကြည့်ရှုခဲ့ကြသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ NGO အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသော ထင်းများအား ပြည်သူများသို့ လွှဲပြောင်းပေးအပ်

**ယင်းမာပင် သြဂုတ် ၂၀**

သယံဇာတနှင့် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် မုံရွာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးဦး ဦးဆောင်ဝန်ထမ်းများသည် ဝါးစိမ်းတောင်ကြိုးပြင်ကာကွယ်တော ဧက ၁၀၀၀၀ အတွင်းရှိ ၁/၂၀၀၈ ကျေးရွာသုံးစိုက်ခင်း ၇၅ ဧကမှ ထွက်ရှိသော ထင်း ၈ ဒသမ ၉၁ တန်အား ကျောက်ပြုတ်ကျေးရွာ ပြည်သူများအတွက် ပထမဆုံးအကြိမ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာသော ကျောက်ပြုတ်ကျေးရွာ ဒေသခံပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် မုံရွာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ထင်းများ အခမဲ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောပြီး ၁/၂၀၀၈ ကျေးရွာသုံးစိုက်ခင်း ၇၅ ဧကမှ ထွက်ရှိသော ထင်း ၈ ဒသမ ၉၁ တန်အား ကျောက်ပြုတ်ကျေးရွာ ပြည်သူများအတွက် ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်ရာ ကျောက်ပြုတ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှအောင်နှင့် ကျေးရွာသုံးထင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးဌေးအောင်တို့ထံ အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် တာဝန်ရှိသူများက ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝါးစိမ်းတောင်ကြိုးပြင်ကာကွယ်တော ဧက ၁၀၀၀၀ အတွင်းရှိ၁/၂၀၁၆ ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၃၀ အတွင်း၌ ယူကလစ် ၁၈ ဧက၊ မယ်ဇလီ ရှစ်ဧက၊ ရှားလေးဧကအတွင်းရှိ စုစုပေါင်းစိုက်ပျိုးပင် ၉၀၀၀ ခန့် တည်ထောင်ပေါင်းရှင်းမြေဆွထားသော အပင်ရှင်သန်မှုများနှင့် နုန်းတာဆည်အမှတ် ၁ နှင့် ၂ တို့တည်ဆောက်ထားရှိမှုအခြေအနေအား လက်တွေ့ကွင်းဆင်းစစ်ဆေးပြီး ယင်းမာပင်မြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု ကွင်းစပ်ကျေးရွာ ၂၀၁၆-၂၀၁၇ ခုနှစ် သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ သို့ရောက်ရှိပြီး အဆိုပါကျေးရွာရှိ ၂၀၁၅ ခုနှစ်တွင် တူးဖော်ပေးထားသော ကျေးရွာသုံးရေကန် မိုးရေသိုလှောင်ရရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား မှာကြားခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# အခြေခံပညာကျောင်းများတွင် အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင် ဦးဆောင်ကာ လ/ထဌာနမှူး ဒေါက်တာအောင်မြင့်မော်နှင့် ဒေါက်တာခင်နှင်းအေး၊ တောင်ပိုင်းခရိုင်မှူး ဦးရန်ငြိမ်းချမ်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက သာကေတမြို့နယ် အမှတ်(၈) ရပ်ကွက် ရွှေအုတ်ဂူလမ်းရှိ အမှတ် ၄ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စနစ်တကျစွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရေး အသိပညာဗဟုသုတများ ဟောပြောပေးကြသည်။

ဒုတိယဌာနမှူး ဦးစောဝင်းမောင်က အဖွင့်အမှာ စကားပြောကြားကာ လ/ထဌာနမှူး ဒေါက်တာအောင်မြင့်မော်က အမှိုက်၏ဆိုးကျိုးများ၊ အမှိုက်ကိုစနစ်တကျစွန့်ပစ်မှုကြောင့် ရရှိသည့်အကျိုးကျေးဇူးတို့အား ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လ/ထဌာနမှူး ဒေါက်တာခင်နှင်းအေး၊ ဌာနစုမှူး ဒေါက်တာမိုးမိုးနှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးကျော်မင်းထွန်းတို့က ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ ရရှိစေရန် ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းအတွက်အသုံးပြုရန်၂၄၀လီတာ အမှိုက်ပုံးနှစ်ပုံး၊ အမှိုက်အိတ် ၁၀၀၀နှင့် ပညာပေးလက်ကမ်းစာစောင် ၁၀၀၀တို့အားပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသွယ်သွယ်ဦးက လက်ခံရယူသည်။

“ဒီလိုဟောပြောပွဲတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။ ဒါမှလည်း အမှိုက်ကိုဘယ်လိုစွန့်ပစ်ရမယ်ဆိုတာ ကလေးအရွယ်ထဲက အမူအကျင့်ကောင်းတွေရရှိမှာပါ။ ယနေ့ဆိုရင် အမှိုက်တွေက မိမိတို့ရဲ့ ပတ်ဝန်းကျင်ကို စိန်ခေါ်မှုတွေဖြစ်ပေါ်နေပါတယ်။ အမှိုက်ကြောင့် ချောင်းပိတ်၊ မြောင်းပိတ်တွေဖြစ်ပြီး ရေကြီးရေလျှံတာတွေ ဖြစ်လျက်ရှိကြောင်း” ကျောင်းအကျိုးတော်ဆောင်တစ်ဦးမှ ပြောသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ၃၅၀ နှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

**၁၉၇**



# လဟယ်မြို့နယ်တွင် ဝက်သက်ရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ



**ခန္တီး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လန်မ ကျေးရွာတွင် ဝက်သက်ရောဂါအစုလိုက်ဖြစ်ပွားခြင်းကြောင့် အသက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုများကြောင့် ယခုအခါတွင် ရောဂါဖြစ်ပွားမှုအား ထိန်းချုပ်နိုင်ပြီဖြစ်သည်။

တခြားကျေးရွာများသို့လည်း ရောဂါဆက်လက်မဖြစ်ပွား၊ မပျံ့နှံ့စေရန်အတွက် လဟယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်(၉)လမှ (၁၅)နှစ်ထိ ကလေး၊ လူငယ်များကို မြို့နယ်လုံးကျွတ် ဝက်သက်ကာကွယ်ဆေးထိုးနှံရန် အဖွဲ့(၅)ဖွဲ့ ဖွဲ့စည်းကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဖွဲ့များအနေနှင့် ဩဂုတ် ၁၆ ရက်မှစတင်ပြီး မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာ ၉၅ ရွာမှ ကလေးသူငယ်ပေါင်း ၁၇၀၀၀ ခန့်ကို မြို့နယ်လုံးကျွတ် ကွက်ပြည့်နင်းပြီး ကာကွယ်ဆေးများ ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။

**(စန်းလွင်ဦး)**

# တောင်ဖီလာရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းတောင်ဘက် လမ်းဘေးရေမြောင်းတူးချဲ့ဆောင်ရွက်

**ကလေး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ အဓိကမြို့တွင်းလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်း တာဟန်းမီးပွိုင့်အနီး တောင်ဖီလာရပ်ကွက်ရှိ လမ်းမကြီးတောင်ဘက်ရေမြောင်းသည် ကျဉ်းမြောင်းခြင်း၊ ရွှံ့နွံများပြည့်နေခြင်း၊ စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ခြင်းတို့ကြောင့် မြောင်းတိမ်ကောပြီး မိုးရွာသည့်အချိန်တိုင်း မြောင်းရေလျှံတက်မှုများ ဖြစ်ပွားလျက်ရှိရာ ကတ္တရာလမ်းမကြီး တစ်လျှောက်ရေများလျှံတက်စီးဆင်းလျက်ရှိသဖြင့် ရပ်ကွက်နှင့် မြို့ကို အကျည်းတန်အရုပ်ဆိုးစေခဲ့သည့်အပြင် ခရီးသွားပြည်သူများလည်း စိတ်ဒုက္ခရောက်ခဲ့ရသည်။

အဆိုပါလမ်းမပေါ်ရေလျှံမှုမှ ကင်းဝေးစေရန်အတွက် ယခုအချိန်တွင် လမ်းဘေးမြောင်းကို တူးချဲ့ဆောင်ရွက်လျက်ရှိရာ ယင်းလမ်းဘေးရေမြောင်းတူးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ကြီးကြပ်မတည်၍ လွှတ်တော်ရန်ပုံငွေ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေတို့ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိရာ ယင်းရေမြောင်းတူးချဲ့ဆောင်ရွက်မည့် အလျားမှာ ပေ ၁၆၀၀ ခန့်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုများကို စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဩဂုတ် ၁၃ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

အဆိုပါရေမြောင်းကြီးပြန်လည်တူးဖော်ပေးမှုကြောင့် ဒေသခံပြည်သူများသည် ဝမ်းသာကျေနပ်လျက်ရှိကြရာ လုပ်ငန်းဆောင်ရွက်မှုပြီးစီးသွားပါက ကလေး-တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ် သွားလာနေသည့် ပြည်သူများအတွက် များစွာအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း ရေမြောင်းအတွင်းသို့စည်းကမ်းမဲ့အမှိုက်များ မစွန့်ပစ်ကြရန်လိုအပ်မည်ဟုပြောဆိုကြကြောင်း သိရသည်။

**ဂျိုးနက်**

# စစ်ကိုင်းမြို့နယ်ရှိ ကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန စစ်ကိုင်းမြို့နယ်ရုံးဝန်ထမ်းများသည် သစ္စာစီမံချက်ဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ညီညွတ်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်က စစ်ကိုင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းသို့ ကွင်းဆင်းပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

“စစ်ကိုင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းက ကျောင်းသား ၅၅ ဦး၊ ကျောင်းသူ ၆၃ ဦး စုစုပေါင်း ၁၁၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပါတယ်။ စစ်ကိုင်းမြို့နယ်အတွင်းမှာ သစ္စာစီမံချက်ဖြင့် အခြေခံပညာကျောင်းခြောက်ကျောင်းက ကျောင်းသား၊ ကျောင်းသူ ၁၀၂၈ ဦးကိုလည်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးပြီး ဖြစ်ပါတယ်”ဟု စစ်ကိုင်းမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ပြောသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးရာသို့ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်မြင့်နှင့် ခရိုင်ဦးစီးမှူး ဦးအောင်မြင့်နောင်တို့က ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ညီညွတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(စစ်ကိုင်း)**

# ကောက်စိုက်စက်ဖြင့် မနောသုခမျိုးကွဲနှစ်မျိုး စိုက်ပျိုးသရုပ်ပြပွဲကျင်းပ

**မြို့သစ် ဩဂုတ် ၂၀**

မကွေးခရိုင် မြို့သစ်မြို့ လယ်ပြင်ရပ်ကွက်တွင် နေထိုင်သော တောင်သူဦးဇော်ထွန်းလုပ်ကိုင်လျက်ရှိသည့် ကွင်းအမှတ် ၁၃၀၃ ဦးပိုင်အမှတ် ၅၁ ရှိ အကွက်တွင် လယ်ယာလုပ်သားရှားပါးမှုပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကူညီမှုဖြင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကွင်းအတွင်း ကျင်းပခဲ့သည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စက်မှုလယ်ယာမှ တာဝန်ရှိသူများက ကွင်းအတွင်းသို့ မနောသုခ မျိုးကွဲနှစ်ဧကအား ကူညီစိုက်ပျိုးမှုများ ပြုလုပ်ခဲ့ရာ စိတ်ပါဝင်စားသောတောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက စိတ်ဝင်တစားကြည့်ရှုအားပေးခဲ့ကြပြီး အချို့သောတောင်သူများ၏ သိရှိလိုသော မေးမြန်းမှုများကိုလည်း စိုက်/ညိုအဖွဲ့များက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



# စဉ့်ကိုင်မြို့နယ်တွင် ဒုတိယအကြိမ်မြစိမ်းရောင်စီမံကိန်း ချေးငွေများထုတ်ချေးပေးနိုင်ရေး ကွင်းဆင်းဆွေးနွေး

**စဉ့်ကိုင် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၁ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကသဲကုန်းမြစိမ်းရောင်စီမံကိန်းကျေးရွာ သည် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ပထမအကြိမ်ချေးငွေသက်တမ်းကာလ ပြည့်မြောက်ပြီဖြစ်၍ ဒုတိယအကြိမ် မြစိမ်းရောင်စီမံကိန်းချေးငွေများထုတ်ချေးပေးနိုင်ရေး စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီများ၊ အသင်းသူအသင်းသားများနှင့် မြစိမ်းရောင်စီမံကိန်းမှရရှိခဲ့သော အကျိုးကျေးဇူးများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ စည်းကမ်းများကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ကသဲကျေးရွာရွာဦးဓမ္မာရုံ၌ ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကသဲကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ပေးမှုကြောင့် အားနည်းချက်၊ အားသာချက်များ သိရှိရသည့်အပြင် ပထမအကြိမ်တွင်ရရှိခဲ့သော မြစိမ်းရောင်အတိုးရန်ပုံငွေများဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပြီး ကျေးရွာပြည်သူများလူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။

**ထွေးထွေး(စဉ့်ကိုင်)**



# ခမ်းနားခဲ့တဲ့ မျက်နှာစာသစ်

**ခဲ ဆူးငှက်**

ရတနာပုံခေတ်မှာ မင်းတုန်းမင်းခေတ် လက်ထက်တော်ကြီးရော၊ သီပေါမင်းခေတ် လက်ထက်တော်ကလေးမှာရော မြန်မာ့ယဉ်ကျေးမှုသဘင်ပညာတွေဟာ မန္တလေးမှာ တစ်လျှောက်လုံး တခမ်းတနား ရှိခဲ့ပါတယ်။ သီပေါမင်းလက်ထက်မှာ ခေတ်မီခမ်းနားတဲ့ ဇာတ်ရုံတော်ကြီးတွေလည်း ရှိနေပါပြီ။ ဇာတ်ရုံတော်ကြီးတွေနဲ့ ပတ်သက်ပြီး ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှာ အခုလိုရေးသားထားပါတယ်။

'ထိုနှစ် (သက္ကရာဇ် ၁၂၄၆) တပို့တွဲလ သမီးတော်မြတ်ရတနာ နားထွင်းမင်္ဂလာချီးမြှင့်တော်မူမည်ကို အစပြု၍ ပွဲသဘင်ခံတော်မူသည်မှာ အရှေ့ဘက်ဇာတ်ရုံတော်ကြီးတွင် ကောင်းကင်ခရီးပျံခြင်း၊ သွားခြင်း၊ စက်ယန္တရားအလုပ်အဆောင် အဖွယ်အရာ၊ မြေမှပေါ်ခြင်းထွက်ခြင်း၊ ငုပ်ခြင်း၊ လျှိုးခြင်း၊ ဥမင်လမ်းအလုပ်အဆောင် အဖွယ်အရာ၊ ဇာတ်ရုံတော်ကြီးအလယ် ဆန်းကြယ်သော ရေကန်ဝယ် ရိုးရွက်စိမ်းရွှင်စွာ အဖူးချပ်ရုံ ပွင့်ငုံနှင့် တကွသော ရွှေပဒုမာကြာပင်သည် ရေအောက်မှ တရွေ့ရွေ့ပေါ်ထွက်၍ နေအရုဏ်သင့်၍ ပွင့်လတ်သော အခါ ယင်းသည့်ကြာငုံအတွင်းမှပါသော လျှပ်စစ်နွယ်ကဲ့သို့ အဆင်တန်ဆာရောင် ကိုယ်ရောင်တို့ဖြင့် ယှက်သန်းသော ဒေဝစ္ဆရာ ကညာဥပပတ်၊ သန္ဒေနတ်သည် လှည့်ပတ်ဟန်လှ ဦးညွှန်ခပြီးလျှင်၊ ကျူကခြင်းပြုစသော စက်ယန္တရား အလုပ်အဆောင် အဖွယ်အရာ၊ မကိုဋ္ဌသရဖူ၊ ဇာတ်ရုပ်ဇာတ်ခေါင်း အမျိုးမျိုးများကိုလည်း စိန်ရောင်မြရောင်ဖန်မှန်ထွတ်မျိုးတို့နှင့် စီခြယ်လျက် စနစ်ကျကျ လှပကောင်းမွန်အောင် အသစ်လုပ်ဆောင်၍ ဆင်စေခြင်း' စသည်ဖြင့် ရေးသားထားပါတယ်။

အရှေ့ဇာတ်ရုံတော်ကြီးမှာ 'ရာမဇာတ်တော်' ကြီးကို အဆက်မပြတ် ကပြစေသလို၊ အလားတူ အနောက်ဇာတ်ရုံတော်ကြီးမှာလည်း အရှေ့ဇာတ်ရုံတော်ကြီးနည်းတူ ဆန်းကြယ်ခမ်းနားစွာ ပြင်ဆင်ပြီး 'အီနောင်ဇာတ်တော်' ကြီးကို ကပြခဲ့တယ်လို့ ရေးသားထားပါတယ်။ ဒီလို ဇာတ်ရုံတော်ကြီးတွေနဲ့ ကပြကြရာမှာ မင်းသားတွေက အီနောင် ကိုစံတုတ်တို့၊ အီကင်း ကိုမောင်ကြီးတို့၊ ကိုရာပြတ်တို့နဲ့ အတူ မယင်းတော်၊ မကွမ်းငုံ၊ မဆင်ခိုးတို့ဖြစ်မှာပေါ့။ နောက်ပိုင်း မထွေးလေး၊ တပယ်ခင်သစ်၊ တံပယ်ခင်ဥ၊ မစိန်ကြာ့၊ မစိန်သုံ စတဲ့ မင်းသမီးတွေဖြစ်မှာပါ။

ဘယ်သူဘယ်ဝါတွေဖြစ်စေ၊ မင်းတုန်းမင်းကြီးလက်ထက်မှသည် သီပေါမင်း လက်ထက်အထိ အနုပညာအမွေအနှစ်အားလုံး စုရုံးဖော်ထုတ် စံပြုခဲ့တဲ့ မူတွေ၊ ဟန်တွေ၊ စံတွေအတိုင်း သန္ဓေမပျက်အမြုတေအဖြစ် အခြေတည်ပြီးကာ ထိုမူ ထိုဟန် ထိုစံတွေကတစ်ဆင့် ခေတ်နဲ့အညီ ပိုမိုကောင်းမွန်အောင် တီထွင်နိုင်ခဲ့ကြတဲ့ ပညာရှင်တွေချည်းပါပဲ။ ဒီစံ၊ ဒီဟန်၊ ဒီမူတွေအားလုံး 'မန္တလေး' မှာ ပေါ်ထွန်းခဲ့တာချည်းပါပဲ။

သက္ကရာဇ် ၁၂၄၇ ခု ပါတော်မူပြီးနောက် ထီးကျိုးစည်ပေါက်ဖြစ်ပြီး တစုတစည်းတည်းသော အနုပညာရှင်တွေ ရေဝေးကြာပမာ ဖြစ်ကြရပါတယ်။ ဒီတော့လည်း ရေကြည်ရာမြက်နုရာဆိုသလို ထက်အောက်စုန်ဆန်လွင့်ပါးကြရပါတော့တယ်။ အစုအစည်းပြေပျက်၊ အထိန်းအကွပ်မဲ့ပြီး အားပေးချီးမြှင့်သူလည်း မရှိဖြစ်ကာ တစ်ဖက်ကလည်း အုပ်စိုးသူ လူမျိုးခြားရဲ့ ယဉ်ကျေးမှုတွေက လွှမ်းမိုးလာလေတော့ မြန်မာအနုပညာရှင်တွေဟာ ကိုယ့်ပညာကို ရင်ဝယ် သိမ်းသိမ်းထုပ်ထုပ်ပြုလုပ်ရုံကလွဲပြီး မတတ်နိုင်ကြတော့ပါဘူး။ ရောက်ရာနေရာဒေသမှာ ကျားကုတ်ကျားခဲ ရပ်တည်ပြီး ကိုယ့်အနုပညာ မပျက်အောင် မနည်းထိန်းသိမ်းနေကြရတဲ့ကာလတွေပါပဲ။ မန္တလေးမှာ ကျန်ရစ်တဲ့ ဝက်မစွပ်ဝန်ထောက်မင်းလို၊ လှေသင်းအတွင်းဝန်မင်းလိုစသည်ဖြင့် ပုဂ္ဂိုလ်ကြီးတွေက မြင်တွေ့မှတ်ကြား တတ်သိထားသမျှ မပျောက်မပျက်ရအောင် ရေးချွတ်ထိန်းသိမ်းထားကြရတယ်။

ယောအတွင်းဝန်မင်းရဲ့သားဖြစ်သူ ရွှေပြည်မောင်မောင်လေးနဲ့ လွှတ်တော်သံတော်ဆင့်မင်းတို့ကလည်း ရသမျှသီချင်းကြီး သီချင်းခံကို မူရင်းစာသား၊ သီချင်းဗျူပွတ်တွေနဲ့အတူ ရေးမှတ်ထားခဲ့ကြတယ်။ အင်မတန် အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ။ အနုပညာကိုယ်ခံအားနည်းကာ စံချိန်မသိဘဲ လေထဲခါးတောင်ကျိုးပြီး တစ်ကပြန်စကြတာမျိုး မဖြစ်ရအောင် မူလတင်ခဲ့ပြီးသားစံချိန်ကို တခုတ်တရ မှတ်တမ်းတင်ခဲ့တဲ့သဘောပါ။

မန္တလေးက မခွဲမခွာကျန်ရစ်ခဲ့တဲ့ ဒေဝဣန္ဒာမောင်မောင်ကြီးတို့၊ ဘုန်းကြီးပေတို့၊ စင်တော်ကြီးဦးပေါ်ဦးတို့၊ ဦးလူကြီးတို့၊ အညံ့ဖြူဦးတုတ်တို့၊ ရွှာစားကြီး စိန်ဗေဒါတို့၊ ဘာဂျာဆရာလွှားတို့၊ ဦးထွန်းအိုင်တို့၊ မထွေးလေးတို့၊ မစိန်သုံတို့၊ ဆီကျော် စိန်တင်တို့၊ တပယ်ခင်သစ်တို့၊ တပယ်ခင်ဥတို့၊ ဆရာဘကြီး၊ ဆရာဘလေးတို့၊ စောင်းဆရာမ မေတို့၊ ဦးခင်မောင်ဒွေးတို့၊ ဦးဘသင်၊ ဦးထင်၊ ဦးစံဝင်းတို့အထိ အမြဲမပြတ်စုဝေးကာ မြန်မာ့မှု မြန်မာ့ဟန် သီချင်းဂီတနဲ့ သဘင်မှုတွေ မပျောက်ပျက်ရအောင် အစဉ်အမြဲ တွေ့ဆုံတီးမှုတ်ညှိနှိုင်းကြတယ်။

နယ်မှာ တစ်ယောက်တစ်နေရာ ရောက်သွားကြသူတွေမှာတော့ ဒီလိုအခွင့်အရေး မရကြရှာဘူးပေါ့။ မြစ်ဝကျွန်းပေါ်ဘက် ရောက်သွားတဲ့ ရာမဇာတ်တော် ပညာသည်အဖွဲ့တွေကတော့ စုစုစည်းစည်းရှိကြလို့ ပြန်လည်က ပြနေကြသတဲ့။ သီပေါစော်ဘွားဆာစောချယ်ကလည်း သူ့စခန်းသာဟော်မှာ မန္တလေးနန်းတွင်းက ဝါဂီနစ်ပညာရှင်တွေ အတော်များများကို ခေါ်ယူစောင့်ရှောက်ထားခဲ့တယ်။

၁၉၃၀ ပြည့်နှစ်ဝန်းကျင်ရောက်တော့ မန္တလေးက 'မဟာဂီတအသင်းကြီး' ကို ဖွဲ့ပြီး စနစ်တကျ ထိန်းသိမ်းကြတယ်။ ဒီအချိန်မှာ အနောက်နိုင်ငံတေးသွားနဲ့ တူရိယာပစ္စည်းတွေက တွင်ကျယ်နေပြီ။ မြန်မာလူငယ်တွေမျက်စိကျ သွားရည်ယိုနေကြပြီ။ ဒါပေမယ့် မန္တလေးမှာ မြန်မာ့အနုပညာ အသွေး၊ အသား၊ အဆီ အနှစ်က ဖိန့်ဖိန့်တုန်အောင် အားကောင်းခဲ့တော့ ဒီအရသာက ခေတ်လူငယ်တွေ နှလုံးသားထဲ စွဲထင်ကာ တစ်သွေးတည်းတစ်သားတည်းဖြစ်နေပြီ။ ဒီတော့ ကိုဘသက်၊ ကိုညိန်း(မြို့မငြိမ်း)၊ ကိုသန့်စတဲ့ ခေတ်ပညာတတ်လူငယ်များရဲ့ ဂီတသစ်ကို ချဉ်းကပ် သင်ယူ ဖန်တီးကြမှုမှာ မြန်မာ့ဂီတသန္ဓေက ခိုင်မာပြီးသားဖြစ်နေတော့ မျက်စိမှိတ်ပုံတူကူးတာမျိုး ဘယ်လုပ်ပါတော့မလဲ။ ဒါကြောင့်လည်း ဒီကနေ့အထိ မြို့မငြိမ်း၊ ဓားတန်းဦးသန့်နဲ့ မြို့မတူရိယာအသင်းဆိုတာ တည်ရှိနေတာပေါ့။ ဂီတသစ်ကို ဖန်တီးတဲ့ လူငယ်တွေပေမယ့် ကိုဘသက်တို့၊ ကိုညိန်း (မြို့မငြိမ်း)တို့၊ ကိုသန့်တို့ ဆိုတာ စိန်ဗေဒါနဲ့ အိမ်နီးချင်းတွေ၊ လက်ရင်းတပည့်တွေ၊ စိန်ဗေဒါ ဈော်ကို တစ်ဝကြီးမိခဲ့ကြတဲ့သူတွေ။

ဒါကြောင့် ၁၉၃၀ ဝန်းကျင်ကာလဟာ မင်းတုန်းမင်းကြီးခေတ်မှာ ထပ်ဆင့်တီထွင်မွမ်းမံ စနစ်တကျတည်ရှိနေတဲ့ မြန်မာ့ဂီတအနုပညာကို မြန်မာ့ဟန်၊ မြန်မာ့စံ၊ မြန်မာ့မူအပေါ် ကမ္ဘာနှင့်ယှဉ်ပြီး ခေတ်မီကမ္ဘာ့တူရိယာဟာ ကမ္ဘာ့သင်္ကေတနည်းပညာတွေနဲ့ တီထွင်ဆန်းသစ် ကြိုးပမ်းအောင်မြင်ခြင်းရဲ့ အထင်ကရ နှစ်ကာလတွေ ဖြစ်ခဲ့တာပါပဲ။ ပိုမိုထူးခြားတာက မြန်မာ့မူမှန် စနစ်မှန် မူရင်းမဟာဂီတကို မန္တလေး မဟာဂီတအသင်းကြီးက စနစ်တကျ ထိန်းသိမ်းရုံသာမက ဒီပညာကို ရွှေနေကြီး ဦးခင်မောင်ဒွေးလို၊ ရုံပိုင်ကြီး ဦးစံဝင်းလို၊ ဘီလစ် စာရေးကြီး ဦးထင်လို၊ ကွန်ဗင့်ကျောင်းသူ မသန်းမြင့်လို၊ မလှရွှေလို ခေတ်ပညာတတ် လူငယ်များကလည်း အံ့နှင့်ကျင်းနှင့် အမွေဆက်ခံကြသလို၊ ကမ္ဘာနှင့်အညီ တီထွင်ဆန်းသစ်တဲ့ခေတ်ပေါ်ဂီတကိုလည်း ကိုဘသက်၊ ကိုသန့်၊ ကိုညိန်း(မြို့မငြိမ်း) တို့လို အုပ်စုအသင်းဝင်တွေကလည်း မြန်မာသန္ဓေမပျက် 'ခမ်းနားခဲ့တဲ့ မျက်နှာစာသစ်' ဖွင့်တဲ့ ကာလတွေပါပဲ။



## တောင်သာမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီး သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများရှိ သဘာဝဘေးသင့်ပြည်သူများထံ ထောက်ပံ့ပစ္စည်းများ လက်ဝယ်အရောက် စဉ်ဆက်မပြတ် ပေးအပ်လျက်ရှိရာ မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက တောင်သာမြို့နယ် ကျောဇီကျေးရွာအုပ်စု သိမ်ကျောင်းတိုက်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သဘာဝဘေးသင့်ပြည်သူများအား အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူပူးပေါင်း၍ ထောက်ပံ့ပစ္စည်းများ လက်ဝယ်အရောက်ပေးအပ်လျက်ရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောဇီကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဖိုးဆယ်ထံ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းနှင့်တိရစ္ဆာန်များအတွက် အစာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

တောင်သာမြို့နယ် ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပွဲတွင် မြစ်ရေဝင် ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းအတွက် ဆန်အိတ် ၅၀၊ မြစ်ရေဝင်ကျေးရွာ ကိုးရွာအတွက် အိမ်ထောင်စု ၅၂၁ စု လူဦးရေ ၂၃၅၇ ဦးအတွက် ဆန်အိတ် ၁၆၀၊ စေတနာရှင်အလှူရှင်များမှ ဆန် အိတ်၃၂၁ အိတ်၊ ရေသန့်ဘူးကြီး ကတ် ၃၁၀၊ ရေသန့် ၃၆၂၁ ကတ်၊ စားသုံးဆီ ၃၉၅ ပိဿာ၊ ခေါက်ဆွဲခြောက် ဖာ ၄၅၀၊ ငါးသေတ္တာ ၄၂၉၅ ဘူး၊ ကျွဲနွားတိရစ္ဆာန် ၂၆၅၆ ကောင်အတွက် စပ်စာ ၁၀၆ အိတ် စုစုပေါင်းငွေကျပ် ၃၂၀၄၅၆၄၁ ဖိုးကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ခဲ့ကြောင်းသိရသည်။**သီဟကိုကို(မန္တလေး)**

## ကလိန်အောင်မြို့တွင် အခွန်ထမ်းပြည်သူများ သိရှိစေရန် အခွန်ဆိုင်ရာများ ပညာပေးရှင်းလင်းပွဲကျင်းပ


**ထားဝယ် ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့တွင် အခွန်ပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ကအဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ရေဖြူမြို့နယ်အခွန်ဦးစီးအရာရှိ ဦးမြင့်စိန်က ၂၀၁၅-၂၀၁၆ ခုနှစ် စည်းကျပ်အခွန်စနစ် ဖြစ်ပေါ်လာပုံသမိုင်း၊ အခွန်အခ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွင်ဥပဒေကို ပြင်ဆင်သည့် ကုန်သွယ်လုပ်ငန်းခွင်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် အထူးကုန်စည်ခွန်များ၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ဆိုင်ရာကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ သိရှိရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော အခွန်ထမ်းပြည်သူများ က သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိပြန်လည်ဖြေကြားခဲ့သည်။ **(ထားဝယ်ခရိုင်ပြန်/ဆက်)**





# မြန်မာ့မြို့တော်ဟောင်းများမှ ဗြဟ္မဏအယူဝါဒဆိုင်ရာနတ်ရုပ်တုများ

**ခဲ** မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

မြန်မာတို့သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သူများဟု ခံယူထားကြသည်။ အာရှတိုက်တောင်ပိုင်းနိုင်ငံများသည် အိန္ဒိယ ဗြဟ္မဏအယူဝါဒဆိုင်ရာများ လွှမ်းမိုးခံရသည်။ မွန်ဒေသတွင် ဗြဟ္မဏအယူဝါဒ ဆိုင်ရာ သက္ကတဘာသာသုံးစွဲမှုကို တွေ့ရသည်။ ကျန်စစ်သားမင်းနှင့် ရာမမင်းသည်လည်း ဗိဿနိုးဝင်စားသည့် ဘဝမှလာသည်ဟု ရှေးရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည်။ ဗြဟ္မဏအယူဝါဒဆိုင်ရာ လွှမ်းမိုးမှုသည် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းရှိ အချို့ဒေသများတွင် အမည်ပေးထားသည်ကိုလည်း တွေ့ရသည်။

ရှေးရာဇဝင်များတွင် သရေခေတ္တရာမြို့ကို တည်ထောင်သူများတွင် စန္ဒီနတ်သမီး၊ ပရမေသွာနှင့် ဗိဿနိုးတို့ ပါဝင်သည်ဟု ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ဟိန္ဒူဘုရားကျောင်းဖြစ်သည့် နတ်လှောင်ကျောင်းကို ပုဂံဒေသတွင်တွေ့ရသည်။ နတ်လှောင်ကျောင်းအတွင်း မဏ္ဍိုင်လေးဘက်တွင် ဗိဿနိုးနတ်မင်း၏ ရုပ်တုများပူဇော်ထားရှိသည်။ အပြင်ဘက်ရှိ မုခ်ကပ်များတွင်လည်း ဗိဿနိုးနတ်မင်း အဝတာ (၁၀) ပါးရုပ်တုများကို တန်ဆာဆင်ထားပါသည်။

> “မြန်မာနိုင်ငံ ဗြဟ္မဏအယူဝါဒဆိုင်ရာ ကိုးကွယ်မှုများအနေဖြင့် သက်ဆိုင်ရာဒေသ၏ ကြိုက်နှစ်သက်ရာ ကိုးကွယ်မှုများကို လေ့လာတွေ့ရှိနိုင်သည်။ သရေခေတ္တရာဒေသ၊ ရခိုင်ဒေသ၊ မြိတ်ဒေသတို့တွင် ဗြဟ္မဏအယူဝါဒဆိုင်ရာ လွှမ်းမိုးမှုများကို လေ့လာတွေ့ရှိရပါသည်။ ဗိဿနိုးနတ်မင်း၏ရုပ်တုများနှင့်ပတ်သက်၍ သရေခေတ္တရာဒေသတွင် များပြားလှသော ဗိဿနိုးရုပ်တုများကို အမျိုးအစားသုံးမျိုး . . .”

## နှစ်သက်ရာ ကိုးကွယ်

မြန်မာနိုင်ငံ ဗြဟ္မဏအယူဝါဒဆိုင်ရာ ကိုးကွယ်မှုများအနေဖြင့် သက်ဆိုင်ရာဒေသ၏ ကြိုက်နှစ်သက်ရာ ကိုးကွယ်မှုများကို လေ့လာတွေ့ရှိနိုင်သည်။ သရေခေတ္တရာဒေသ၊ ရခိုင်ဒေသ၊ မြိတ်ဒေသတို့တွင် ဗြဟ္မဏအယူဝါဒဆိုင်ရာ လွှမ်းမိုးမှုများကို လေ့လာတွေ့ရှိရပါသည်။ ဗိဿနိုးနတ်မင်း၏ရုပ်တုများနှင့် ပတ်သက်၍ သရေခေတ္တရာဒေသတွင် များပြားလှသော ဗိဿနိုးရုပ်တုများကို အမျိုးအစားသုံးမျိုး တွေ့ရှိရပါသည်။

ပထမအမျိုးအစားအနေဖြင့် လေးထောင့်သဲကျောက်ပြားပေါ်တွင် ထွင်းထုထားသော ဘေးချင်းယှဉ်၍ မတ်တတ်ရပ်နေသည့် ဗိဿနိုးနတ်မင်းနှင့် ဘယ်ဘက်တွင် ကြာပန်းပေါ်၌ မတ်တတ်ရပ်နေသည့် ကြင်ယာတော် လက်ချ် မီးပုံတို့ ဖြစ်ပါသည်။ ညာဘက်ရှိ ရုပ်တုမှာ တောင်ပံဖြန့်ထားသော ဂဠုန်ပေါ်တွင် မတ်တတ်ရပ်နေသည့် ဗိဿနိုးရုပ်တုဖြစ်ပါသည်။ အဆိုပါရုပ်တုမှာ ခေါင်းပိုင်းမပါရှိတော့ပေ။ သို့သော် ဗိဿနိုးနတ်မင်း၏ စီးတော်ယာဉ်မှာ ဂဠုန်ရုပ်တုပါရှိသည့်အတွက် အဆိုပါရုပ်မှာ ဗိဿနိုးနတ်မင်းဟု အတိအကျပြောနိုင်ပါသည်။

ဗိဿနိုးနတ်မင်းကြီးတွင် လက်လေးဘက်ပါရှိပြီး ညာဘက်အပေါ်လက်မှာ မရှိတော့ပါ။ ညာဘက်အောက် လက်မှာ ရင်ဘတ်နေရာသို့ မြှောက်ထားပြီး မာတုလင်္ဂကို ကိုင်ဆောင်ထားပါသည်။ ဘယ်ဘက်ပေါ်လက်မှာ စကြာကို ကိုင်ဆောင်ထားပြီး အောက်လက်တွင် ကျိုင်းကိုကိုင်ထားပါသည်။ လက်ချ်မီးနတ်သမီးတွင် လက်နှစ်ဖက်ပါရှိပြီး ညာဘက်လက်သည် ပုခုံးအထိမြှောက်ထားပြီး ကြာနွယ်ကို ကိုင်ထားပါသည်။ ဘယ်ဘက်လက်သည် အောက်သို့ ချထားပါသည်။ အဆိုပါရုပ်တုသည် ရုပ်တုလေ့လာမှုပညာအတွက် အရေးပါသော ရုပ်တုဖြစ်ပါသည်။

ပထမအချက်အနေဖြင့် ဗိဿနိုးနတ်မင်း မာတုလင်္ဂကို ကိုင်ဆောင်ထားပုံမှာ ထူးခြားပြီး အဆိုပါဓလေ့ကို အိန္ဒိယတွင် မတွေ့ရပေ။ ဒုတိယအချက်အနေဖြင့် ဘယ်ဘက်အောက်လက်၏ ကျိုင်းကိုင်ထားပုံမှာလည်း တစ်မူထူးခြားပါသည်။ ဗိဿနိုးနှင့်လက်ချ်မီး ဘေးချင်းယှဉ်၍ ရပ်ထားပုံမျိုးမှာ အိန္ဒိယနိုင်ငံသာမက အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရပေ။ မြန်မာနိုင်ငံ၌သာ တွေ့ရခြင်းဖြစ်ပါသည်။

သရေခေတ္တရာတွင် တွေ့ရှိရသည့် ဒုတိယ ဗိဿနိုးရုပ်တုမှာ နှစ်နားညီတြိဂံပုံ သဲကျောက်ပြားပေါ်၌ ဂဠုန်ပေါ်တွင် ဗိဿနိုးနတ်မင်း မတ်တတ်ရပ်နေသည့်ပုံဖြစ်ပါသည်။ အဆိုပါ သဲကျောက်ပြားသည် အပေါက်ငယ်များပါဝင်နေပြီး လက်ရာကြမ်းနေ၍ ပုံစံမကျဖြစ်နေသည်။ ဘယ်ဘက်တစ်ခြမ်းသာပါရှိပြီး တောင်ပံဖြန့်နေသော ဂဠုန်ရုပ်ပါရှိသောကြောင့်သာ ဗိဿနိုးနတ်မင်းဟု ပြောနိုင်ပါသည်။ ဗိဿနိုးနတ်မင်း၏ အပေါ်လက်နှစ်ဘက်သည် စကြာနှင့် ခရုသင်းကို ကိုင်ထားပြီး အောက်လက်နှစ်ဘက်တွင် မာတုလင်္ဂနှင့်ကျိုင်းကို ကိုင်ဆောင်ထားပါသဖြင့် ဗိဿနိုးနတ်မင်းသည် ခါးပတ်၊ လက်ကြပ်နှင့်လည်ဆွဲများဖြင့် တန်ဆာဆင်ထားပါသည်။ ဦးခေါင်းရှိ အဆင်တန်ဆာမှာ ကျိုးပဲ့နေပါသည်။

တတိယအရုပ်အနေဖြင့် ဗိဿနိုးနတ်မင်းသည် ရစ်ခွေထားသော အနန္တနဂါးကြီး၏ ကိုယ်ပေါ်တွင်လဲလျောင်းနေပြီး နဂါးဦးခေါင်းအနေဖြင့် ငါးခု(သို့မဟုတ်)ခုနစ်ခုက အုပ်မိုးထားပါသည်။ ဗိဿနိုးနတ်မင်းကြီး၏ ခြေရင်းတွင် ဒူးတုပ်ထိုင်နေသော လက်ချ်မီးသည် ညာဘက်ခြေထောက်ကို ကိုင်ထားပြီး အရိုအသေပေးနေပါသည်။ ဗိဿနိုးနတ်မင်းကြီးတွင် လက်နှစ်ဘက်(သို့)လေးဘက်ပါရှိနိုင်ပြီး ဗိဿနိုး၏ ချက်တော်မှာ ကြာပန်းသုံးပွင့်ပါသည့် ကြာရိုးမှာတိုးထွက် နေပါသည်။ အဆိုပါကြာပွင့်သုံးပွင့်ပေါ်တွင် ဗိဿနိုး၊ ဗြဟ္မာ၊ သီဝတို့ ထိုင်နေသည်ကိုတွေ့ရှိရပါသည်။ ဗိဿနိုး နတ်မင်းကြီးသည် မကာရ်းပေါ်တွင် လဲလျောင်းနေသည်မှာ အခြားမည်သည့်နေရာတွင်မှ မတွေ့ရှိရပေ။ များသောအားဖြင့် အနန္တနဂါးပေါ်တွင် လဲလျောင်းနေသည့်ပုံများကိုသာ တွေ့ရှိရသည်။


## အိန္ဒိယအနုပညာများ လွှမ်းမိုး

ထိုရုပ်တုနှင့်ဆင်တူသည်ပုံများကို သထုံတွင်လည်းတွေ့ရသည်။ သရေခေတ္တရာရှိ ရုပ်တုများမှာ မီးခိုးရောင်သဲကျောက်ပေါ်တွင်ထွင်းထုထားပြီး သထုံရှိပုံများမှာ နီညိုရောင်သဲကျောက်ပေါ်တွင် ထွင်းထုထားသော ပုံများဖြစ်သည်။ ရုပ်တုများသည် မြန်မာလက်မှုပညာရှင်များ ထုလုပ်ထားသည့် ရုပ်တုများမဖြစ်နိုင်ပေ။ အိန္ဒိယအနုပညာများလွှမ်းမိုးသည့် လက်မှုပညာရှင်များထုလုပ်ထားသည်ဟု ယူဆရပါသည်။ ရုပ်တု၏ယေဘုယျသွင်ပြင်လက္ခဏာများနှင့် အဆင်တန်ဆာများအရ အိန္ဒိယမှလွှမ်းမိုး လာသည့် စိတ်ကူးစိတ်သန်းများဟု ပြောနိုင်ပါသည်။

ဗိဿနိုးနတ်မင်းကြီးသည် သက်သောင့်သက်သာ တင်ပလ္လင်ခွေထားပြီး လက်လေးဘက်တွင် လက်သုံးတော်ပစ္စည်းများကို ကိုင်ဆောင်ထားပါသည်။ ဗိဿနိုးနတ်မင်း ဝတ်ဆင်ထားသော အဝတ်မှာ ဒိုဒီပုဆိုးကဲ့သို့ ဖြစ်နေသောကြောင့် ဒူးထိရောက်နေခြင်းနှင့် အဆင်တန်ဆာများအရ အိန္ဒိယမှ လွှမ်းမိုးမှုရှိကြောင်း သိရှိနိုင်ပါသည်။ ကြာပန်းများသည် ဗိဿနိုးနတ်မင်းကြီး၏ နောက်ကျောဘက်ထွက်နေသောပုံ ထွင်းထုထားပြီး အမှန်တကယ်မှာ ချက်တော်မှ ထွက်နေရမည်ဖြစ်ပါသည်။ အဆိုပါကျောက်ပြားကို ကောင်းမွန်စွာ ထိန်းသိမ်းထားပါသည်။

ရုပ်တုဗေဒလေ့လာမှုပညာအရ သထုံမှပုံနှင့် အတော်များများ တူညီသည်ကို တွေ့ရှိရပါသည်။ ဗိဿနိုးနတ်မင်းသည် တင်ပလ္လင်ခွေလဲလျောင်းနေခြင်း၊ လက်တွင် စကြာနှင့် ခရုသင်းကို ကိုင်ဆောင်ထားခြင်း စသည်တို့မှာ တူညီသောအချက်များဖြစ်သည်။ ရုပ်တုတစ်ခုလုံးမှာ ဆိုးဆိုးရွားရွားပျက်စီးနေသောကြောင့် အကြောင်းအရာများကို ဖော်ပြရန်အတွက် အခက်အခဲများရှိနေပါသည်။ နဂါးခေါင်းသည် ငါးခုဟုထင်ရပါသည်။ အဆိုပါခေါင်းငါးခုပေါ်တွင်ရှိသော နတ်မင်းကြီးသုံးပါးဦးခေါင်းမှ အဆင်တန်ဆာများသည် ထင်ထင်ရှားရှားကျန်ရှိနေသည်။

ထိုကဲ့သို့ ဗိဿနိုးနတ်မင်းကြီး ရုပ်တုများကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ဝန်းကျင်ခန့်က ပျူမြို့ဟောင်းဖြစ်သော သရေခေတ္တရာနှင့် ဗိဿနိုးမြို့ဟောင်းတို့တွင် ဗြဟ္မဏအယူဝါဒဆိုင်ရာ ရုပ်တုများကို တွေ့ရှိခဲ့ရပေသည်။ ထိုအခြင်းအရာများကြောင့် ပျူမြို့ဟောင်းတွင် ဗုဒ္ဓအယူဝါဒ မတိုင်မီကာလအချိန်တွင် ဗြဟ္မဏအယူဝါဒတို့သည်လည်း ယုံကြည်စွာ ကိုးကွယ်မှုပြုခဲ့ကြောင်းကို မျက်မြင်တွေ့ရှိ နိုင်ပေသည်။ အခြားသော ရခိုင်နှင့် သထုံဒေသတို့တွင်လည်း ဗုဒ္ဓအယူဝါဒနှင့်အတူ ဗြဟ္မဏအယူဝါဒသည်လည်း ထွန်းကားခဲ့ပေလိမ့်မည်ဖြစ်သည်။ ယခုအခါတွင်တော့ ထိုရုပ်တုများက ရှေးအတိတ်ကာလမှ လူသားတို့၏ ကိုးကွယ်ယုံကြည်ကြမှုကို သက်သေခံလျက်ရှိပါတော့သည်။


နာရီတိုင်းမှာ ၅ မိနစ်စာ
တစ်နာရီ အတွင်း
၅ မိနစ် ထက်ကျော်သွားတဲ့
ဖုန်းပြောချိန်တိုင်းဟာ အခမဲ့ ပါ။
MPT
ရှေ့သို့လှမ်း ချီ မြန်မာပြည်
နာရီတိုင်းမှာ ငါးမိနစ်စာ ဆိုတဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ ?
MPT GSM/WCDMA ဖုန်းသုံးစွဲသူ အားလုံးကနေ MPT ဖုန်းတွေကို တစ်နာရီအတွင်းကြိုက်သလောက် ဆက်တိုက်ဖုန်း ပြောနိုင်ပြီး အများဆုံး ၅ မိနစ်ဖိုးပဲ ပေးရမှာလေ
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောရမှာလား ၁၀ မိနစ်လောက်ပဲ ပြောရင်ရော
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး။ ၁၀ မိနစ်ဆက်တိုက်ပြောရင်လည်း ၅ မိနစ်စာပဲ ပေးရပါမယ်၊ နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ် ၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၅ မိနစ်စာနဲ့ နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ပုံမှန်အတိုင်း ကျသင့်ပါမယ်
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲ ပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်း ၃ မိနစ်စာပဲပေါ့
တစ်နေ့မှ တစ်နာရီပဲ ပြောလို့ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီအတွင်းက လွဲပြီး ကျန်တဲ့ အချိန်တွေအားလုံးမှာ ကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ ရပါတယ်။
ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ခိုင်နှုန်းကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

PQI အသိအမှတ်ပြုစင်တာ
**ဦးသန့်ဇော်** B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
**LCCI I & II (၃)လပြတ်**
Sec (E): Thurs - Fri 9 - 11 am စပြီ
Sec (F): Mon to Wed 9 - 11 am (5 Sep 2016)

ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်
**NUS** စင်ကာပူအမျိုးသားတက္ကသိုလ် (GDip.SA) ဝင်ခွင့်သင်တန်း
ISS Institute of Systems Science
Graduate Dip: in Systems Analysis
Aug 2016 စပြီ။ (တန်းခွဲမရှိပါ)

စီးပွားရေးတက္ကသိုလ်
**Master of Banking and Finance**
**MBF** ဝင်ခွင့်
Aug 2016 စပြီ (ရုံးချိန်လွတ်)
GMAT, Reasoning & English သင်တန်း
ဘဏ်လုပ်ငန်း/ Accounting & Finance အတွေ့အကြုံရှိ
မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည် ။ ဝါရင့် ဆရာ / ဆရာမကြီးများသင်မည် ။

**ORION** Business School ●●● အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဒဂုံစင်တာအနီး)။ Call ; 09 5115997, 09 32358423



# GUSTO *International College*

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
***August Intake*** အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
(နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၆ ဩဂုတ်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

(09) 862 8806, (09) 789 888 222, (01) 504632

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။



**M.E.E.G** Masterpiece Engineering & Education Group
Construction Design Training & Service Center
1.Architectural Design 2.Structural Design 3.M&E Design

| | | | |
|---|---|---|---|
| AutoCAD | 3dsMAX | SketchUp | MicroStation |
| Revit | Etabs | Estimate | SolidWorks |

No.18/3D, Second Floor, U Tun Lin Chan St, Kamayut Ts, Yangon.
PH: 01512476, 0949294085, 0973145196 , 095140118



မြေညီရောင်း
12' x 40' မြေညီ+မှန်ခန်း
(ဘယ်/ညာ) မင်္ဂလာတောင်ညွန့်
တိုက်သစ် - (ပွဲစားမလို)
Ph: 09 - 452465517



**ခိုင်** (၈-၉-၁၀ အထူးစာသင်စာကျက်ဝိုင်းနှင့် ဆော်ဒါ)



**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



ဟန်းဂု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အပြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915



**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



**EPi**
Software ■ ၁ သိန်း
Hardware ■ ၁ သိန်း
ဖုန်းပြုပြင်နည်းသင်တန်း
Data 2000 GB ပေးမည်။ ကြိုတင်အပ်နှံသူများ 10% Discount ပေးမည်။
အမှတ်(၁၃၂)၊ ဒုထပ်(ဝဲ)၊ (၃၇)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 09 25 4040 200, 09 300 47 422



**KMD** Institute
Since 1986



Route to International Degree

SQA တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

# (HND) Higher National Diploma (SQA/UK)

- စာသင်ကာလ ၂ နှစ်ကြာမြင့်မည်ဖြစ်ပြီး တက်ရောက်အောင်မြင်ပါက Scottish Qualification Authority မှ ချီးမြှင့်သည့် Higher National Diploma ကို ရရှိမည်ဖြစ်ပါသည်။
- HND ရရှိပြီးပါက ပြည်တွင်းရှိ KMD Institute တွင်ဖြစ်စေ၊ USA, UK အစရှိသော နိုင်ငံများရှိ တက္ကသိုလ်ကြီးများတွင် ဖြစ်စေ နောက်ဆုံးနှစ် တစ်နှစ် တက်ရောက်ပြီး B.Sc(Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။
- International School မှ ကျောင်းသားသူများ IGCSE အောင်မြင်ပြီးသူများလည်း တက်ရောက်နိုင်ပါသည်။
- နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

UNIVERSITY of GREENWICH
B.Sc(Hons)BIT (Final Year)
SQA HND Diploma (Software Development)
SQA HND Diploma (Software Development)

Opening Date
25 August 2016
3:00 PM - 6:00 PM



Bringing British Education To You

HotLine 09770867903
KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895
www.facebook.com/KMDNCC
သင်တန်းကြေးကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

# CONGRATULATIONS UAB!

UAB
United Amara Bank

(၂၀၁၆)ခုနှစ်အတွက် စင်္ကာပူနိုင်ငံအခြေစိုက် Asian Banking & Finance (ABF)မှ ဇူလိုင်လ(၂၀)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်သော –



- **Myanmar Domestic Technology and Operations Bank of the Year**
- **The Most Improved Retail Bank of the Year - Myanmar**
- **Advertising Campaign of the Year - Myanmar**

စုစုပေါင်း ဆု(၃)ဆုအား **ယူနိုက်တက်အမရဘဏ်**မှ လက်ခံရရှိခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

- National Wood Industry Limited
- Ocean Harvest (Myanmar) Co.,Ltd
- OK (ဆန်၊ ဆန်စက်နှင့် ဆီရောင်းဝယ်ရေး)
- Peacock World Printing Co.,Ltd
- Sein Family Steel Trading Co.,Ltd
- Sein Gay Har Group
- Shine Construction Co.,Ltd, Shine Trading Co.,Ltd
- Taung Paw Thar Yee Shin Co.,Ltd
- Taw Win Aung Co.,Ltd
- Taw Win Family Co.,Ltd
- Tet Lan Group of Companies
- U Mg Mg Win (မြတ်သီတာပွဲရုံ၊ ဘုရင့်နောင်)
- U Moe Kyaw Thu (Managing Director- Shwe Nay Min Gyi Co.,Ltd)
- U Myint Naing (Asia Naing Enterprise Co.,Ltd and Shwe Phone Co.,Ltd)
- U Thant Zin Naing (Kaday Kyaw Construction Technology Co.,Ltd)
- U Zeya Thura Mon, Chairman/CEO ( Zeya & Associates Co.,Ltd )
- Yangon Crown Wire & Electric Cable Product Factory Co.,Ltd,Crown Advanced Construction Co.,Ltd
- Zawgyi Premier Co.,Ltd
- Zealous Star Co.,Ltd
- Ziwasoe Co.,Ltd, Treasure Link Co.,Ltd
- စံပြရွှေငါး (No.4, Jetty)
  U Ah War ဦးအာဝါး (Chairman)
  U Zaw Min Oo (Director)
- အောင်သမာဓိ ရွှေဆိုင်

## Asian Development Bank နှင့် United Amara Bank တို့ နှစ်ဦးသဘောတူ နိုင်ငံတကာဘဏ်လုပ်ငန်း မိတ်ဖက်ပူးပေါင်းခြင်း။

ADB ၏ Trade Finance Program (TFP)နှင့် United Amara Bank တို့နှစ်ဦးသဘောတူ နိုင်ငံတကာဘဏ်လုပ်ငန်း မိတ်ဖက်ပူးပေါင်းခြင်း(Trade Finance Partnership)လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၃)ရက်နေ့တွင် Sedona Hotel ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်၊ ဤမိတ်ဖက်ပူးပေါင်းမှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှုဆိုင်ရာငွေရေးကြေးရေးကူညီပေးရန်နှင့် မြန်မာပြည်၏စီးပွားရေးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်စေရန် UABနှင့် ADB တို့ ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၏ ပထမဆုံးခြေလှမ်းဖြစ်ပါသည်၊ ထို့အပြင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၄)သန်းအထိ ADB ၏အာမခံချက်ဖြင့် ပံ့ပိုးကူညီခွင့်ပြုလာနိုင်မည်ဖြစ်သည်။ ၎င်းလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဗဟိုဘဏ်ဒုဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ UAB ဘဏ်မှ Chairman ဦးနေအောင်၊ BOD အဖွဲ့ဝင် ဦးသန်းဝင်းဆွေ၊ CEO ဦးသိန်းလွင်၊ COO ဦးသန့်ဇင်နှင့် CBO ဒေါ်ကျော့ကေခိုင်စသည့် တာဝန်ရှိသူများ၊ ADB မှ Winfried Wicklein, Country Director, Myanmar Resident Mission နှင့် Janet Hyde, Relationship Manager, Trade Finance Program စသည့် ကိုယ်စားပြုသူများနှင့် ဖိတ်ကြားထားသော ဂုဏ်သရေရှိ ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ပါသည်။ ။



# မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ S-12 RSU အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် မန္တလေး S-12 အိတ်ချိန်း၏ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မန္တလေး (ZTE NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | မင်္ဂလာမန္တလေး<br>S-12 RSU(5) | ၀၂-၇၈××× | ၀၂-၂၈၄၈××× |
| ၂။ | မန္တလေးဆက်သွယ်ရေး ဧည့်ရိပ်သာ<br>S-12 RSU(6) | ၀၂-၇၄××× | ၀၂-၂၈၄၄××× |
| ၃။ | မဟာမြိုင်<br>S-12 RSU(2) နှင့် (7) | ၀၂-၆၂×××<br>၀၂-၇၇××× | ၀၂-၂၈၃၂×××<br>၀၂-၂၈၄၇××× |

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

# နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်း နံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | ဇေယျာသီရိမြို့နယ်<br>ပြည်စံအောင်<br>JSY-2000 | ၀၆၇-၇၅××× | ၀၆၇-၉၉၈၅××× |

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း




# Super Cool

**Air Con** ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)

(၁) မ/အုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) မန္တလေး -09-49252181, 09444042912
(၇) မရမ်းကုန်းမြို့နယ်၊ အထက်ပဲခူးလမ်း - 09-5079115,09 73066696
(၈) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ - 09-256223396, 09-47054581

**Hot Line : 01-706356**

မှတ်ချက် - Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီမှုရင်းဈေးအတိုင်း အာမခံဖြင့် ရောင်းချပေးနေပါသည်။

mazda

# BEAUTY & TECHNOLOGY

THE MAZDA6 2.0L EXECUTIVE SEDAN WITH SKYACTIV TECHNOLOGY

PRICE STARTING FROM USD 52,000






IMAGINATION DRIVES US

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made In JAPAN
3 YEARS MAZDA WARRANTY



အကောင်းဆုံး နံပါတ် (၁) MNZ ငွေရေစက် နှင့် လုံခြုံစိတ်အေးရစေမည့် MNZ မီးခံသေတ္တာ

လွန်ပြီးသော (၁၀) နှစ်မှပဲ ဝယ်ဝယ် ပြုတ်ကျပြီးပဲ ကွဲထားထား
တစ်ပြားမျှ မယူပဲ ဝန်ထမ်းပေါင်း (၂၀၀) ကျော်ဖြင့်
ဝန်ဆောင်မှုအပြည့် ပေးသောကြောင့်
သုံးစွဲသူများ တွက်ခြေကိုက် စိတ်အေးရသည့်
ငွေရေစက်မှာ MNZ တစ်မျိုးတည်းသာ ဖြစ်ပါသည်။

mnz® Bill Counter & Safe

World Class Product Award ရရှိထားပြီး
အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်၊ ရုရှား အစရှိသည့်
နိုင်ငံကြီးများမှ အရည်အသွေးထောက်ခံချက်
ရရှိထားသော ကမ္ဘာ့အဆင့်မီ
မီးခံသေတ္တာမှာ MNZ တစ်မျိုးတည်းသာ ဖြစ်ပါသည်။

ရန်ကုန် ၁၂၅ (ဇီ)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ယုဇနဟိုတယ်ရှေ့၊ 01-8603121
နေပြည်တော် (၁၀၁-စ)၊ မြေညီထပ်၊ Capital Hypermarket ၊ 09-73191094
မန္တလေး ၁၆၅၊ ၇၃လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေး။ 02-68771, 09-31495346

Distributed by URANUS COMPANY LIMITED

CALL NOW! 09.43198034

## FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ရန်ကုန်နှင့်နယ်လိုင်းစင် TAXI ကားနှင့် တခြားကားများကို အရစ်ကျ/ယာယီယူနိုင်ပါသည်

J&B
Ph: 09-73130202
ပါကေးခင်းခြင်း၊ လျှာထိုးခင်းခြင်း၊ ပေါလစ်တင်ခြင်း၊ ဆေးသုတ်ခြင်း၊ အခန်းဖွဲ့ခြင်း၊ ကြွေပြားကပ်ခြင်း၊ ...အလှမီးပိုင်း၊ စတီး၊ သံပန်း၊ ဆန်းရိုက်များDesign ဆွဲ၍ စေ့စေ့စပ်စပ်ချိုသာစွာဖြင့်ပြုလုပ်ပေးနေပါသည်။

heart Curtain, Sofa, Furniture
♥ ခန်းဆီးလိုက်ကာများကို အိမ်တိုင်ရာရောက်တိုင်းတာ တွက်ချက်၍တပ်ဆင်ပေးခြင်း
♥ ဆိုဖာခုံများကိုလက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးခြင်း
♥ KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
♥ ဆိုဖာခုံအဟောင်းများကိုပြန်၍ပြုပြင်ပေးခြင်း
No.38, ဇဗ္ဗုလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
Ph: 09-30066799, 09-257335855

## ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ချုပ်မောင်မောင်ဝင်း(ရေ/ငြိမ်း) ရေ-၃၀၂၁

**အသက်(၈၈)နှစ်**

**ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်(ရေ)(ငြိမ်း)**
**ဝန်ကြီး(ငြိမ်း) မွေး/ရေဝန်ကြီးဌာန**
**နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ သူရဲကောင်းမှတ်တမ်းဝင်**

ရန်ကုန်မြို့၊ ၅၁-လမ်းနေ (ဗိုလ်သုကာ ဦးပု၊ ဒေါ်မြ)တို့၏ သား၊ [ဦးထွန်းလင်း(ကုန်သည်)၊ ဒေါ်ဉ] (ကျိုက်ထော်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာနေ ဒေါ်မြစိန်၏ ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာဦးမျိုးဝင်း [ပါချုပ်(ငြိမ်း)၊ သွားဆေးတက္ကသိုလ်(ရန်ကုန်)]-ဒေါ်ချိုချိုဝင်း၊ (ဒေါ်ညိုညိုဝင်း TTC)၊ ဦးကိုကိုဝင်း-ဒေါ်ခက်ခက်ဝေ(ခေတ္တUSA)တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်အေးချမ်းကိုကို-မဆွေဇင်ဝင်း၊ မခင်သက်သက်(ခေတ္တUSA)တို့၏ ချစ်လှစွာသော အဘိုးသည် ၁၈-၈-၂၀၁၆(ကြာသပတေးနေ့) ည ၇း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၆(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ငွေဝတ်မှုံရိပ်သာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊
မေတ္တာဝါသီစံကျောင်း အမကြီး

## ဒေါ်မိမိ (၉၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းတဲကြီးအောက်ရွာနေ (ဦးကုလား-ဒေါ်ဖွား)တို့၏သမီး၊ အမှတ်(၃၃)၊ ဗျိုင်းရေအိုးစင်လမ်းနေ (ဦးဝင်းကြိုင်)၏ဇနီး၊ မေတ္တာရိပ်သာကျောင်းဆရာတော် ဦးသောဘိတာဘိဝံသ၊ ဘုန်းကြီး ဦးနာဂသေန၊ ဦးသူရိယတို့၏ ရဟန်းမယ်တော်ကြီး၊ (ဦးကုသလ)၊ (ဦးချစ်)၊ (ဦးသာထူး-ဒေါ်ချစ်တင်)တို့၏ညီမ၊ (ဦးရွှေလှိုင်)၊ ဒေါ်မြကျင်၊ (ဦးထွန်းရှိန်)၊ (ဦးခင်လှိုင်)၊ ဦးဝင်းကြည်၊ ဦးထွန်းရီ-(ဒေါ်သန်းသန်း)တို့၏အစ်မကြီး၊ (ဦးဝင်းဖေ)-ဒေါ်တင်တင်အေး၊ ဦးစိုးနိုင်-ဒေါ်ခင်ခင်မိုး၊ ဒေါ်ခင်စန်းလွင်၊ ဒေါ်ခင်ဝင်းကြူ၊ ဦးသန်းထွဋ်-ဒေါ်ခင်အေးကြူ၊ (ဦးစိုးဝင်း)-ဒေါ်ခင်အေးငြိမ်း၊ ဦးစံဇာဏီဘို-ဒေါ်ခင်ခင်ဌေး၊ ဒေါက်တာသိန်းဝင်း-ဒေါ်မီမီလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နုနု(နတ်မောက်) (၉၄)နှစ်

သုံးခွမြို့နေ ဦးဘိုးခိုင်-ဒေါ်ဒေါ်လှိုင်တို့၏သမီး၊ နတ်မောက်မြို့နေ ဦးဘခင်-ဒေါ်ခင်တုတ်တို့၏ သမီးချွေးမ၊ [ဦးသိန်းအေး (မန်နေဂျာ၊ စား/ဖျော်)]၏ဇနီး၊ အမှတ် (၇၀၄/B)၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုနေ ဦးကျော်ငြိမ်းဇော်-ဒေါ်ခင်သီတာအေး၊ ဒေါ်ခင်မာလာအေးတို့၏မိခင်၊ ဗိုလ်ကြီးထက်မြတ်သူ-အေးမြခွာညို၊ မင်းထင်စည် (K.B.Z)၊ သူရိန်၊ မင်းခန့်ကောင်းတို့၏ ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁း၂၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အမှတ် (၁၆)၊ (4-A)၊ အနော်ရထာလမ်း၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်း ဒေါ်ခင်မာလာအေး၏နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## လင်ခရောင်းခေါင်(ခ)
## ဦးခင်မောင်လှိုင် (၆၁)နှစ်

**ဥညြ-တေးသံသွင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ တိုက်အမှတ်(၇)၊ ပထမထပ်နေ (တရုတ်တိုင်းရင်းဆေးဆရာကြီး-ဦးလင်အိမ်တု-ဒေါ်ရီ)တို့၏သားလတ်၊ (ဦးစုထိုက်ငေါ်)-ဒေါ်ငယ်တို့၏သားသမက်၊ ဒေါ်အေးတင့်၏ခင်ပွန်း၊ မောင်မင်းသူ၏ဖခင်၊ (ဦးခင်မောင်အေး)-ဒေါ်နီလာလင်း (ဩစတြေးလျ)၊ (ဒေါ်တင်ရီ)၊ ဥညြ-ဦးမောင်မောင်-ဒေါ်မြမြဝင်းတို့၏ ညီ/မောင်၊ ဦးခင်မောင်ထွေး (ကျော်-ဓာတ်ပုံ)-ဒေါ်မွှေးမွှေး၊ ဒေါ်တင်အေး-ဦးဌေးအောင်၊ ဦးခင်မောင်လတ်-ဒေါ်လှဲ့လှဲ့ကျော် (MAB Bank)တို့၏ အစ်ကို ဦးခင်မောင်လှိုင်သည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ည ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
သက်ကြီးကန်တော့ခံ

## ဒေါ်ခင်ကြည်(လပွတ္တာမြို့)

**အသက်(၉၁)နှစ်**

လပွတ္တာမြို့နေ (ဦးတင်အောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဇော်-ဒေါ်မြမြကြည်တို့၏ မိခင်ကြီးသည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများအား လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (ပြည်မြန်မာသဲ၊ ကျောက်အရောင်းဒိုင် ငမိုးရိပ်တံတားလမ်း၊ အရှေ့ပိုင်းခရိုင် ဥပဒေရုံးဘေး ဒေါပုံမြို့နယ် နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးပြုံးချို (၈၇)နှစ်

**တပ်မတော်လေ(ငြိမ်း)**
**နွားထိုးကြီးမြို့နယ်အသင်းဝင်**

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဇီးတောကျေးရွာနေ (ဦးဖိုးညီ-ဒေါ်ပေါ်လှိုင်)တို့၏သား၊ (ဦးထွန်းဝင်း-ဒေါ်ငွေရီ)တို့၏သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ အိုးဘိုရပ်နေ ဦးတင်မောင်-ဒေါ်စောတင့်၊ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်နေ ဦးငြိမ်းမောင်-(ဒေါ်ကြည်ဌေး)တို့၏အစ်ကိုကြီး၊ ဒေါ်မှတ်တင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သန်း-ဒေါ်အေးအေးစန်း၊ ဦးဝင်းဇော်-ဒေါ်တင်တင်မြင့်၊ ဦးဇော်မြင့်(MOEE)-ဒေါ်ယဉ်ယဉ်နွယ်၊ မချိုချိုတင်တို့၏ ကျွေးသဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးပြုံးချိုသည် ၂၀-၈-၂၀၁၆ (စနေနေ့) နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။ ) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၆ (သောကြာနေ့) နံနက် ၆ နာရီမှ ၁၁နာရီထိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်စေတီလမ်း၊ အမှတ် (၈၃၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## Sheila @ ဒေါ်ခင်ခင်အေး

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၉၈)၊ လေးလွှာ(C)နေ (ဦးအောင်ဘွင့်-ဂ့ါဂျိုး)တို့၏ သမီး၊ [ဦးဝင်းကြိုင်(ဒုညွှန်မှူး၊ စာရင်းစစ်ချုပ်ရုံး-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်ဝင်း (Precious Stones)၊ (ဦးကျူဟန်)-ဒေါ်ခိုင်ခိုင်ဝင်း [2nd yr., (MACS)]၊ (ဦးအောင်ကြီး)-ဒေါ်သီသီဝင်း၊ ဦးနိုင်နိုင်ဝင်း (Bay Point Marine)-ဒေါ်စုစုလှိုင်တို့၏ ချစ်လှစွာသောမိခင်၊ Ang Kok Beng-မပွင့်ဖြူဟန်(စင်ကာပူ)၊ ကိုခင်မောင်လွင်(စင်ကာပူ)၊ ကိုဟန်စိန်(ProEm)၊ ကိုဟန်ဝေအောင် (Cathay United Bank)၊ Priscilla နေခြည်ဝင်း (နဝမတန်း-က၊ အထက-၁၊ တာမွေ)၊ James သက်နိုင်ဝင်း (Grade-3, English House၊ ပြင်ဦးလွင်)၊ Sharon ဆုပြည့်စုံဝင်းတို့၏ အဘွား၊ Issac Ang Wei Jei ၏ ဘွားဘွားကြီးသည် ၂၀-၈-၂၀၁၆ (စနေနေ့) နံနက် ၇း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်ဗိမာန်တော်၌ နောက်ဆုံးပြုအပ်သောဝတ်ကိုပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

# အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊
မေတ္တာဝါသီစံကျောင်း အမကြီး

## ဒေါ်မိမိ (၉၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းတဲကြီးအောက်ရွာနေ (ဦးကုလား-ဒေါ်ဖွား)တို့၏သမီး၊ အမှတ်(၃၃)၊ ဗျိုင်းရေအိုးစင်လမ်းနေ (ဦးဝင်းကြိုင်)၏ ဇနီး၊ မေတ္တာရိပ်သာကျောင်း ဆရာတော် ဦးသောဘိတာဘိဝံသ၊ ဘုန်းကြီး ဦးနာဂသေန၊ ဦးသူရိယတို့၏ ရဟန်းမယ်တော်ကြီး၊ ဒေါက်တာသန့်စင်-ဒေါ်တာသင်ဇာနိုင်၊ ကိုဉက္ကာ-မအေဗာ (USA)၊ ကိုတင်အောင်ဝင်း (MD, TITAN SOURCE Co., Ltd)-မနန်းအိဖြိုးစံ၊ ကိုကျော်ဖေတင်၊ကိုအမရသီဟ (NRPC)၊ ဒေါက်တာမောရဆုဇာ၊ မဆုနွယ်ဦးလှိုင် (HUAWEI Co., Ltd)၊ ကိုသီဟန်ထက်၊ ကိုဉာဏ်လင်းထက်၊ မအေးချမ်းမို့၊ ကိုဘုန်းမြတ်ပိုင်သိမ်းတို့၏အဘွား၊ မြစ်လေးယောက်တို့၏ ကျေးဇူးရှင်ဘွားဘွားကြီးသည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်(လပွတ္တာမြို့)

**အသက်(၉၁)နှစ်**

လပွတ္တာမြို့နေ(ဦးတင်အောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဇော်-ဒေါ်မြမြကြည်(အောင်ထိုက်တန်ဆားစက်)၊ ဦးမြင့်မော်-ဒေါ်မြင့်မြင့်ကြည်၊ ဦးဌေးမြင့်-ဒေါ်ခင်စန်းဝေ (အောင်ထိုက်တန်ဆားစက်)၊ ဦးဇော်ကြီး-ဒေါ်နွယ်နွယ်ရီ (ပြည်မြန်မာ သဲ၊ ကျောက် အရောင်းဒိုင်)၊ ဦးသန့်ဇော်-ဒေါ်ခင်မာကြူတို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်ကြည်သည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပြည်မြန်မာ သဲ၊ ကျောက်၊ အရောင်းဒိုင်၊ ငမိုးရိပ်တံတားလမ်း၊ အရှေ့ပိုင်းခရိုင် ဥပဒေရုံးဘေး၊ ဒေါပုံမြို့နယ် နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ပြုံးညွန့်

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၆၁)၊ ငါးလွှာ(စီ)နေ (ဦးစောလွင်)၏ဇနီး၊ အသင်းဝင်အမှတ် (၁၀၈၈)သည် ၁၉-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးရွှေသောင်း (၈၁)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့ဘိန်းကျေးရွာနေ (ဦးသာဟန်-ဒေါ်ငွေစိန်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ လှိုင်ရတနာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၈)နေ ဒေါ်ခင်ရွှေ၏ ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းယဉ်၊ ဦးမောင်မောင်သန်း-ဒေါ်တင်တင်လှ၊ ဦးမြင့်ချို(ဆ/မဖြည့်တင်းရေး)-ဒေါ်မိမိအောင်(ဆ/မဖြည့်တင်းရေး)၊ ဦးစိုးမြင့်-ဒေါ်ရီရီလွင်၊ ဦးမောင်မောင်ညွန့်-ဒေါ်ခိုင်ခိုင်ဝင်း(ရိုးမဘဏ်)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအုန်းမောင်(တောင်ငူ)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဝန်ထမ်းနှင့်ကယ်ဆယ်ရေးဝန်ကြီးဌာန**

**အသက်(၈၃)နှစ်**

တောင်ငူမြို့နေ (ဦးသန်းမောင်-ဒေါ်အုန်း)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးရွှေအောင်-ဒေါ်အေးကြူ)တို့၏သားသမက်၊ တိုက်(၁၆)၊ အခန်း(၃)၊ ကလောအိမ်ရာ၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အေးအေးဆွေ(အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်မှူးခိုင်အုန်း(ငြိမ်း)၏ဖခင်၊ မောင်ရဲမြတ်သူ၊ မအေးမြတ်သူတို့၏အဘိုး ဦးအုန်းမောင်သည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၆ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သံတွဲခရိုင်အသင်း(ရန်ကုန်)

## ဦးကံထွန်း(အပါကြီး) (ကင်းမော်/သံတွဲ) (၇၅)နှစ်

**လ/ထ စက်ရုံမှူး (ကုန်ထုတ်-ငြိမ်း)**
**အမှတ်-၁၊ ရေနံချက်စက်ရုံ (သန်လျင်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်၊ လမ်း(၁၆၀)၊ အမှတ်(၁၀)၊ ပထမထပ်နေ (ဦးရန်ကြီးအောင်-ဒေါ်တင်တင်)တို့၏ သား၊ (ဦးဟန်ကြီးအောင်-ဒေါ်တင်ရွှေ)၊ (ဦးအောင်သိန်း)-ဒေါ်တင်ရီ (အထပြ-ငြိမ်း)၊ ဦးသာဇံ-ဒေါ်တင်မြ (လယ်အုပ်-ငြိမ်း)တို့၏ မောင်၊ [ဒေါ်ပဂ္ဂိ(ခ)ဒေါ်သန်းသန်းနွယ်]၏ ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာကံညွန့် (မျက်စိအထူးကု)- တွဲ/ပါမောက္ခသမားတော်ကြီး ဒေါက်တာကြည်ကြည်ဌေး၊ ဦးအောင်ကျော်ဖေ-ပါမောက္ခဒေါက်တာဒေါ်ခင်ထွေး (ကလေးကျန်းမာရေး-ဆေး-၁၊ငြိမ်း)တို့၏အစ်ကို၊ သားသမီးငါးယောက်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၉-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ်-၁၀၊ ပထပ်၊ လမ်း(၁၆၀)၊ တာမွေနေအိမ်နှင့် အမှတ်-၁၄၊ သုခိတာလမ်း၊ ဘောက်ထော်ရန်ကင်း နေအိမ်တို့မှ ကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] အမှုဆောင်အဖွဲ့

သံတွဲခရိုင်အသင်း၊ ရန်ကုန်

## ဦးအေးလွင်(သစ်ချို) (၉၅)နှစ်

**သြဇာရိက သုခုမ**
**မြန်မာတိုင်းရင်းဆေးဆရာကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ သစ်ချိုကျေးရွာနေ (ဦးအောင်-ဒေါ်ငြိမ်း)တို့၏ သား၊ (ဦးခေမိန္ဒ)၊ (ဦးချစ်ကို-ဒေါ်သိန်းကြည်)၊ ဦးပေါက်-ဒေါ်ချစ်ပြည့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၉/မြောက်)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (ဂ/၁၁၁)နေ [ဒေါ်အေးလှိုင် (ခ)ဒေါ်လှိုင်]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဇင်-ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်ရီရီလွင်၊ ဦးဌေးတင့်-ဒေါ်မိမိခိုင်၊ (ဒေါ်သိဂီလွင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးကြီး၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၈-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အမှတ် (ဂ/၁၁၁)၊သုမင်္ဂလာလမ်း၊(၉/မြောက်) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြတ်ထွန်း(ဦးကိုကို)

**ကန့်ဘလူ**

**အသက်(၆၀)**

**မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်**
**(ဒိုင်လူကြီးဟောင်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် (၁၃၀/၃-က)နေ [ဗိုလ်မှူးထွန်းငြိမ်း-(ငြိမ်း) (အား/ကာ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ (မြန်မာနိုင်ငံကြက်ခြေနီအတွင်းရေးမှူး-ငြိမ်း)-ဒေါ်ခင်တင့်(ကန့်ဘလူ)]တို့၏ သားကြီး၊ ဗိုလ်ကြီးအုန်းမောင်(ငြိမ်း)-(ဒေါ်ပုလဲမြ)တို့၏သားသမက်၊ ဒေါ်ဆိုဖီအုန်း၏ ချစ်လှစွာသောခင်ပွန်း၊ မနန္ဒာမောင်၏ ဖခင်၊ ဦးဝင်းထွန်း၊ ဦးချိုချိုထွန်းငြိမ်း၊ (ဦးမောင်မောင်ခန့်)-ဒေါ်ဝင်းကြည်၊ ဦးညီညီလွင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်)-ဒေါ်သန္တာမောင် (အားကစားမှူး၊ အား/ကာသိပ္ပံ-ရန်ကုန်)တို့၏ အစ်ကိုကြီး၊ မောင်စိုးမိုးပိုင်၊ မောင်ကောင်းမြတ်မောင်တို့၏ဘကြီးသည် ၁၉-၈-၂၀၁၆ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှမြင့်ဦး (Walter)

**LL.B (တရားရုံးချုပ်ရှေ့နေ)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ထ(၁၆)ရပ်ကွက်၊ သီတာ (၁)လမ်း၊ အမှတ်(၈၅၈)နေ (ဦးအောင်ကြည်)-ဒေါ်အေးအေးတို့၏သား၊ ဒေါ်ခင်သိန်းမြင့်၏ခင်ပွန်း၊ ကိုသွင်ထူးအောင်(ခ)ထူးခြား-မခိုင်ဦးတင့်၊ မဝေဝေနှင်း(ခ)မမြတ်သက်နှင်း၊ ဒေါက်တာအောင်ကိုဇော်(ခ)မင်းတော်ဝင်တို့၏ ဖခင်သည် ၂၀-၈-၂၀၁၆ (စနေနေ့) နံနက် ၀၀း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးယမင်းအောင်(မန္တလေး)

**အသက် (၅၈)နှစ်**

မန္တလေးမြို့၊ သဘော်တန်းရပ်၊ (၂၆-ဘီ)လမ်းနေ စိန်ဒေါင်းပျံ (ဦးစံသိန်း-ဒေါ်နှင်းရွှေ)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလုံလမ်းနေ ရတနာကုန်သည် (ဦးကျော်ဝင်း)-ဒေါ်ခင်လေးကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေရတနာလမ်း၊ ခြံအမှတ်(၁၈/D2)နေ ဒေါ်ခင်ခင်ဟန်(ခ)မချိုချို၏ ခင်ပွန်း၊ မကေသီ (ခေတ္တ-ဂျပန်)၊ မောင်အောင်သူ (အထက်တန်းရှေ့နေ)တို့၏ချစ်လှစွာသော ဖခင်၊ မန္တလေးမြို့နေ ဒေါ်ခင်မြင့်ကြည်-(ဦးမြင့်ဆွေ)၊ (ဦးသန်းမြင့်)-ဒေါ်ခင်နုရီ၊ ဒေါ်ညွှန့်ညွှန့်စိန်(လယ်/ဆည်-ငြိမ်း)၊ (ဒေါ်တင်တင်စန်း)-ဦးတင်မောင်မြင့်၊ ဒေါ်သန်းသန်း၊ ဒေါ်ဝင်းမိုးအေးတို့၏ ညီ/မောင်၊ တူ/တူမ ၁၄ ယောက်တို့၏ ဦးလေးသည် ၁၉-၈-၂၀၁၆ ရက် နံနက် ၆း၃၀ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မရမ်းကုန်းမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မမေမြတ်ထွန်း (၂၇)နှစ်

**ရန်ကုန်မြို့**

စစ်တွေမြို့နေ (ဦးသာဇံ)-ဒေါ်ကျော့ရင်၊ လားရှိုးမြို့နေ (ဦးရွှေလှံ့ချိန်)-ဒေါ်ရွှေကြာတို့၏မြေး၊ ဗိုလ်ကြီးကြီးမြင့်(ငြိမ်း)-ဒေါ်နန်းမြတ်စံပယ်တို့၏ ချစ်လှစွာသောသမီးကြီး၊ မောင်စိုင်းသီဟထွန်း၊ မနန်းခင်လပြည့် (ILBC)တို့၏ အစ်မ မမေမြတ်ထွန်းသည် ၁၉-၈-၂၀၁၆ရက် ည ၇း၁၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တိုက် ၂၀၊ ပထမထပ်၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းမီးပွိုင့်အနီး နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး

## ဒေါ်ကြင် (ကျောက်တန်း) (၉၁)နှစ်

သန်လျင်မြို့၊ မင်းကျောင်း၊ ပထမပြန်စာသင်တိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ မယ်တော်၊ ကျောက်တန်းမြို့နယ် ဘော်ဂလွတ်ကျေးရွာနေ ဦးဝင်းမောင်-ဒေါ်ခင်တင့်၊ ဦးဝင်းမြင့်-ဒေါ်မြင့်သိန်း၊ ဦးတင်ငွေ-ဒေါ်အေးသန်း၊ (ဦးဝင်းထွန်း-ဒေါ်ခင်ရီ)တို့၏ မွေးသမိခင်ကျေးဇူးရှင် မယ်တော်ကြီး ဒေါ်ကြင်သည် ၁၉-၈-၂၀၁၆ (သောကြာနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်တန်းမြို့နယ်၊ ဘော်ဂလွတ်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကျော်မင်း(ရေ/ငြိမ်း) ရေ-၃၂၄၈ OTS.33

**ရေကြောင်းမှူးချုပ်(ငြိမ်း)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း**

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီ(၃)လမ်း၊ အမှတ်(၄၇)နေ (ဒေါက်တာဦးမောင်မောင်-ဒေါ်စောလှ)တို့၏ သား၊ (ဦးဘမော်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဗိုလ်မှူးကြီးအေးကျော်)-ဒေါ်ခင်ဆွေအေး၊ (ဒေါက်တာဦးကျော်ဝင်း-ဒေါ်ခင်အေးကြွယ်)၊ (ဒေါက်တာဦးမြ-ဒေါ်မြမြ)တို့၏ညီ/မောင်၊ ဒေါ်ခင်သန်းရီ၏ခင်ပွန်း၊ ဦးမျိုးသန့်မင်း-ဒေါ်ညိုညိုခင်၊ ဒေါ်သန္တာမင်း (အထက-၂၊ ဒဂုံ)၊ ဦးမောင်မောင်စိုး (C/E PIL)-ဒေါ်ခိုင်မျိုးမြင့်တို့၏ဖခင်၊ ဒေါက်တာဝင့်ပြည့်စိုး၊ မောင်လင်းခန့်စိုး၊ မောင်အောင်မြင့်မြတ်၊ မအိရွှေစင်သန့်၊ မောင်ပြည့်စုံတို့၏အဘိုးသည် ၂၀-၈-၂၀၁၆ရက် နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်သိန်း (ဦးစီးအရာရှိ-ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၈)နေ (ဦးသိန်းမောင်-ဒေါ်တင့်) တို့၏သား၊ ဒေါ်ကြည်ကြည်မြင့် (ထ/ပြ-ငြိမ်း)၏မောင်၊ (ဦးစိုးတင့်)-ဒေါ်တင်မြင့်တို့၏ ညီ/မောင်၊ ဒေါ်တင်တင်ကြည်(လယ်ပြ၊ အလက-၅၊ လှိုင်)၊ ဦးအေးကို-ဒေါ်စိမ့်စိမ့်အောင်၊ (ဦးမြင့်ဝင်း)-ဒေါ်အေးမြတ်သူ၊ ဦးသက်နိုင်-ဒေါ်စန်းစန်းတင့်၊ Dr. ရင်ရင်ကြည် [လ/ထ ကထိက၊ IR ဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ဦးလေး၊ ဦးပြည့်ဖြိုးအောင် (စမ်းချောင်း ထွေ/အုပ်)၊ ဦးထက်အောင်ကျော်၊ ဒေါ်နှင်းစုဝေ၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၆(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သိန်း(ခ)
## ဒေါ်သိန်းသိန်းအေး (၆၉)နှစ်

**မြန်မာ့သစ်လုပ်ငန်း၊ငွေစာရင်းဌာန(ငြိမ်း)**
**ဘီလူးကျွန်း၊ ကွမ်လှာကျေးရွာ**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာနေ (ဦးသင်းငွေ-ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ (ဦးယုဟုတ်-ဒေါ်ကျင်ငွေ)တို့၏ သမီးချွေးမ၊ (ဦးခင်ငြိမ်း)၊ ဒေါ်စန်းမြင့်၊ (ဦးပါပြုံး-ဒေါ်သိန်းညွန့်)၊ (ဦးမောင်ရွှေ-ဒေါ်သိန်းဒွေး)၊ (ဦးခင်မောင်-ဒေါ်လှသိန်း)၊ ဦးအောင်သိန်း - ဒေါ်တင်လှတို့၏ အစ်မကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၇၃၀)၊ ပုန်းညက်လမ်း၊ (၄၁) ရပ်ကွက်နေ ဦးတင်ရွှေ(ခ)ဦးကြံဆန်း (သစ်လုပ်ငန်း-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ (ဦးအောင်သိန်းဦး)-ဒေါ်လှလှမြတ်၊ ဦးလှမျိုးဦး၊ ဦးအောင်သန်းဦး-ဒေါ်မာမာဦးတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်သိန်း(ခ)ဒေါ်သိန်းသိန်းအေးသည် ၂၀-၈-၂၀၁၆ (စနေနေ့) နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်နွယ် (၅၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်(၅)၊ အမှတ်(၅၆၃/က)နေ ဗိုလ်မှူးလှသွင် (ငြိမ်း)-ဒေါ်ယဉ်ယဉ်နွဲ့တို့၏သားသမက်၊ ဒေါ်သွင်မေဦး (ခ) အန်တီရှမ်း၏ ခင်ပွန်း၊ ဗိုလ်မှူးမောင်မောင်(ငြိမ်း)၊ လှိုင်စစ်မှုထမ်းဟောင်း၏ညီ၊ (ဦးမြင့်သိန်း)-ဒေါ်တင်တင်ဌေးတို့၏ ညီ/မောင်၊ (ဦးဇော်သွင်ထူး)၊ ဒေါ်သွင်မေကြည် [မြို့ပြမြေယာဌာန Y.C.D.C]၊ ဦးကျော်အေး [အုပ်ချုပ်ရေးမှူး၊ လမ်းမတော်မြို့နယ် Y.C.D.C]၊ ဒေါ်နီနီယဉ် [ဌာနစုမှူး ဘတ်ဂျက်နှင့် ငွေစာရင်းဌာန Y.C.D.C]တို့၏အစ်ကို၊ မောင်ရန်မျိုးနိုင် (2nd Year, Physics)၊ မောင်ရဲမင်းနိုင် (3rd Year, English)တို့၏ ဖခင်သည် ၂၀-၈-၂၀၁၆ ရက် နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးယမင်းအောင်(မန္တလေး)

**အသက် (၅၈)နှစ်**

မန္တလေးမြို့၊ သဘော်တန်းရပ်၊ (၂၆-ဘီ)လမ်းနေ စိန်ဒေါင်းပျံ (ဦးစံသိန်း-ဒေါ်နှင်းရွှေ)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလုံလမ်းနေ ရတနာကုန်သည် (ဦးကျော်ဝင်း)-ဒေါ်ခင်လေးကြည်တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေရတနာလမ်း၊ ခြံအမှတ်(၁၈/D2)နေ ဒေါ်ခင်ခင်ဟန်(ခ)မချိုချို ၏ခင်ပွန်း၊ မကေသီ (ခေတ္တ-ဂျပန်)၊ မောင်အောင်သူ (အထက်တန်းရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်၊ ဦးသန်းဆွေ-ဒေါ်စန်းစန်းနွဲ့၊ ဦးနေဝင်း၊ ဒုဗိုလ်မှူးကြီးဝင်းမြင့် (ဆေး-ငြိမ်း)-ဒေါ်ဝင်းဝင်းမေ၊ ဦးဝင်းမြင့် [အတွင်းရေးမှူး/ရွှေလုပ်ငန်းရှင်များ (ရန်ကုန်)]-ဒေါ်မာလာ(အထက-၂-ဒဂုံ၊ ငြိမ်း)၊ ဗိုလ်မှူးကြီးငွေထွန်း(ရေ-ငြိမ်း)-ဒေါ်အေးအေးကြူ (အထက-၂၊ ဒဂုံ-ငြိမ်း)၊ Capt.ဦးဝဏ္ဏ-ဒေါ်နှင်းဆီတို့၏ ညီ/မောင်/အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေးသည် ၁၉-၈-၂၀၁၆ ရက် နံနက် ၆း၃၀ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မရမ်းကုန်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်နွယ် (၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်နေ ဗိုလ်မှူးမောင်မောင်(ငြိမ်း)(လှိုင်မြို့နယ်စစ်မှုထမ်းဟောင်း)၏ ညီ၊ ဒေါ်ရီရီ ၏ မောင်၊ ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်းမြို့၊ ရွှေပြည်အေးကျေးရွာနေ ဦးတင်ငွေ-(ဒေါ်သိန်းတင်)တို့၏သားကြီး၊ ဦးမျိုးဆွေ-ဒေါ်ခင်ရီထွေး၊ ဦးအေးသောင်းနိုင်-ဒေါ်တင်တင်ယု၊ (ဦးဇော်ထွန်း-ဒေါ်ရွှေနှင်း)၊ ဦးညီညီအောင်-ဒေါ်အေးအေးမာ၊ ဒေါ်လှသီတာ (အထက်တန်းပြ၊ အထက-၂၊ ဒဂုံမြို့မကျောင်း)တို့၏အစ်ကိုကြီးသည် ၂၀-၈-၂၀၁၆ ရက် နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု




MNL ချန်ပီယံ ရတနာပုံအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

# (၄)ကြိမ်မြောက် MNL ချန်ပီယံဆု ရတနာပုံအသင်း ဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၂၀**
၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၂) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ချန်ပီယံရတနာပုံအသင်း ဆုဖလားလက်ခံရယူကာ ရန်ကုန်အသင်း ဒုတိယရခဲ့ပြီး Southern အသင်းမှာ Horizon နှင့်အတူ တန်းဆင်းခဲ့ရသည်။

(မန္တလာသီရိကွင်း)
ရတနာပုံ - ငါးဂိုး
ချင်းယူနိုက်တက်- ဂိုးမရှိ

(၄)ကြိမ်မြောက် MNL အမှတ်ပေးချန်ပီယံ ရတနာပုံ အသင်းသည် ရာသီပိတ်နောက်ဆုံးပွဲတွင် အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် အိမ်ကွင်း၌ နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့ကြပြီး ဂိုးသွင်းဘုရင်ဆုအတွက် တိုက်စစ်မှူးများ ဂိုးအပြိုင်အဆိုင်သွင်းခဲ့ကြသည်။ ယခုပွဲမှာ ဗထူးကွင်း၌ ကျင်းပရမည့်ပွဲဖြစ်သော်လည်း မန္တလေးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗထူးကွင်းအတွင်း ရေကြီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် မန္တလာသီရိကွင်းသို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံးအတွက် အမှတ်မလိုတော့သော်လည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မိုးရွာသွန်းနေမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲအစ နှစ်မိနစ်တွင် အောင်သူက ထောင့်ကန်ဘောကို စာမျက်နှာ ၉ ကော်လံ ၃ သို့ ❐

## မထသ ၃၁ ယာဉ်လိုင်းမှ အဲကွန်းယာဉ်များ လမ်းကြောင်းတိုးချဲ့ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၂၀** - မထသ ၃၁ ယာဉ်လိုင်းတွင်ရှိသော Air Con Bus ယာဉ်များဖြင့် အလုံ၊ ကြည့်မြင်တိုင်ဘက် လမ်းကြောသို့ လမ်းကြောင်းတိုးချဲ့ ပြေးဆွဲလျက်ရှိကြောင်း ၎င်းယာဉ်လိုင်းမှ သိရသည်။

အဆိုပါယာဉ်လိုင်းရှိ လက်ရှိသုံးစွဲနေသောယာဉ်များအနက် အချို့ကို အဆင့်မြှင့်တင်မှုများပြုလုပ်ကာ Air Con Bus များအဖြစ် ဝန်ဆောင်မှုပေး၍ လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးခြင်းလည်းဖြစ်သည်။ "လောလောဆယ်တော့ Air Con Bus ၁၂ စီးရှိတယ်။ အဲဒီ အဲကွန်းကားတွေပဲ လမ်းကြောင်းတိုးချဲ့တာပါ။ ကျန်တဲ့ကားတွေကတော့ နဂိုအတိုင်းပါပဲ"ဟု ၎င်းယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုယာဉ်လိုင်းသည် တောင်ဥက္ကလာ(ဘေလီ) ဂိတ်ရင်းမှ ပဒေသာလမ်းဆုံ-ရတနာဈေး-ကျောက်ကုန်း လမ်းဆုံ-တာမွေ အဝိုင်းလေး-တာမွေဈေး-ကျောက်မြောင်းဈေး-ယုဇနပလာဇာတို့မှဖြတ်သန်းကာ ပုဇွန်တောင် လမ်း(၅၀)မှ အနော်ရထာလမ်းအတိုင်း ဘုန်းကြီးလမ်း(စံပြ) ဂိတ်ဖျားဘက်သို့ပြေးဆွဲပြီး အပြန်တွင် စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

**မိုးရွာသွန်းမှု**

| | |
|---|---|
| မိုးမိတ် | ၅ ဒသမ ၄၇ လက်မ |
| တကောင်း | ၅ ဒသမ ၀၈ လက်မ |
| မိုင်းဆတ် | ၃ ဒသမ ၅၈ လက်မ |
| ပြင်ဦးလွင် | ၂ ဒသမ ၃၂ လက်မ |
| မိုးကုတ် | ၂ ဒသမ ၀၀ လက်မ |

